# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက် | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၁၂၇)


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားရေး ပြန်လည်တိုးတက်ကောင်းမွန်ရေးဆိုင်ရာများဆွေးနွေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားရေး ပြန်လည်တိုးတက်ကောင်းမွန်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

သတင်းစဉ်

နေပြည်တော် ဖေဖော်ဝါရီ ၃

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၊ ၄ရွှေဝါခန်းမ၌ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဖဒိုမန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာ မောင်မောင်လေး၊ ဦးဝေဖြိုး၊ ဦးသောင်းတင်၊ ဦးလှမောင်ရွှေ၊ အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများ ဖြစ်ကြသည့် ဦးမျိုးသန့်၊ ဒေါ်ခိုင်ခိုင်နွယ်၊ ဒေါက်တာ အောင်သိန်း၊ ဦးကျော်ဒေဝ၊ ဦးအေးထွန်း၊ ဦးအောင်စိုးသာနှင့် ဒေါက်တာဝင်းစည်သူ၊ ဘဏ္ဍာရေးမှူး ဦးမြဟန်၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးဆန်းလင်း၊ အကျိုးဆောင်စာရင်းစစ် ဦးနှင်းဦး၊

*စာမျက်နှာ ၃ ကော်လံ ၁ ➜*

## ပြင်သစ်နိုင်ငံတွင် အသက် ၆၅ နှစ်အထက် ပြည်သူများ အက်စ်ထရာဇနီကာ ကာကွယ်ဆေးရရှိမည် မဟုတ်

နိုင်ငံတကာရေးရာ စာ ၁၄

## မြန်မာ့မီးရထားမှ ယာယီရပ်နားထားသော ခရီးဝေးရထား၊ မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများ ပြန်လည်ပြေးဆွဲမည်

ပြည်တွင်းသတင်း စာ ၂၅




မြန်မာ့အလင်း

## မူးယစ်ဆေး သယ်ဆောင်ရောင်းဝယ်မှုများကို အရှိန်အဟုန်မြှင့်၍ တားဆီးနှိမ်နင်း

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်းရှိ ပူးပေါင်းစစ်ဆေးရေးစခန်းတစ်ခုတွင် ညအချိန်ဖြတ်သန်းသွားလာသည့် ယာဉ်တစ်စီးကို စစ်ဆေးရာမှ အစပြု၍ သန်းနှင့်ချီသည့် အရေအတွက်ရှိသော စိတ်ကြွရူးသွပ်ဆေးပြားများကို ဖမ်းဆီးရမိခဲ့သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ အစပြုကာ ရန်ကုန်သို့လည်းကောင်း၊ ရန်ကုန်မှတစ်ဆင့် ရခိုင်ပြည်နယ်သို့လည်းကောင်း အဆင့်ဆင့်သယ်ဆောင်လာသည့် အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ၏ တန်ဖိုးမှာ ကျပ် ၇ ဒသမ ၅၉ ဘီလီယံကျော်ရှိရာ လွန်စွာများပြားလှသည့် ပမာဏပင်ဖြစ်သည်။

မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းတို့သည် မြန်မာနိုင်ငံ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများတွင် အပါအဝင်ဖြစ်သည်။ ကမ္ဘာ့ဘိန်းစိုက်ဧရိယာ၏ ၂၀ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံတွင်ရှိပြီး ကမ္ဘာ့ဘိန်းထုတ်လုပ်မှု၏ ၁၄ ရာခိုင်နှုန်းကို ထုတ်လုပ်နေသည်။ ထို့အပြင် စိတ်ကြွရူးသွပ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများကို အဓိက ထုတ်လုပ်သော နိုင်ငံကြီးနှစ်နိုင်ငံအကြားတွင် နယ်နိမိတ်ထိစပ်နေခြင်း၊ နိုင်ငံတကာ မူးယစ်ဆေးဝါးဈေးကွက်ကြီးဖြစ်သည့် အရှေ့နှင့်အရှေ့တောင်အာရှဒေသအတွင်း တည်ရှိနေခြင်း၊ တောင်အာရှမူးယစ်ဆေးဝါးဈေးကွက်နှင့်လည်း ဆက်စပ်နေခြင်းတို့က မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာကို ပိုမိုကြီးမားနက်ရှိုင်း ရှုပ်ထွေးစေသည်။ မူးယစ်ဆေးဝါးလုပ်ငန်းသည် အကျိုးအမြတ်များပြားလှသော လုပ်ငန်းဖြစ်သည့်အလျောက် နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ အကျင့်ပျက်ဝန်ထမ်းများ ပါဝင်ပတ်သက်နေကြပြီး အကျိုးဆက်အဖြစ် နိုင်ငံသူနိုင်ငံသားများ၏ ကိုယ်ကျင့်တရားနှင့် လူ့အဖွဲ့အစည်း၏ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာတို့ကို ထိခိုက်ပျက်စီးစေသည့်အပြင် နိုင်ငံ၏လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုလည်း ဆိုးရွားစွာ ထိခိုက်စေသည်။

မူးယစ်ဆေးဝါး အစပြုထုတ်လုပ်ရာ နေရာများသည် လက်နက်ကိုင်အဖွဲ့အစည်းများ စိုးမိုးထားသည့်ဒေသများ၊ တရားဥပဒေစိုးမိုးရေး လက်လှမ်းမမီသည့်ဒေသများတွင် တည်ရှိသည့်အလျောက် ထိထိရောက်ရောက်နှိမ်နင်းရန် မလွယ်ကူသည့် အခြေအနေတွင်ရှိသည်။ ထို့အပြင် ဒေသခံဆင်းရဲသားများအဖို့ စားဝတ်နေရေး လိုအပ်ချက်အရ ပါဝင်ပတ်သက်နေရသည့် အနေအထားတွင်လည်းရှိရာ ဆင်းရဲမွဲတေမှု လျော့နည်းပပျောက်ရေးကိုပါ တစ်ပါတည်း ဆောင်ရွက်ပေးရန် လိုအပ်နေသည်။ ဘိန်းစိုက်ပျိုးခြင်းအပါအဝင် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော လုပ်ငန်းများတွင် မှီခိုနေရသူများအတွက် လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးတို့ကို လက်တွေ့ကျကျဖော်ဆောင်ပေးရန် လိုအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာများတွင် ဘိန်းစိုက်ပျိုးခြင်းနှင့် ဘိန်းဖြူထုတ်လုပ်ခြင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများထုတ်လုပ်ခြင်းနှင့် သယ်ဆောင်ရောင်းဝယ်ခြင်း၊ ပရီကာဆာခေါ် အစပျိုးဓာတုပစ္စည်းများ နယ်စပ်ဖြတ်ကျော် သယ်ဆောင်ခြင်း၊ ပြည်တွင်း၌ မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲခြင်းနှင့် နောက်ဆက်တွဲအန္တရာယ်များ ပါဝင်သည်။ မူးယစ်ဆေးဝါးထုတ်လုပ်မှုများကို တိုက်ဖျက်နှိမ်နင်းရာတွင် အခက်အခဲများ၊ အကန့်အသတ်များ ရှိနေသော်လည်း သယ်ယူပို့ဆောင်သည့် လမ်းကြောင်းကြီးများတွင် တားဆီးပိတ်ဆို့ ဖမ်းဆီးမှုများကိုမူ ကွက်ပြည့်နင်းကာ စဉ်ဆက်မပြတ် ထိထိရောက်ရောက် ဆောင်ရွက်သွားရန် လိုအပ်မည်ဟု ရှုမြင်မိသည်။ နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာသည်နှင့်အမျှ အဝေးပြေးလမ်းမကြီးများသာမက အခြားလမ်းအသွယ်သွယ်တို့မှလည်း သယ်ဆောင်နိုင်သည်ဖြစ်ရာ အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုတို့ကိုလည်း မထိခိုက်စေသော ခေတ်မီနည်းပညာစက်ကိရိယာတို့၏ အကူအညီဖြင့် နိုင်ငံတစ်ဝန်းမြောက်မှတောင်သို့၊ အရှေ့မှအနောက်သို့ ဖြတ်သန်းသယ်ဆောင်နေကြသော မူးယစ်ဆေးဝါး ပမာဏများစွာတို့ကို ဖော်ထုတ်အရေးယူကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၅) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။

### ညအပူချိန်များ အနည်းငယ် တိုးလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ မိုး/ဇလ




**ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းလျှင် ခွန်အား ပြည်ထောင်စု၏ နှလုံးသား။**

**တစ်မြေတည်းနေ တစ်ရေတည်းသုံး ဒို့အားလုံးသည် ပြည်ထောင်စုသား သွေးချင်းများ။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၅ ရက်တွင် ဆက်လက်တင်ဆက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံ (ရေဒီယို)တွင် ထင်ရှားကျော်ကြားခဲ့သော တေးသီချင်းများအနက်မှ ၇၅ ပုဒ်ကို ရွေးချယ်ပြီး အပတ်စဉ်သောကြာနေ့တိုင်း MRTV ၏ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက် ညတွင် ပွဲစဉ် (၉)ကို ဆက်လက်ဖျော်ဖြေတင်ဆက်မည် ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဂီတမှူး စန္ဒရား မောင်လှအေး တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် ကိုအေးသန်း၊ ကေတုဝင်းထွတ်၊ တက္ကသိုလ်ကိုကိုဇော်၊ ချိုမာလေး၊ ခင်ခင်၊ မေသက်ထားဆွေနှင့် ခင်ပိုးပန်းချီတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ယင်းတင်ဆက်မှုကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားရေး ပြန်လည်တိုးတက်ကောင်းမွန်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။ သတင်းစဉ်

❏ **တပ်မတော်အနေဖြင့် အခြေအနေအမျိုးမျိုးကို ကြုံကြုံခံပြီး ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယခုကဲ့သို့ တာဝန်ယူခဲ့ရခြင်းဖြစ်ကြောင်း၊ သို့သော် ဒီမိုကရေစီလမ်းကြောင်းကနေ သွေဖည်ခြင်းမရှိဘဲ၊ ပုံမှန်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံဆောင်ရွက်နေသည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း၊ နိုင်ငံတကာကျင့်ဝတ်များနှင့်ပတ်သက်ပြီးလည်း ရပ်ဆိုင်းခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်နေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုဆက်လက်ပြီး ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲစာရင်းမှားယွင်းမှုများကို ဖော်ထုတ်ကာ ရလဒ်အပေါ်မူတည်၍ တာဝန်ရှိသူများကို ရွေးကောက်ပွဲဥပဒေအရ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း**

❍ *ရွှေ့ဖုံးမှ*

အကျိုးဆောင်တွဲဖက်စာရင်းစစ် ဒေါက်တာတင်လတ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်၊ မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဝင်းမြင့်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသတိုးဟိန်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်မျိုးမင်းဒင်တို့ တက်ရောက်ကြသည်။

**မိတ်ဆက်ပေး**

ရှေးဦးစွာ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်းက တွေ့ဆုံပွဲသို့ တက်ရောက်လာသည့်အသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။

**ကန့်သတ်ပိတ်ပင်ထားမှုမရှိ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ယခုတက်ရောက်လာကြသူများ အားလုံးသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆောက်လုပ်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ကိုယ်စားပြုသူများဖြစ်ကြောင်း၊ ယခုအချိန်တွင် မိမိတို့အနေဖြင့် တိုင်းပြည်၏ အခြေအနေအရပ်ရပ်ကြောင့် ယာယီတာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် စနစ်တကျဖြစ်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်မည်ဟု ကြေညာထားခြင်းဖြစ်ကြောင်း၊ ယခုအရေးပေါ်ကာလအတွင်း ပုံမှန်လုပ်ဆောင်နေသည့် လုပ်ငန်းများ ဆောင်ရွက်နေမှုများအား ကန့်သတ်ပိတ်ပင်ထားမှုမရှိကြောင်း၊ ယခုအချိန်အထိ တစ်ကမ္ဘာလုံးတွင် COVID-19 ရောဂါကူးစက်မှု ၁၀၄ သန်းကျော်၊ မိမိတို့နိုင်ငံတွင် ကူးစက်မှု ၁၄၀၀၀၀ ကျော်ရှိပြီဖြစ်ပြီး သေဆုံးသူ ၃၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း၊ မိမိတို့မသိနိုင်သည့် ကူးစက်နေမှုများလည်းရှိနိုင်ကြောင်း၊ ထို့ကြောင့် COVID-19 ရောဂါ ကူးစက်မှုအပေါ် ပညာပေးခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကာကွယ်မှုများကို ဆောင်ရွက်ရာတွင် COVID-19 ရောဂါ ပြန့်ပွားမှုအား ထိန်းချုပ်နိုင်ရေးအတွက် အရှိန်ပြင်းပြင်းနှင့် ထိရောက်စွာ ထိန်းချုပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**လွှဲပြောင်းပေးရမည်ဖြစ်**

ထိုသို့ဆောင်ရွက်ချိန်တွင် စီးပွားရေးလုပ်ငန်းများ၊ ပုံမှန်လုပ်ငန်းများကို မထိခိုက်ရန်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ COVID -19 ရောဂါကာကွယ်ရေးလုပ်ငန်းများတွင်လည်း တပ်မတော်မှ များစွာပါဝင် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် အခြေအနေအမျိုးမျိုးကို ကြုံကြုံခံပြီး ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယခုကဲ့သို့ တာဝန်ယူခဲ့ရခြင်းဖြစ်ကြောင်း၊ သို့သော် ဒီမိုကရေစီ လမ်းကြောင်းကနေ သွေဖည်ခြင်းမရှိဘဲ၊ ပုံမှန်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံဆောင်ရွက်နေသည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း၊ နိုင်ငံတကာကျင့်ဝတ်များနှင့် ပတ်သက်ပြီးလည်း ရပ်ဆိုင်းခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်နေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခု ဆက်လက်ပြီး ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲစာရင်းမှားယွင်းမှုများကို ဖော်ထုတ်ကာ ရလဒ်အပေါ်မူတည်၍ တာဝန်ရှိသူများကို ရွေးကောက်ပွဲဥပဒေအရ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ထပ်မံကျင်းပ၍ အနိုင်ရပါတီအား ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန် ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ( ၂၀၀၈ ခုနှစ်) တွင် နိုင်ငံတော်အရေးပေါ်အခြေအနေပြီးဆုံးပါက ၆ လ တာဝန်ယူပြီး ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးဆောင်ရွက်ကာ အစိုးရကို အာဏာပြန်လည်လွှဲပြောင်းပေးရမည်ဖြစ်သည်ဟုပါရှိကြောင်း၊ ရွေးကောက်ပွဲကော်မရှင်ကိုလည်း ဖွဲ့စည်းပြီးဖြစ်ကြောင်း။

**အခက်အခဲများ ဖြစ်ပေါ်လာ**

ယခုအချိန်တွင် လုပ်ငန်းများ ရပ်နားထားသဖြင့် အလုပ်လုပ်သူ အခြေခံလူတန်းစားများ ဝင်ငွေမရှိတော့ဘဲ စားသောက်ရေးတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပြီး လူမှုစီးပွားဘဝများ ထိခိုက်လာကြောင်း၊ လုပ်ငန်းများ ရပ်တန့်သွားခြင်းကြောင့် လုပ်ငန်းရှင်များမှ ထုတ်ကုန်ပစ္စည်းများမရှိတော့ဘဲ ရောင်းကုန်ပစ္စည်းများ မရှိတော့ကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များတွင် လုပ်ငန်းလည်ပတ်ရန်အတွက် ပိုက်ဆံမရှိတော့ဘဲ လုပ်ငန်းဆက်လက်လည်ပတ်ရန် အခက်အခဲများ ဖြစ်ပေါ်လာကြောင်း၊ အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် လုပ်ငန်းများအား စည်းကမ်းတကျ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်စေလိုကြောင်း၊ စက်ရုံ၊ အလုပ်ရုံများကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်းများက စည်းစနစ်တကျ ကြပ်မတ်၍ COVID-19 စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများကို ပုံမှန်ပြန်လည်လုပ်ဆောင်နိုင်မှသာ အလုပ်သမား၊ အလုပ်ရှင်များ ဝင်ငွေရပြီး နိုင်ငံခြားဝင်ငွေများ ပြန်လည်တိုးတက်လာမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ယခုတွေ့ဆုံသူများသည် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ နယ်ပယ်အသီးသီးမှ ကိုယ်စားပြုသူများ ဖြစ်ကြောင်း၊ တိုင်းပြည်၏စီးပွားရေးနှင့် ပတ်သက်ပြီး လူအများမှ ပါဝင်ဆောင်ရွက်နိုင်သည့်၊ လူအများ၏ စားဝတ်နေရေးကို အထောက်အကူပြုနိုင်သည့် လုပ်ငန်းများကို ပိုမိုဦးစားပေး ဆောင်ရွက်စေချင်ကြောင်း၊ ဖြစ်နိုင်သည့် နည်းလမ်းများကို တင်ပြစေချင်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ ရထားလမ်း၊ ကားလမ်းနှင့် လေကြောင်းသွားလာမှုများအား စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားကြောင်း၊ ခရီးသွားလာစဉ်ကာလတွင် COVID-19 စည်းကမ်းချက်များကို လိုက်နာမှုမရှိဘဲ လူအများကို ထိခိုက်စေနိုင်သူများအား ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက် စည်းကမ်းမလိုက်နာမှုကြောင့် အခြားသူများအား အနှောင့်အယှက်မဖြစ်ရန်လိုကြောင်း၊ COVID-19 ရောဂါ ကာကွယ်ရေးအတွက် လိုအပ်သည့် အခြေခံပစ္စည်းများအား တတ်နိုင်သမျှ ဈေးနှုန်းအသက်သာဆုံးဖြင့် ဝယ်ယူအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန်နှင့် လိုအပ်ပါက နိုင်ငံတော်မှ အခမဲ့ပေးဝေနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် COVID-19 ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်**

ဗုဒ္ဓဘာသာဆိုင်ရာ စေတီ၊ ပုထိုးများနှင့် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများကိုလည်း ဘာသာရေး အခမ်းအနားများ ပြုလုပ်ခြင်းမှအပ COVID-19 စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့အတူ စက်ရုံ အလုပ်ရုံများကို ပြန်လည်ဖွင့်လှစ်ပြီး ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်စေချင်ကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများသည် လူအများ၏စားသောက်ရေးအတွက် အထောက်အကူပြုကြောင်း၊ ကမ္ဘာပေါ်တွင် လူဦးရေ ၇ ဘီလီယံကျော်ရှိပြီး နိုင်ငံတိုင်းတွင် စားနပ်ရိက္ခာလိုအပ်ချက်များသည်

## "ဗုဒ္ဓဘာသာဆိုင်ရာ စေတီ၊ ပုထိုးများနှင့် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများကိုလည်း ဘာသာရေးအခမ်းအနားများ ပြုလုပ်ခြင်းမှအပ COVID-19 စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့အတူ စက်ရုံ အလုပ်ရုံများကို ပြန်လည်ဖွင့်လှစ်ပြီး ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်စေချင်ကြောင်း"

အမြဲရှိနေကြောင်း၊ အဆိုပါ စားနပ်ရိက္ခာလိုအပ်ချက်များအား မိမိတို့နိုင်ငံမှ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းမှ ထွက်ရှိသည့် စားသောက်ကုန်များကို တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့တင်ပို့ရောင်းချနိုင်ရန်အတွက် မိမိတို့၏ စားသောက်ကုန်များသည် အရည်အသွေး ကောင်းမွန်နေရန်လိုပြီး ဓာတုပစ္စည်းပါဝင်မှုကိုလည်း လက်ခံနိုင်သည့်အခြေအနေကို ကျော်လွန်၍မရဘဲ ဈေးကွက်မှ လက်ခံနိုင်သည့် အရည်အသွေးမျိုးရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဖြစ်နိုင်ပါက အမြတ်ရရှိရေးထက် အရေအတွက်ပိုမိုရောင်းချနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် အကျိုးအမြတ်အနည်းဆုံးနှင့် များများရောင်းချနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ဝိုင်းဝန်းပံ့ပိုးကူညီ**

လူအများဆောင်ရွက်ရသည့် အထည်ချုပ်လုပ်ငန်းများကိုလည်း ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှထွက်ကုန်များကို မိတ်ဆွေနိုင်ငံများမှတစ်ဆင့် တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကောလာဟလသတင်းများ ထွက်ပေါ်မှုကြောင့် ဘဏ်လုပ်ငန်းဆိုင်ရာ အခက်အခဲများ မဖြစ်ပေါ်အောင်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်စီးပွားရေး ပြန်လည်ဦးမော့လာစေရန်အတွက် နိုင်ငံတော်အနေဖြင့် ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်၍ပေးမည်ဖြစ်ကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ ဟိုတယ်လုပ်ငန်းများကိုလည်း အကန့်အသတ်စနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယိမ်းယိုင်နေသည့် စီးပွားရေးများကို ယခုတက်ရောက်လာကြသည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများ၏ အားကိုယူ၍နိုင်ငံတော်၏ စီးပွားရေးပြန်လည်တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံတကာ ဆက်ဆံရေးများအား ယခင်ဆောင်ရွက်ခဲ့သည့် မူဝါဒများအတိုင်း ပြောင်းလဲမှုမရှိဘဲ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေးမည်**

ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်၊ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသတိုးဟိန်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်သိန်း၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း တို့က အသင်းအလိုက် လုပ်ငန်းများဆောင်ရွက်နေမှု၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကူညီဆောင်ရွက်ပေးရန် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် လိုအပ်သည့် အကူအညီများကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အဓိကမှာကြားလိုသည်မှာ COVID-19 ရောဂါဖြစ်ပွားသည့်ကာလအတွင်း လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကိုလည်း လိုက်နာသွားရန်လိုအပ်ကြောင်း ပြောကြားသည်။

**ကူညီဆောင်ရွက်ပေးမည်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခုဆွေးနွေးပွဲသို့ တက်ရောက်လာသူများအနေဖြင့် တိုင်းပြည်အတွက် ကောင်းစေချင်သည့် စိတ်ဆန္ဒများဖြင့် ပြောဆိုဆွေးနွေးကြသည်ကိုတွေ့ရှိရကြောင်း၊ ထို့အတွက် မိမိတို့အနေဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မိမိတို့ အစိုးရအပိုင်းက လုပ်ဆောင်ရမည့် အပိုင်းများ ရှိသကဲ့သို့ တက်ရောက်လာသူများအပိုင်းမှ လုပ်ဆောင်ရမည်များလည်းရှိပါကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်သည်များ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးအား ရုတ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ပြည်သူများအနေဖြင့် ငွေကြေးနှင့် ဘဏ်လုပ်ငန်းများ ဆောင်ရွက်မှုများအပေါ် စိုးရိမ်မှုများမရှိဘဲ ယုံကြည်စိတ်ချစွာဖြင့် ဆက်လက်သုံးစွဲနိုင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အသိပေးကြေညာချက်**
**၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်**
**(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)**

၁။ နိုင်ငံတော်မှ တရားဝင်ထုတ်ဝေထားသော ကျပ် (၅,၀၀၀) တန်နှင့် ကျပ် (၁၀,၀၀၀) တန် ငွေစက္ကူများအား တရားမဝင်သတ်မှတ်ပြီး ပြန်လည်သိမ်းဆည်းမည်ဆိုသည့် ကောလာဟလ သတင်းအမှားများ ပြင်ပတွင် ထွက်ပေါ်လျက်ရှိကြောင်း စိစစ်သိရှိရပါသည်။

၂။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး ဘဏ်များအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ ခိုင်မာစွာဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် ငွေကြေးနှင့် ဘဏ်လုပ်ငန်းများ ဆောင်ရွက်မှုများအပေါ် စိုးရိမ်မှုများမရှိဘဲ ယုံကြည်စိတ်ချစွာဖြင့် ဆက်လက်သုံးစွဲနိုင်ပါကြောင်းနှင့် ဘဏ်ဝန်ဆောင်မှုများ ပုံမှန်ဆောင်ရွက်ရန် ဘဏ်များသို့ ညွှန်ကြားပြီးဖြစ်ကြောင်း ၃-၂-၂၀၂၂ ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သဖြင့် ထွက်ပေါ်နေသောသတင်းသည် အခြေအမြစ်မရှိသော သတင်းသာ ဖြစ်ပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၊ ပုဒ်မခွဲ (င) တွင် **"နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု"** ဟု ပြဋ္ဌာန်းထားသည့်အတွက် ပြည်သူလူထုအနေဖြင့် ပြင်ပ၌ဖြစ်ပေါ်နေသော ကောလာဟလ သတင်းများအား ယုံကြည်မှုမရှိဘဲ ကျပ်(၅,၀၀၀)တန်နှင့် ကျပ်(၁၀,၀၀၀)တန် ငွေစက္ကူများအား စိတ်ချယုံကြည်စွာ ဆက်လက်သုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---



# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ တွေ့ဆုံ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၃**

အမှတ် (၁) စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီရုံး မလိခ ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် အမှတ် (၁) စစ်ဆင်ရေး အထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ကောင်စီ ဥက္ကဋ္ဌများကို ခန့်အပ်တာဝန်ပေးခဲ့ပါကြောင်း၊ ယခုခန့်အပ်တာဝန်ပေးလိုက်သည့် ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်သည် လွှတ်တော်ပိုင်းဆိုင်ရာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အတွေ့အကြုံရှိသည့် ကချင်တိုင်းရင်းသားတစ်ဦးဖြစ်ပါကြောင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများအနေဖြင့် ပြည်နယ် အေးချမ်းသာယာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကောင်စီဥက္ကဋ္ဌနှင့် လက်တွဲ၍ ကြိုးပမ်း ဆောင်ရွက်သွားမည်ဆိုလျှင် ကချင်ပြည်နယ်အနေဖြင့် မိမိတို့မျှော်မှန်းထားသည့်အတိုင်း တိုးတက်ဖွံ့ဖြိုးမှုများရရှိလာမည် ဖြစ်ပါကြောင်း၊ မိမိတို့ တပ်မတော်အနေဖြင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအပေါ် အပြည့်အဝပံ့ပိုး၍ ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်က မိမိအနေဖြင့် ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်နယ်အတွက် ကျရာတာဝန်ကို ထမ်းဆောင်ရာတွင် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာများအားလုံးက ယုံယုံကြည်ကြည်ဖြင့် ဝိုင်းဝန်းလက်တွဲ၍ ဆောင်ရွက်သွားမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဌာန ဆိုင်ရာအကြီးအကဲများက ကောင်စီဥက္ကဋ္ဌအား ပြန်လည်မိတ်ဆက်ခဲ့ကြသည်။

**ပြည်နယ် (ပြန်/ဆက်)**

---

● *ကျောဖုံးမှ*

များ ကာရံထားခြင်းမရှိဘဲ ကွမ်းသီးပင် အမှတ်အသားများဖြင့်သာ ပိုင်ဆိုင်မှုကို သတ်မှတ်ထားကြသည်။ ခြံဝင်းအတွင်း လည်ပတ်စရာ ပေါများပြီး ရေတံခွန်များနှင့်အတူ စမ်းချောင်းလေးများ၊ ရေအိတ် (ခေါ်) ရေကူးကန်များအပြင် သဘာဝရေလွှဲမောင်းဖြင့် စပါးထောင်းနေပုံ၊ ကရက်နီရေချောင်း အလှတို့ကြောင့် ရေကစားသူများ၊ အလှဓာတ်ပုံရိုက်သူများဖြင့် အနားယူအပန်းဖြေကြကာ စည်ကားလျက်ရှိသည်။ ကွမ်းသီးခြံသို့ သွားရောက်လည်ပတ်ရာတွင် ရှာင်မြို့မြောက်ဘက် ရေဦး-သိမ်ကုန်း-အင်းကြီး-ဒလပင်-ငွေတောင်-တပင်ပျော် ကျေးရွာများမှတစ်ဆင့် ယုံဖွေကွမ်းသီးခြံသို့လည်းကောင်း၊ ငှက်သောက်ကျေးရွာမှလည်းကောင်း ခြေလျင်၊ ဆိုင်ကယ်များဖြင့် သွားရောက်နိုင်ပြီး ကွမ်းသီးပင်စိုက်ပျိုးမှု၊ ခူးဆွတ်မှု စုံလင်စွာ အပန်းဖြေအနားယူ လည်ပတ်နိုင်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းတို့ တက်ရောက်ကြသည်။

## ရွေးချယ်တာဝန်ပေးခြင်းဖြစ်

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ အဖွဲ့အစည်းများကို တာဝန်ပေးခြင်းများရှိကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုများအား ဖြေရှင်းပေးရန်နှင့် ယင်းသို့ ဖြေရှင်းဆောင်ရွက်ပြီးမှသာ ကျန်ရှိသည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် တပ်မတော်အနေဖြင့် တောင်းဆိုခဲ့ကြောင်း၊ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ယင်းအဆင့်မှာ မဖြစ်နိုင်ခဲ့ဘဲ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁ ရက်တွင် အရေးပေါ်အခြေအနေကြေညာသည့်အဆင့်အထိ ရောက်ခဲ့ရကြောင်း၊ မိမိတို့လိုလားချက်မှာ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် ဆောင်ရွက်ခဲ့သည့် မဲစာရင်းနှင့်ပတ်သက်၍ အခြေအနေ အမှန်အတိုင်းဖြစ်စေရန်အတွက် ဆောင်ရွက်ရန်လိုကြောင်း၊ ယင်းမှာ ဥပဒေအတိုင်း လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ဒုတိယအနေဖြင့် ယခုကဲ့သို့ အရေးပေါ်အခြေအနေ ကြေညာသော်လည်း လုပ်ငန်းများ ရပ်ဆိုင်းထား၍မရကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် လုပ်ငန်းများအရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးပါကြောင်း၊ ဝန်ကြီးများ တာဝန်ပေးအပ်ရာတွင် လုပ်ငန်းအတွေ့အကြုံရှိသူ၊ အရည်အချင်းရှိသူ ပုဂ္ဂိုလ်များကိုသာ ရွေးချယ်တာဝန်ပေးခြင်းဖြစ်ကြောင်း။

အလားတူ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအား တာဝန်ပေးအပ်ရာတွင်လည်း အတွေ့အကြုံရှိသူ၊ အရည်အချင်းရှိသူ၊ မိမိတို့သွားနေသည့် လမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန် ရပ်တည်ဆောင်ရွက်မည့်သူများကို စဉ်းစားကာ တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နေရာအားလုံးမှာ အရေးကြီးသည့် နေရာများဖြစ်ပါကြောင်း၊ ထို့ကြောင့် လုပ်သင့်လုပ်ထိုက်သည်များအားလုံး စည်းကမ်းနှင့်အညီ ဖြစ်စေရန် လိုအပ်ပါကြောင်း၊ ထို့ပြင် စည်းကမ်းနှင့် လုပ်သည်ဆို၍ အရှိန်ရပ်နေ၍ မရပါကြောင်း၊ လုပ်စရာရှိသည်များ ရှေ့ဆက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ကြေညာသည့် အရေးပေါ်ကာလသည် တစ်နှစ်သာဖြစ်ပါကြောင်း၊ တစ်နှစ်ဖြစ်သည့်အတွက် တစ်နှစ်အတွင်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းမှာ ကာလတို၊ ကာလရှည် လုပ်ဆောင်ရမည့်အရာများရှိပါကြောင်း၊ အဓိကအားဖြင့် ကာလတိုအတွင်း လတ်တလောဖြေရှင်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို စည်းကမ်းနှင့်အညီ ထက်ထက်မြက်မြက် ဆောင်ရွက်ပေးနိုင်ရေးအတွက် မိမိတို့အတွေ့အကြုံများအား အသုံးချဆောင်ရွက်ပေးစေလိုကြောင်း။

## ဖော်ဆောင်ပေးနိုင်မည်

မိမိအနေဖြင့် တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်များသည် အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များကို ရွေးချယ်တာဝန်ပေးခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် အကောင်းဆုံးဖြစ်ရန် ဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်အားထားပါကြောင်း၊ အားလုံးမိမိတို့နှင့်အတူ လက်တွဲလုပ်ဆောင်ပေးရန် မေတ္တာရပ်ခံကြောင်း၊ တပ်မတော် စတင်တာဝန်ယူကတည်းက ကြေညာပြီးဖြစ်ကြောင်း၊ မိမိတို့သည် ခေတ္တထိန်းပေးသည့် သဘောဖြစ်ကြောင်း၊ ခေတ္တထိန်းပေးရာတွင် နိုင်ငံခြားရေးမူဝါဒ၊ အုပ်ချုပ်ရေးနှင့်ပတ်သက်သည့်မူဝါဒ၊ စီးပွားရေးနှင့် ပတ်သက်သည့် မူဝါဒ လုံးဝပြောင်းလဲမည်မဟုတ်ကြောင်း၊ လက်ရှိသွားနေသည့် နိုင်ငံရေးလမ်းစဉ်အပေါ်တွင် လုံးဝပြောင်းလဲခြင်းမရှိကြောင်း၊ ယင်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ကို ပြောကြားလိုကြောင်း၊ ယင်းအတွက် တိုင်းပြည်၊ ပြည်သူလူထုအနေဖြင့် ပူပန်ကြောင့်ကြစွာဖြင့် ရှိနေချိန်တွင် မိမိတို့၏ လုပ်ဆောင်ချက်ဖြင့် ပြည်သူများအား စိတ်အေးလက်အေးနှင့် အလုပ်လုပ်ကိုင်နိုင်ရန် ဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း။

မိမိတို့အနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မူဝါဒအနေဖြင့် ပြောင်းလဲစရာ အကြောင်းမရှိကြောင်း၊ ဆောက်လုပ်ဆဲ လမ်း၊ တံတားလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် လုပ်ဆောင်နေသည့် ကိစ္စရပ်များ၊ ဝန်ကြီးဌာနများနှင့် လုပ်ဆောင်နေသည့် ကဏ္ဍများရှိကြောင်း၊ ယင်းလုပ်ငန်းများကို စည်းကမ်းနှင့်အညီ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကနှင့် ဆောင်ရွက်နေသည့်လုပ်ငန်းများထဲတွင် တိုင်ကြားမှုများရှိသည့် လုပ်ငန်းများရှိကြောင်း၊ ယင်းလုပ်ငန်းများကို ပြန်လည်စိစစ်ပြီးမှ ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်ကြားမှုများ၊ ပြဿနာများမရှိဘဲ တိုင်းပြည်အတွက် အကျိုးရှိအောင် လုပ်ဆောင်နေသည့်လုပ်ငန်းများကို ဆက်လက်ခွင့်ပြုသွားရမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများကို မရပ်ထားဘဲ ဆက်လက်လုပ်ဆောင်ရန် လုပ်ငန်းရှင်များကို ပြောကြားထားပြီးဖြစ်ပါကြောင်း။

## စနစ်တကျလိုက်နာဆောင်ရွက်

သို့မှသာ လုပ်သားများ အလုပ်အကိုင်နှင့် ဝင်ငွေရရှိကြမည်ဖြစ်ကြောင်း၊ ဝင်ငွေရရှိမှ လူမှုစီးပွားများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့သော်လည်း COVID-19 နှင့်ပတ်သက်ပြီး သတ်မှတ်ထားသည့် စည်းကမ်းချက်များကို အလေးထား လိုက်နာရမည်ဖြစ်ကြောင်း၊ မလေးစား၊ မလိုက်နာသည့် လုပ်ငန်းများကို ရပ်ဆိုင်းရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်သည့်အခါ ကိုဗစ်ကာကွယ်ရေးနည်းလမ်းများနှင့် လုပ်ငန်းခွင်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာကြရန် လိုအပ်ကြောင်း၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်လျှင် မိမိတို့အနေဖြင့် ခွင့်မပြုနိုင်စရာ အကြောင်းမရှိကြောင်း။

တိုင်းပြည်အတွက် မှန်မှန်ကန်ကန် လုပ်ဆောင်ပေးကြရန်နှင့် စာရင်းဇယားများ မှန်မှန်ကန်ကန်ဖြစ်ရန် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြောကြားပြီးဖြစ်ပါကြောင်း၊ လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများအားလုံးကို စာရင်းဇယားအတိုင်း၊ စာရင်းစစ်၏ Process အတိုင်း မှန်မှန်ကန်ကန် စစ်ဆေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ညှို့၍ဆောင်ရွက်ခြင်းများ ဖြစ်မလာစေရန် ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်းပြောကြားသည်။

## လုပ်ငန်းများ ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေတို့က ဌာနအလိုက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် COVID-19 ကပ်ရောဂါကြောင့် မိမိတို့နိုင်ငံ၏ စီးပွားရေးတုံ့ဆိုင်းလျက်ရှိကြောင်း၊ ထို့ကြောင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆောက်လုပ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပို့ဆောင်ဆက်သွယ်ရေးစသည့် ကဏ္ဍများအားလုံးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြင်ပတွင် ကောလာဟလသတင်းများ ထွက်ပေါ်နေသည့် ၅၀၀၀ ကျပ်တန်နှင့် ၁၀၀၀၀ ကျပ်တန် ငွေစက္ကူများ ဖျက်သိမ်းမည်ဆိုသော သတင်းမှားများ ပျံ့နှံ့ခဲ့မှုကြောင့် အဆိုပါသတင်းများ မှန်ကန်မှုမရှိကြောင်းကို နိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများသည် ဌာနများ၊ အဖွဲ့အစည်းများ၏ အဆုံးအဖြတ်ပေးနိုင်သည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက် လုပ်ငန်းများကို အရှိန်အဟုန်ပြင်းပြင်းဖြင့် ဥပဒေ၊ စည်းကမ်းများနှင့်အညီ ရဲရဲတင်းတင်း မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန် ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

> **“ပုဂ္ဂလိကနှင့် ဆောင်ရွက်နေသည့်လုပ်ငန်းများထဲတွင် တိုင်ကြားမှုများရှိသည့် လုပ်ငန်းများရှိကြောင်း၊ ယင်းလုပ်ငန်းများကို ပြန်လည်စိစစ်ပြီးမှ ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်ကြားမှုများ၊ ပြဿနာများမရှိဘဲ တိုင်းပြည်အတွက် အကျိုးရှိအောင် လုပ်ဆောင်နေသည့်လုပ်ငန်းများကို ဆက်လက်ခွင့်ပြုသွားရမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများကို မရပ်ထားဘဲ ဆက်လက်လုပ်ဆောင်ရန် လုပ်ငန်းရှင်များကို ပြောကြားထားပြီးဖြစ်”**

# တာဝန်မှရပ်စဲခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၁၃ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်

**တာဝန်မှရပ်စဲခြင်း**

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အောက်ဖော်ပြပါ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များအား ယနေ့မှစ၍ တာဝန်မှရပ်စဲလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးရဲမင်းဦး | ဒုတိယမြို့တော်ဝန် |
| (၂) | ဦးအေးမြင့် | ကော်မတီဝင်(၁) |
| (၃) | ဦးမင်းသူ | ကော်မတီဝင်(၂) |
| (၄) | ဒေါ်စံပယ်ထွေး | ကော်မတီဝင်(၃) |
| (၅) | ဦးမင်းသိမ်း | ကော်မတီဝင်(၄) |
| (၆) | ဦးဆန်းနိုင် | ကော်မတီဝင်(၅) |
| (၇) | ဦးကျော်ဇင်လတ် | ကော်မတီဝင်(၆) |

အမိန့်အရ
(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ဖြည့်စွက်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၁၄ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒေါ်အေးနုစိန် | အဖွဲ့ဝင် |
| ( ခ ) | Jeng Phang နော်တောင် | အဖွဲ့ဝင် |
| ( ဂ ) | ဦးမောင်းဟာ | အဖွဲ့ဝင် |
| (ဃ) | ဦးစိုင်းလုံးဆိုင် | အဖွဲ့ဝင် |
| ( င ) | စောဒန်နီယယ် | အဖွဲ့ဝင် |

အမိန့်အရ
(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၁၅ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်

**ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးတင်ထွဋ်ဦး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂) | ဗိုလ်ချုပ်ကြီး တင်အောင်စန်း | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာပွင့်ဆန်း | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၄) | ဦးစောထွန်းအောင်မြင့် | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |

အမိန့်အရ
(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၁၆ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို အပ်နှင်းလိုက်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) | စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (၂) | တပ်မတော်အရာရှိကြီး(၁)ဦး | အဖွဲ့ဝင် |
| (၃) | ဒေသကိုယ်စားပြုသူ(၁)ဦး သို့မဟုတ်(၂)ဦး | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အုပ်ချုပ်ရေးမှူး | အတွင်းရေးမှူး |

အမိန့်အရ
(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် (၁၇ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို အပ်နှင်းလိုက်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) | စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (၂) | တပ်မတော်အရာရှိကြီး(၁)ဦး | အဖွဲ့ဝင် |
| (၃) | ဒေသကိုယ်စားပြုသူ(၁)ဦး | အဖွဲ့ဝင် |
| (၄) | သက်ဆိုင်ရာခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး | အဖွဲ့ဝင် |
| (၅) | သက်ဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (၆) | သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး | အတွင်းရေးမှူး |

အမိန့်အရ
(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ( ၁၈ / ၂၀၂၂)**
**၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်**
**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ခရိုင်အုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| (၂) | တပ်မတော်အရာရှိ(၁)ဦး | အဖွဲ့ဝင် |
| (၃) | ဒေသကိုယ်စားပြုသူ(၁)ဦး | အဖွဲ့ဝင် |
| (၄) | သက်ဆိုင်ရာခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး | အဖွဲ့ဝင် |
| (၅) | သက်ဆိုင်ရာခရိုင်ရဲတပ်ဖွဲ့မှူး | အတွင်းရေးမှူး |

**အမိန့်အရ**
**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ( ၁၉ / ၂၀၂၂)**
**၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်**
**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| (၂) | တပ်မတော်အရာရှိ(၁)ဦး | အဖွဲ့ဝင် |
| (၃) | ဒေသကိုယ်စားပြုသူ(၁)ဦး | အဖွဲ့ဝင် |
| (၄) | သက်ဆိုင်ရာမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး | အဖွဲ့ဝင် |
| (၅) | သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူး | အတွင်းရေးမှူး |

**အမိန့်အရ**
**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်အပ်တာဝန်ပေးခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ( ၂၀ / ၂၀၂၂)**
**၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်**
**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်**

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အကျဉ်းဦးစီးဌာန၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းအား ယင်းဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရတနာ-ရန်ကုန် ၂၄ လက်မ ပြည်တွင်းသုံး ကမ်းလွန်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအတွက် Freespan Rectification နှင့် Post Trenching လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရတနာ-ရန်ကုန် ၂၄ လက်မ ပြည်တွင်းသုံး ကမ်းလွန်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအား မုတ္တမကမ်းလွန်ပင်လယ်ပြင်ရှိ ရတနာပလက်ဖောင်းမှစတင်၍ ဖျာပုံခရိုင်၊ အမာမြို့နယ်၊ ဒေါ်ငြိမ်းကျေးရွာကမ်းခြေအနီးရှိ Landfall အထိ (Start Point မှ End Point အထိ) Freespan Rectification နှင့် Post Trenching လုပ်ငန်းများကို MV. ASHICO LAMSON (Call Sign: 3WVS) ဖြင့် Start Point. မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၂၃ သသမ ၉၃၄ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၇ မိနစ် ၀၁ သသမ ၅၁၁ စက္ကန့်၊ TP1. မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၂၄ သသမ ၁၈၄ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၇ မိနစ် ၁၂ သသမ ၅၇၃ စက္ကန့်၊ TP2. မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၃၉ သသမ ၉၆၉ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၈ မိနစ် ၀၀ သသမ ၂၃၂ စက္ကန့်၊ TP4. မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၅၉ သသမ ၀၃၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၈ မိနစ် ၃၂ သသမ ၂၂၃ စက္ကန့်၊ TP6. မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၀ မိနစ် ၃၆ သသမ ၃၉၉ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၃ မိနစ် ၀၉ သသမ ၂၆၇ စက္ကန့်၊ TP8. မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၃၆ သသမ ၇၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၁ မိနစ် ၃၆ သသမ ၁၈၈ စက္ကန့်၊ TP10. မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၁ မိနစ် ၃၁ သသမ ၆၄၆ စက္ကန့် ၊ အရှေ့ လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ် ၀၁ သသမ ၈၂၆ စက္ကန့်၊ TP12. မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၉ မိနစ် ၃၁ သသမ ၃၆၁ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၃ မိနစ် ၂၂ သသမ ၃၄၅ စက္ကန့်၊ TP14. မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၇ မိနစ် ၁၃ သသမ ၉၁၁ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၁ မိနစ် ၅၀ သသမ ၃၁၆ စက္ကန့်၊ TP16. မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၁ မိနစ် ၃၃ သသမ ၀၅၁ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၈ မိနစ် ၅၂ သသမ ၁၂၉ စက္ကန့်၊ End Point. တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၃ မိနစ် ၅၄ သသမ ၅၄၇ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၆ မိနစ် ၅၄ သသမ ၀၈၃ စက္ကန့်တို့တွင် (၂၅.၂.၂၀၂၂)ရက်နေ့မှ (၁၀.၃.၂၀၂၂) ရက်နေ့အထိ လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၅.၂.၂၀၂၂) ရက်နေ့မှ (၁၀.၃.၂၀၂၂) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်မည့် လမ်းကြောင်း၏ ဘေးဘယ်ညာ ၄ ကီလိုမီတာ ပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့



**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ၌ အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံခဲ့ပြီးဖြစ်သည့် မြန်မာနိုင်ငံသား ၄၂ ဦးအပါအဝင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၇၃ ဦးကို ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(ဓါတ်ပုံ)**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ၊ သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများကို နိုင်ငံသားဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးအနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိရာ မလေးရှားနိုင်ငံမှ ယနေ့အထိ ကယ်ဆယ်ရေးလေယာဉ် (၄၆) ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်သည် ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် Convergence News Room ၊ MCR၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း၊ တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း ထုတ်လွှင့်ရေးခန်းများ၊ သတင်းစတူဒီယိုများနှင့် Central Equipment Room (CER) ၊ MRTV Webportal ၊ Earth Station ၊ ရေဒီယိုခေတ်ပြားတိုက်၊ Radio Master Control Room တို့တွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

**ဂရုပြုဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သတင်းများ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ထုတ်လွှင့်နိုင်ရေး၊ အမှားအယွင်းကင်းစင်စေရေးတို့အတွက် ဂရုပြုဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ **သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။**
သတင်းစဉ်

# ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

လတ်တလော ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများနှင့် ကာကွယ်ဆေးထိုး လုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



**သိသာစွာကျဆင်းလာ**

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက လက်ရှိဆောင်ရွက် လျက်ရှိသော ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းများနှင့် ကာကွယ်ဆေးထိုး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပထမလှိုင်းတွင် မိမိတို့ကျန်းမာရေးဝန်ထမ်းအားလုံး နှင့် ပြည်သူများ အတူတကွ ပူးပေါင်း ဆောင်ရွက်ခဲ့ကြသဖြင့် ထိခိုက်မှု အနည်းဆုံးဖြင့် ကျော်ဖြတ်နိုင်ခဲ့ပြီး ယခု ဒုတိယလှိုင်း ဖြစ်ပွားမှုများမှာ လည်း ဖြစ်ပွားမှုအရေအတွက် သိသာစွာကျဆင်းလာနေပြီ ဖြစ်ပါ ကြောင်း၊ မိမိတို့အနေဖြင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူဦးရေ လျော့နည်းကျဆင်းလာလျက်ရှိသော်လည်း ပေါ့ဆ၍ မရပါကြောင်း၊ ဆက်လက်၍ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ၊ Mask and Face Shield Campaign နှင့် Yellow Campaign ကဲ့သို့သော ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာ မြင့်မားလာ စေရေးလုပ်ငန်းများကို ယခုထက် ပိုမိုအရှိန်အဟုန်မြှင့်တင် ဆောင်ရွက် ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ရောဂါရှိ/ မရှိ စစ်ဆေးခြင်းလုပ်ငန်း များကိုလည်း အရေအတွက် ပိုမို များပြားစွာ ဆောင်ရွက်ရမည်ဖြစ်ပါ ကြောင်း။

**အရှိန်အဟုန်မပျက်ဆောင်ရွက်**

မိမိတို့ ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ၊ အခြားသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များ ဆောင်ရွက်နေသည့်အပြင် ယခုအခါ ကိုဗစ်-၁၉ ကာကွယ် ဆေးထိုးနှံရေး လုပ်ငန်းများကိုပါ ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် ဆောင်ရွက်သူများအားလုံးနှင့် ကူညီ ပံ့ပိုးပေးသူအားလုံးကို အထူးကျေးဇူး တင်ရှိ အသိအမှတ်ပြုပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုး လုပ်ငန်းများကိုလည်း မူလအစီအစဉ် အတိုင်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း၊ လုပ်ငန်းလိုအပ်ချက်နှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ လိုအပ်ချက် များရှိပါကလည်း အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ဆောင် ရွက်ရာတွင် ငွေကြေးဆိုင်ရာ သုံးစွဲခြင်း များကိုလည်း စနစ်တကျ အလေ အလွင့်မရှိ သုံးစွဲကြစေလိုပါကြောင်း၊ ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ တိုင်းရင်း ဆေးပညာဦးစီးဌာန၊ အစားအသောက် နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနရှိ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ် ကြီးများသည် လုပ်ငန်းအတွေ့အကြုံ များစွာရှိကြသူများဖြစ်၍ စနစ်တကျ စီမံခန့်ခွဲ၍ လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ကြစေလိုပါကြောင်း၊ မိမိ တို့ အားလုံးသည် ပြည်သူများ၏ ကျန်းမာရေးကို အဓိကစောင့်ရှောက် ပေးရန် တာဝန်ရှိသည်ကို အားလုံးမှ သိရှိနားလည် ဆောင်ရွက်ကြစေလို ပါကြောင်း ပြောကြားသည်။

**ပြန်လည်ဆွေးနွေး**

ယင်းနောက် တက်ရောက်လာ သူများက ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေး အကြံပြုမှုများအလိုက် အသေးစိတ် ပြန်လည်ဆွေးနွေးသည်။

**တက်ရောက်ဆွေးနွေး**

လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး များ၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူ များ တက်ရောက်ဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ်းလွန်လုပ်ကွက်အမှတ် A-3 တွင် Seabed Hazard Survey လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် A-3 တွင် Seabed Hazard Survey လုပ်ငန်းများအား တိုင်းတာရေးရေယာဉ် MV. FUGRO EQUATOR (Call Sign: C6ZT5) ရေယာဉ်ဖြင့် Point A. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ ဒသမ ၉၇၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၁၉ ဒသမ ၂၉၇ မိနစ်၊ Point B. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၅ ဒသမ ၃၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၀ ဒသမ ၀၆၇ မိနစ်၊ Point C. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ ဒသမ ၀၈၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၄၃ ဒသမ ၉၃၉ မိနစ်၊ Point D. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၁ ဒသမ ၆၈၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၃ ဒသမ ၁၇၆ မိနစ်တို့တွင် (၂၀.၂.၂၀၂၁) ရက်နေ့မှ (၃၁.၃.၂၀၂၁) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၀.၂.၂၀၂၁) ရက်နေ့မှ (၃၁.၃.၂၀၂၁) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း ရေကြောင်း သတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်း ကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်းသိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ Zoom Meeting ဖြင့် ကျင်းပသည်။ **(ယာပုံ)**






အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန် ဦးအေးလွင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဦးစီးမှူးများသည် သက်ဆိုင်ရာ ဒေသရုံးအသီးသီးမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို တပ်မတော်က တာဝန်ယူပြီးနောက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့ဌာန၏ ရည်မှန်းချက်တာဝန်များအား လက်ရှိနိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ အောင်မြင်အောင် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ဌာန၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ရာတွင် သမားရိုးကျလုပ်ငန်းများအပြင် ပြည်သူ့အတွက် လက်ငင်းအကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို စီမံချက်များရေးဆွဲချမှတ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့်ကာလများတွင် လုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုကာလတွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် လုပ်ငန်းဆောင်ရွက်မှုများသည် ထင်သလောက် ခရီးမပေါက်ဘဲ နှောင့်နှေးရပ်တန့်သွားခဲ့ရပါကြောင်း၊ သို့သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်းမှာပင် မိမိတို့ ဌာန၏ဝန်ထမ်းများသည် ပြီးခဲ့သည့် ရွေးကောက်ပွဲကာလမတိုင်မီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးရေး လုပ်ငန်းများကို ထိထိရောက်ရောက် အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရပါကြောင်း။

### အထူးခွင့်ပြုချက်ဖြင့် ခွင့်ပြုပေးသွားမည်

ကိုဗစ်-၁၉ ရောဂါကြောင့် အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာ လေဆိပ်၊ ရေဆိပ်နှင့် နယ်စပ်ရှိ လူဝင်မှုစစ်ဆေးရေးဂိတ်များအားလုံး အဝင်/ အထွက် ကန့်သတ်ပိတ်သိမ်းထားကာ အထက်ဌာနအဆင့်ဆင့်၏ ခွင့်ပြုချက်ဖြင့်သာ ဝင်/ ထွက်ခွင့်ပြုပေးခဲ့ပါကြောင်း၊ ယခုကာလတွင်လည်း အထက်ဌာနများ၏ အထူးခွင့်ပြုချက်ဖြင့်သာ ဝင်/ ထွက်ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်သဖြင့် လုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ ပြည်တွင်းသို့ ဗီဇာအမျိုးမျိုးဖြင့် ဝင်ရောက်လာသည့် နိုင်ငံခြားသားများကို ယခင်က ပြည်ဝင်ဗီဇာ (၁၄) မျိုးဖြင့် ဝင်ရောက်ခွင့်ပြုပေးလျက်ရှိသော်လည်း ယခုအခါ နိုင်ငံတော်၏ အထူးခွင့်ပြုချက်ဖြင့်သာ ခွင့်ပြုပေးသွားမည်ဖြစ်သဖြင့် လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းများကိုလည်း နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ဆက်စပ်ဌာနများဖြင့်ပေါင်းစပ်ကာ မိမိတို့ဝန်ကြီးဌာနနှင့် UNDP – UNHCR တို့အကြား လက်မှတ်ရေးထိုးထားသည့် သုံးပွင့်ဆိုင် MoU ပါ အချက်အလက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### ကွင်းဆင်းဆောင်ရွက်ပေး

မိမိတို့ဌာနအနေဖြင့် ပြည်တွင်းနေထိုင်သူများအား ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုး စိစစ်ထုတ်ပေးခြင်းလုပ်ငန်းကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံချက်ရေးဆွဲကာ ရပ်ကွက်/ ကျေးရွာ အရောက်၊ စက်ရုံ/ အလုပ်ရုံအရောက်၊ စာသင်ကျောင်းများအရောက်၊ သက်ကြီးရွယ်အိုများအတွက် အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ယခု မိမိတို့ဌာနဝန်ထမ်းများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပြောကြားလိုသည်မှာ ယခုအချိန်မှစ၍ နိုင်ငံအတွင်း နေထိုင်သူ နိုင်ငံသား၊ တိုင်းရင်းသားအားလုံး ၎င်းတို့၏ နိုင်ငံသားအရည်အချင်း ဖြစ်တည်မှုပေါ်မူတည်၍ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်ခွင့်ရရှိရေးအတွက် စစ်ဆင်ရေး တစ်ရပ်အသွင်သတ်မှတ်ကာ အရှိန်အဟုန်ဖြင့် အလေးအနက်ထား ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း၊ မြန်မာနိုင်ငံအတွင်း နေထိုင်ပြီး မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ထားခြင်းမရှိသူများအတွက် နိုင်ငံသားစိစစ်နိုင်ရန် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်သွားကြရန်နှင့် ၎င်းတို့၏ နိုင်ငံသားစိစစ်မှုကိုလည်း အဆင့်ဆင့် ဆက်လက်တင်ပြ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

### လူဦးရေစာရင်းမှန်ကန်ရေး

မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားဖြစ်တည်မှုအရည်အချင်းပေါ်မူတည်၍ ကာယကံရှင်များထံ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးကို ဥပဒေနှင့်အညီ ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ခံရမည့်သူများသည် မည်သည့်အထောက်အထား လက်မှတ်မျှ မပါရှိဘဲ၊ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ နိုင်ငံအတွင်းပိုင်းသို့ ဝင်ရောက်လျက်ရှိရာ ယင်းကဲ့သို့ ဆောင်ရွက်သူများအား ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူအပြစ်ပေး ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့် ထိထိရောက်ရောက် တိတိကျကျ ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ ဌာန၏လုပ်ငန်းတာဝန်တစ်ခုဖြစ်သော ပြည်သူ့အင်အား စာရင်းကောက်ယူ ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကောက်ယူထားသည့် လူဦးရေစာရင်းဇယားများ တိကျမှန်ကန်ရေးနှင့် သတ်မှတ်စာရင်းဇယားများ အချိန်မီတင်ပြ ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ မိမိတို့ဌာန၏ လုပ်ငန်းအားလုံးသည် နိုင်ငံတော်လုံခြုံရေးနှင့် သက်ဆိုင်သည့်အတွက် ဌာနဝန်ထမ်းများအနေဖြင့် လုပ်ငန်းများကို ပေါ့ပေါ့ဆဆ မလုပ်မိကြစေရန်နှင့် အလေးအနက်ထား ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းအနေဖြင့် လက်ရှိအခြေအနေကို သဘောပေါက်နားလည်ပြီး ဌာန၏ ရည်မှန်းချက်တာဝန်များကို အထက်ဌာနအဆင့်ဆင့်၏ ညွှန်ကြားချက်များကို တိကျစွာအလေးအနက်ထား လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ လုပ်ငန်းဆိုင်ရာအခက်အခဲနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူးများက တိုင်းဒေသကြီး / ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းလိုအပ်ချက်များ၊ ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ရှင်းလင်းတင်ပြကြပြီး အမြဲတမ်းအတွင်းဝန် ဦးအေးလွင်နှင့် ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

### တင်ပြချက်များ ဖြည့်ဆည်းပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ယခုအခါ နိုင်ငံတော်တွင် အရေးပေါ်ကာလ သတ်မှတ်ထားသည်နှင့်အညီ နိုင်ငံခြားသားထိန်းသိမ်းရေးလုပ်ငန်းကို အလေးထား ဆောင်ရွက်နိုင်ရေး၊ နိုင်ငံသားတိုင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးနိုင်ရေး၊ ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအတွက် မိမိတို့ဝန်ထမ်းများအနေဖြင့် စစ်ဆင်ရေးတစ်ရပ်အသွင် အလေးအနက်ထား ဆောင်ရွက်ကြရန်နှင့် ထူးခြားဖြစ်စဉ်များအား အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့် တင်ပြဆောင်ရွက်နိုင်ရေးတို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။



ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

# မှန်းဆ တမ်းတ လွမ်းရ မြန်မာ့အသံ

**ကေကေအက်(စ်)(ဟသာ်တ)**

Covid ကာလတစ်လျှောက် Home Stay နေရသော အချိန်များတွင် လူထုဆက်သွယ်ရေး အကောင်းဆုံး ဆောင်ရွက်ပေးနေသော ဝန်ဆောင်မှုအပြည့်အဝ ပေးနေသော "ဆက်သွယ်ရေး"ကိရိယာမှာ မြန်မာ့အသံရေဒီယိုနှင့် မြန်မာ့ရုပ်မြင်သံကြားတို့ပင် ဖြစ်ပါသည်။

"ပြန်ကြားပေးရန် မြန်မာ့အသံ၊ ပညာပေးရန် မြန်မာ့အသံ၊ ဖျော်ဖြေပေးရန် မြန်မာ့အသံ"၊ "လူထုအတွက် မြန်မာ့အသံ" ဆိုသည့် ဆောင်ပုဒ်အတိုင်း၊ လူထုအတွက် အကောင်းဆုံးဆောင်ရွက်ပေးနေသည်။ တစ်ကမ္ဘာလုံးတွေ့ကြုံခံစားနေသော ကပ်ရောဂါဆိုးကြီးအတွက် ပြည်သူများ မှန်မှန်ကန်ကန်နေထိုင်ရေး၊ ကျန်းမာရေးအတွက် ဆောင်ရန် ရှောင်ရန်များ အချိန်နှင့်တစ်ပြေးညီဆောင်ရွက် ပြန်ကြားပညာပေးနေသည်မှာ မြန်မာ့အသံဖြစ်ပါသည်။

ပြီးခဲ့သော ၂၀၂၀ ပြည့်နှစ်သည် ရာပြည့်နှစ်များဆုံစည်းရာနှစ်ဖြစ်ခဲ့ပါသည်။ ထူးခြားသောနှစ်ဆိုကမှားပေ။ မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့်၊ ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်၊ အမျိုးသားအောင်ပွဲနေ့နှစ်တစ်ရာပြည့်၊ မြို့မအမျိုးသားကျောင်း ရာပြည့်နှစ်စသည့် ရာပြည့်နှစ်များ အသီးသီး ပြီးမြောက်ခဲ့ပါသည်။ ယခု ၂၀၂၁ နှစ်ဦးကာလတွင် မြန်မာ့အသံ (၇၅)နှစ်ပြည့်စိန်ရတုသဘင်သည် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင်ရောက်ရှိလာမည်ဖြစ်ပါသည်။ ဇန်နဝါရီလ ၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဒေါက်တာခင်မောင်လွင် (လမ်းမတော်) ဆောင်းပါးနှင့် ဇန်နဝါရီလ ၂၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)၏ "ငယ်ပေါင်းကြီးဖော် မြန်မာ့အသံ" ဆောင်းပါးများကို ဖတ်ရှုပြီး ကျွန်မ၏အတွေးများအတိတ်ကာလသို့ရောက်ရှိပြီး တမ်းတမှန်းဆလွမ်းရ မြန်မာ့အသံ၊ ငယ်ငယ်တုန်းက မြန်မာ့အသံကို ပြန်ပြောင်းမှန်းဆ လွမ်းမိပါတော့သည်။ တီဗွီ၊ ကက်ဆက်တွေ မပေါ်ခင်(မြန်မာပြည်တွင်)ရေဒီယို ထုတ်လွှင့်သောအခါ မြန်မာ့အသံကို အားထားခဲ့ရခြင်း ဖြစ်ပါသည်။ ကဏ္ဍပေါင်းစုံဖြင့် မိမိ၏ဆောင်ပုဒ်အတိုင်း ပြည်သူ့ထံအရောက် တင်ဆက်ပေးခဲ့သည်မှာ ယခု(၇၅)နှစ် ကာလမှတ်တိုင်တစ်ခု ခိုင်မာစွာ ရပ်တည်ခဲ့ပြီးဖြစ်ပါသည်။

**မမေ့နိုင်သောကဏ္ဍများ**

ငယ်ငယ်တုန်းက မြန်မာ့အသံကြော်ငြာကဏ္ဍသည် ကလေးများ အကြိုက်အများဆုံးဖြစ်ခဲ့ပါသည်။ စာရေးသူတို့ ကလေးသူငယ်ချင်းများ အသံပြိုင်အော်ဟစ်ကြသည်မှာ "အားရှိအောင် အိုဗာတင်းကိုဆောင်…အိုဗာတင်း…အိုဗာတင်းကိုသောက်ပါ" "ဟော….ဟော….ဟောလစ်၊ အိုဗာတင်းနှင့် ဟောလစ်ကြော်ငြာ"သည် ကလေးများ ပါးစပ်ဖျားတွင် စွဲမိနေခြင်းက ကြော်ငြာကဏ္ဍကို ပိုမိုအောင်မြင်စေပါသည်။

တမ်းတရသော မြန်မာ့အသံထုတ်လွှင့်မှု ကဏ္ဍများတွင် ဘောလုံးပွဲ အသံလွှင့် ထုတ်လွှင့်မှုကို ပြည်သူများ၊ ကလေးလူကြီးအားလုံး ကြိုက်နှစ်သက်ခဲ့ကြပါသည်။ ရုပ်မမြင်ရဘဲ အသံဖြင့်လွှင့်ထုတ်သွားသည်မှာ ဘောလုံးတစ်ကွင်းလုံး ကစားပုံများကို တိုက်ရိုက် မျက်စိဖြင့်ကြည့်နေရသကဲ့သို့ မြင်တွေ့ခံစားရသည်မှာ ထုတ်လွှင့်သူ၏ အသံဩဇာနှင့် အာဝဇ္ဇန်းရွှင်မှုကို မှတ်တမ်းပြုရမည် ဖြစ်ပါသည်။




ကျွန်မတို့ငယ်ငယ် ဖခင်ကြီးတာဝန်ကျရာ ရှမ်းပြည်နယ်တောင်ပိုင်း ကလော၊ တောင်ကြီးတွင် တာဝန်ကျစဉ် တိုင်းနှင့်ပြည်နယ် ဘောလုံးပွဲများ ကျင်းပမှုကို ရေဒီယိုမှ တိုက်ရိုက်ထုတ်လွှင့်မှုကို အမြဲအားပေးခဲ့ကြပါသည်။ ရောဝတီသားများဖြစ်၍ ရောဝတီတိုင်းနှင့် ယှဉ်ပြိုင်သောပွဲများကို မပြတ် အားပေးခဲ့ကြပါသည်။ အစ်ကိုကြီးဦးသန့်ဇင်၏ သူငယ်ချင်း ဘောလုံးသမား ဟသာ်တသားလှဌေး ပါဝင်ကစားနေခြင်းကြောင့်လည်း ပိုအားပေးခဲ့ကြပါသည်။ မြန်မာ့လက်ရွေးစင် အရွေးခံရသည်အထိ ခြေစွမ်းထက်လှသော အစ်ကိုလှဌေး၏ ကစားကွက်များကို ကျွန်မတို့ မမြင်ရသော်လည်း ထုတ်လွှင့်ရေးမှူး၏ အသံထုတ်လွှင့်မှုအောက်တွင် စီးမျောခံစားခဲ့ရပါသည်။

" ….. ရှေ့တန်းလူ လှဌေး သယ်သွားပြီခင်ဗျာ…. လှဌေးပဲခင်ဗျာ ….. လိမ်တယ် … ဝိုက်တယ်…ကွေ့တယ်ခင်ဗျာ… သယ်သွားပြီ … ဘယ်ခြေညာခြေ နှစ်ဖက်စလုံးနဲ့ဘောလုံးလိုမ့်ယူသွားတယ်ခင်ဗျာ… အင်မတန် လှတယ်ခင်ဗျာ … ကန်လိုက်ပြီ…ဂိုး … ဂိုး… ဂိုးပါတယ်ခင်ဗျာ…။ ရောဝတီတိုင်း ဂိုးစတင်ရရှိသွားပါပြီ…."

အသံထုတ်လွှင့်သူ၏ အားမာန်အပြည့် ဂိုးတယ်ခင်ဗျာ…..အဆုံး ကျွန်မတို့အားလုံး သံပြိုင်အော်ခဲ့ကြတာကို အခုတွေး၊ အခုမြင်ယောင်မိပါသည်။ အသံထုတ်လွှင့်ပေးသူမှာ ဦးလှဝင်းဖြစ်ကြောင်း သိရှိရပါသည်။ အစ်ကိုလှဌေးသည် ဘယ်ခြေ ညာခြေ နှစ်ဖက်စလုံး ဘောလုံးကောင်းစွာ ထိန်းနိုင်ပြီး ဂိုးကောင်းစွာ သွင်းနိုင်သော မြန်မာ့လက်ရွေးစင်ဘောလုံးသမားတစ်ဦးဖြစ်ပါသည်။ ယခုခေတ်ကဲ့သို့သော ရုပ်မြင်သံကြားများ ရှိခဲ့မည်ဆိုပါက ကစားကွက်များကို ရုပ်သံဖြင့် မှတ်တမ်းတင်နိုင်ခဲ့မှာဟု တွေးထင်နေမိပါသည်။

**ကဏ္ဍစုံထုတ်လွှင့်နိုင်ခဲ့မှု**

ကဏ္ဍစုံထုတ်လွှင့်သော မြန်မာ့အသံထုတ်လွှင့်မှုတွင် ကြိုက်နှစ်သက်သော ကဏ္ဍတစ်ခုမှာ" သီရိဂေဟာ" ဖြစ်ပါသည်။ "ကိုမြကြီးနဲ့ မခင်မူတို့ အိမ်ထောင်စု၏ ပျော်ရွှင်ကြည်နူးစရာ၊ အတုယူစရာ၊ ပညာပေးအဖြစ် အပတ်စဉ်တင်ဆက်ပေးရာ ကိုမြကြီး၏ "မူ"ရေ၊ မခင်မူ၏ "ကိုမြ"ရေ ခေါ်သံကို ယနေ့တိုင် ကြားယောင်နေဆဲဖြစ်ပြီး စာရေးသူမှာ ကိုမြကြီးနှင့် မခင်မူတို့၏ သမီးလေးတစ်ဦး ဖြစ်ချင်ခဲ့မိပါသည်။ သာယာသော သီရိဂေဟာလေး၏ မိသားစုဘဝကိုလည်း အားကျမိခဲ့ပါသည်။ ဤသီရိဂေဟာသည် ယခုခေတ် Facebook ရေစီးကြောင်းတွင် ဆရာကြီး ဦးမြဦး တင်ထားသော "Family" နှင့် အလွန်ကိုက်ညီလှပါသည်။ ဆရာကြီးက Family ၏ နောက်ဆုံး သုံးလုံး "ily" သည် "I Love You"ဟု အဓိပ္ပာယ်ရှိကြောင်း ဖွင့်ဆိုပြထားရာ ကိုမြကြီးနှင့် မခင်မူတို့၏ " Family" နှင့်အထူးကိုက်ညီလှပြီး မိသားစုအားလုံး စံနမူနာယူစရာ သီရိဂေဟာတစ်ခု မှတ်တိုင်တစ်ရပ်အဖြစ် မြန်မာ့အသံထုတ်လွှင့်မှု ကဏ္ဍစိုက်ထူခဲ့ပြီး ဖြစ်ပါသည်။

မြန်မာတို့သည် အာဝဇ္ဇန်းကောင်း၍ ဖြတ်ထိုးဉာဏ်တခ်ဇာပွတ္တိဉာဏ်များတို့လည်း ကောင်းမွန်ကြရာ "မြန်မာ့အသံ ကျော်ဦး"၏ မြန်မာ့အသံအတွေ့အကြုံများ စာအုပ်ကိုလည်း အမှတ်ရမိပြန်ပါသည်။ ယခုခေတ်လို နည်းပညာများ မပြန့်ပွား၊ မထွန်းကားသေးမီ Software အမျိုးမျိုး မပေါ်ပေါက်ခင်ကတည်းက မြန်မာတို့ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ပြည်သူထံအရောက် တင်ဆက်ပေးမှုများကို ဦးကျော်ဦး စာအုပ်တွင် ဖတ်ရှုရင်း ပီတိဖြာ ရယ်မောမိခဲ့ပုံများကိုလည်း အမှတ်ရနေမိပါသည်။ ဇာတ်လမ်းအရ မိုးခြိမ်းသံ၊ မိုးရွာသံများကို ဖန်တီးရာတွင် မိုက်ကရို ဖုန်းနားကပ်၍ ဆန်ကောတွင် ဆီးဖြူသီးများထည့်ကာ လက်ဖြင့် ဝေ့ဝိုက်လှုပ်ခါလိုက်ရာ မိုးချုန်းသံများကဲ့သို့ အသံများ ပီသစွာ ဖြစ်ခဲ့ရပါသည်။

**သတိရမိသော မြန်မာ့အသံအမှတ်တရ**

ဇာတ်လမ်းပမာများတင်ဆက်ရာတွင် အသံဖြင့် သရုပ်ဆောင်ရာ၌ ပျော်ရွှင်စရာ၊ ဝမ်းနည်းစရာများတွင် အချိန်တိုင်းပျော်ရွှင်မှု၊ ဝမ်းနည်းမှု ခံစားနေရသည် မဟုတ်၍ သဏ္ဍာန်လုပ် သရုပ်နှင့်တူသော အသံဖြင့် ပြုလုပ်ကြရာ တစ်ခုသောဇာတ်လမ်းတွင် ဟက်ဟက်ပက်ပက်ရယ်မောရမည့် အခန်းပါရှိသဖြင့် ထိုဇာတ်လမ်းလွှင့်ထုတ်ရန်အတွက် အသံလွှင့်ခန်းမထဲသို့ ဝင်ရောက်လာရာ တစ်ဦးသော ဝန်ထမ်းမှာ ထိုင်ခုံတွင် ထိုင်စဉ် ထိုင်ခုံကျိုးကျသွားသဖြင့် အမှတ်မထင် ကိုးရိုးကားရားဖြစ်သွားပုံ မြင်ကွင်းကို အသံလွှင့်မည့်သူများ အားရပါးရ ရယ်မောကြရာ တင်ပြမည့်ဇာတ်လမ်းအတွက် အံဝင်ခွင်ကျ ဖြစ်သွားကြောင်း မြန်မာ့အသံ အမှတ်တရအဖြစ် ပြန်ပြောင်း သတိရမိပါသည်။

တစ်ခါတုန်းကလည်း ဦးကျော်ဦးတို့ သူငယ်ချင်းတစ်သိုက် သတင်းမကြေညာမီ စကားဝိုင်းဖွဲ့ပြောနေကြစဉ် အချင်းချင်း နောက်ပြောင်ကြရင်း "ဟေ့ကောင်၊ သတင်းကြေညာရင် သတင်းခေါင်းစဉ်ကို ပီပီပြော" "သဒေါင်းခင်းစဉ် ဖြစ်မသွားစေနဲ့" ဟု ပြောနေရင်း အချိန်စေ့သွားသဖြင့် သတင်းကြေညာရန် ထုတ်လွှင့်ခန်းသို့ဝင်ပြီး သတင်းကြေညာဖို့ အသင့်ပြင်ရာမှ နိဒါန်းစကားပြောကြားပြီး သတင်းခေါင်းစဉ်ဟု ပြောရမည့်အစား စောစောကနောက်ပြောင်ခဲ့ကြသည့်အတိုင်း "သဒေါင်းခင်းစဉ်"ဟု ပြောကြားမိကြောင်း အမှတ်တရ ရေးသားခဲ့ပုံလည်း သတိရမိပါသည်။

ဦးကျော်ဦး၏ စာအုပ်၌ပင် ၎င်း၏သူငယ်ချင်း တပ်မတော်မှ အရာရှိတစ်ဦးသည် သွားလေရာ ရှေ့တန်းခရီးစဉ်တစ်လျှောက်လုံး အိတ်ဆောင်ရေဒီယိုလေးဖြင့် သတင်းများ၊ သီချင်းများ၊ သောတဆင်စရာများကို နားဆင်ရင်း အပန်းဖြေရကြောင်း၊ တစ်ခါတစ်ရံ နံနက်ခင်းအိပ်ရာထ တောထိုင်နေစဉ် ရေဒီယိုဖွင့်ရာ ဦးကျော်ဦး၏ သတင်းကြေညာသံကြားရ၍ ဝမ်းသာကြောင်း ပြောကြားရာ ဦးကျော်ဦးမှ သတင်းကြေညာတိုင်း **"ဒီကောင်ကြီး ငါ့အသံကို ဘယ်အခါ ဘယ်နေရာမှာ ဘာလုပ်နေတုန်း ကြားရမလဲမသိဘူး"** ဟု သတင်းကြေညာရင်း သူငယ်ချင်းကို သတိရကြောင်း ရေးသားထားသည့် မြန်မာ့အသံ၏ လွမ်းမောတသဖွယ်ရာ ပုံရိပ်ကလေးကို မှတ်သားမိပါသည်။ ယခုတော့ဖြင့် မြန်မာ့အသံ ဦးကျော်ဦးလည်း ကွယ်လွန်ခဲ့ပါပြီ။ သူရေးခဲ့သော အမှတ်တရများကတော့ ဆက်လက်ရှင်သန်ဆဲဖြစ်ပါသည်။

**စောင့်မျှော်နားဆင်စရာများ**

ဟိုတုန်းက တီဗွီများမရှိသေးသဖြင့် မြန်မာ့အသံမှ ထုတ်လွှင့်သော ဇာတ်လမ်း ပမာများမှာ သောတရှင်များအတွက် စောင့်မျှော်နားဆင်စရာများ ဖြစ်ပါသည်။ အသံဖြင့် သရုပ်ဆောင်ကြသော မြန်မာ့အသံဝန်ထမ်းများ၊ ရုပ်ရှင်သရုပ်ဆောင်များမှာ အလွန်တော်ကြသူများဖြစ်ပါသည်။ စာရေးသူမှတ်မိ ကြိုက်နှစ်သက်သော ဇာတ်လမ်းမှာ"ဦးပေါင်းစင်းနှင့် မြင်းညိုရှင်" ဖြစ်ပါသည်။ ဇာတ်လမ်းအစ မြင်းခွာသံများဖြင့် တီးလုံးကိုလည်းကောင်း၊ အကယ်ဒမီ စိန်မြင့်၊ အကယ်ဒမီ ကောလိပ်ဂျင်နေဝင်းတို့၏အသံများကိုလည်းကောင်း ကြိုက်နှစ်သက်ပါသည်။ အကယ်ဒမီ ဦးသိန်းမောင်ကြီး၊ အကယ်ဒမီ ဦးကျောက်လုံးတို့၏ အသံများမှာ မှတ်မိသိရှိလွယ်သော အသံများဖြစ်ပါသည်။

နောက်ထပ် ကြိုက်နှစ်သက်သော ဇာတ်လမ်းတစ်ပုဒ်မှာ "သော်တာဆွေ၏ ဒန့်သလွန်သီးဇာတ်လမ်း" ဖြစ်ပါသည်။ အဲဒီခေတ်ကာလတစ်လျှောက် အရပ်သုံးစကားအဖြစ် သော်တာဆွေ ဒန့်သလွန်သီးဝေသလို၊ ရှောင်းသလို ဖြစ်နေဦးမယ်ဟု ပါးစပ်ဖျား ရေပန်းစားခဲ့ဖူးပါသည်။ ဇာတ်လမ်းပမာများလာတိုင်း စာရေးသူတို့ မောင်နှမ ညီအစ်မတစ်သိုက် သရုပ်ဆောင် မင်းသားမင်းသမီး ဘယ်သူ့အသံဖြစ်ကြောင်း၊ အငြင်းအခုံပြုကြပုံ၊ ဇာတ်လမ်းအပြီး အသံသရုပ်ဆောင်မှာ မည်သည်မည်ဝါဖြစ်ကြောင်း ပြောကြားသည့်အခါ မှန်သောသူမှ အနိုင်ရပျော်ရွှင်ခဲ့ရပုံများကိုလည်း ပြန်လည် သတိရရှိနေပါသည်။ ယခုအခါ ဒါရိုက်တာကြည်စိုးထွန်းက ပြန်လည်၍ သရုပ်ဆောင် သင်တန်းသားအသစ်လေးများဖြင့် တင်ဆက်ပေးနေရာ အလွမ်းလည်းပြေ၊ အပန်းလည်းပြေ ဖြစ်ပါသည်။

ကဏ္ဍစုံဖြင့် တင်ဆက်မှုတွင် ကျွန်မ၏ မိခင်ကြီးမှာ "မြန်မာ့အစာနှင့် အာဟာရကဏ္ဍ"ကို မပြတ်နားဆင်လေ့ရှိပြီး အစာအာဟာရများ၏ ဆေးဖက်ဝင်မှု၊ ဆေးအသုံးဝင်မှု၊ ခံတွင်းမြိန်စေမှု၊ ဓာတ်ကျသော အပူ၊ အအေးဓာတ်တိုင်အလိုက် သီးနှံများကို ချက်ပြုတ်ကျွေးမွေးရာ ကျွန်မတို့မိသားစုဝင်အားလုံး ဆေးရုံဆေးခန်း မသွားရသလောက် ကျန်းမာကြပါသည်။ မိခင်ကြီးက အချဉ်အုပ်စိုးသော ဓာတ်တိုင်ရက်များတွင် ချဉ်ရည်ဟင်းများကို တစ်နေ့တစ်မျိုး မရိုးရလေအောင် ချဉ်ပေါင်၊ ကင်ပွန်းချဉ်၊ ဘူးသီး၊ ကျောက်ဖရုံသီးချဉ်ရည်၊ ရေကန်စွန်းရွက်ချဉ်ရည် စသည်ဖြင့် ခံတွင်းမြိန်အောင် ချက်ကျွေးရာ အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် ကျန်းမာ ပျော်ရွှင်ခဲ့ရပါသည်။ ရာသီအလိုက် ထွက်ပေါ်သော သီးနှံများ၏ အသုံးဝင်မှုများ၊ ဥတုဘောဇနကျမ်း၏ အဆိုအရဟုဆို၍ တင်ပြမှုများကို ဖခင်ကြီးက အမြဲတစေ မှတ်သား၍ ရာသီစာကို ရာသီအလိုက် စားသုံးစေခြင်းဖြင့် ကျွန်မ၏မိသားစု ကျန်းမာပျော်ရွှင်ခဲ့ရပါသည်။

**တနင်္ဂနွေထုတ်လွှင့်မှု**

တနင်္ဂနွေနေ့များတွင် မွေးနေ့လက်ဆောင်တေးများ၊ မင်္ဂလာလက်ဆောင်တေးများ၊ ထုတ်လွှင့်ရာ စာရေးသူအကြိုက်ဆုံးတေးတစ်ပုဒ်မှာ"တိရစ္ဆာန်ဥယျာဉ်" သွားလည်မည့် သီချင်းဖြစ်ပါသည်။ သီချင်းတစ်ပုဒ်လုံး လူကြီးစကားပြောသံ၊ ကလေးများနှင့် တိရစ္ဆာန်လေးများကို ပြသရင်း အမေးအဖြေ ပြောကြားသံများကို အတုယူရင်း ကလေးအချင်းချင်း သရုပ်ဆောင် ကစားခဲ့ပုံများကိုလည်း မြင်ယောင်မိဆဲဖြစ်ပါသည်။ သီချင်းအရ တိရစ္ဆာန်ဥယျာဉ်သို့ သွားပုံကို ကွင်းကွင်းကွက်ကွက် မြင်ယောင်မိဆဲ ဖြစ်ပါသည်။ *စာမျက်နှာ ၁၁ သို့*

"ပြန်ကြားပေးရန် မြန်မာ့အသံ၊ ပညာပေးရန် မြန်မာ့အသံ၊ ဖျော်ဖြေပေးရန် မြန်မာ့အသံ"၊ "လူထု အတွက် မြန်မာ့အသံ" ဆိုသည့် ဆောင်ပုဒ်အတိုင်း၊ လူထုအတွက် အကောင်းဆုံးဆောင်ရွက်ပေးနေသည်။ တစ်ကမ္ဘာလုံးတွေ့ကြုံခံစားနေသော ကပ်ရောဂါဆိုးကြီးအတွက် ပြည်သူများ မှန်မှန်ကန်ကန်နေထိုင်ရေး၊ ကျန်းမာရေးအတွက် ဆောင်ရန် ရှောင်ရန်များ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက် ပြန်ကြားပညာပေးနေသည်မှာ မြန်မာ့အသံဖြစ်"

# မလေး(မုံရွာ)၏ ယနေ့တိုင် မမေ့နိုင်ပါသော




ဤစာအုပ်သည် နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းတွင် ၂၅ လတိုင် အခန်းဆက်အဖြစ် ဖော်ပြခဲ့ပြီးဖြစ်သော ဝတ္ထုရှည် တစ်ပုဒ် ဖြစ်သည်။

ဤစာအုပ်၏ ထူးခြားချက်မှာ စိတ်ကူးယဉ်ဖန်တီးထားသော ဇာတ်လမ်းမဟုတ်ခြင်းပင်ဖြစ်သည်။ တစ်ရပ်ကွက်တည်း၊ တစ်လမ်းတည်းအတူနေခဲ့ကြသော လုလင်ပျိုလေးနှင့် လုံမပျိုလေးတို့သည် တက္ကသိုလ်ကျောင်းသူ ကျောင်းသားဘဝ ဒုတိယနှစ်လောက်ကပင် ချစ်သူတွေ ဖြစ်ခဲ့ကြ၏။ ချစ်သူဘဝမှသည် အိမ်ထောင်သည်ဘဝသို့ ရောက်ခဲ့သည်။

ခင်ပွန်းဖြစ်သူက တပ်မတော်သား တစ်ဦးဖြစ်သည်။ အိမ်ထောင်ကျပြီးနောက် ဇနီးဖြစ်သူသည် အလုပ်မှထွက်ကာ ခင်ပွန်းသည်အတွက် ပါရမီဖြည့်ဖက်တစ်ဦးအဖြစ် မခွဲမခွာ လိုက်ပါနေထိုင်ခဲ့သည်။ မိမိ၏ လုပ်ငန်းတာဝန်ကို အလွန်တစ်ရာ ချစ်မြတ်နိုး တန်ဖိုးထားသော ခင်ပွန်းသည်၏ ရာထူးအဆင့်ဆင့် မြင့်မားလာခဲ့ပုံ၊ မြင့်မားလာသော ရာထူးတာဝန်နှင့်အတူ ဖြတ်ကျော်ခဲ့ရသည့် ဘဝတစ်ဆစ်ချိုး အကွေ့အကောက်များ၏ ဆန်းကြယ်ပုံ၊ ကလောမြို့တွင် တာဝန်ထမ်းဆောင်နေစဉ် မိခင်အရင်းသည် တောင်ကြီးနေအိမ်၌ ကွယ်လွန်ဆုံးပါးသွားသည်ကိုပင် ကိုယ်ရေးကိုယ်တာအတွက် အထက်ဌာနသို့ ခွင့်ပန်တိုင်ကြားလိုခြင်း မရှိသည့်အတွက် ဇနီးသည်ကိုသာ စျာပနအခမ်းအနား သွားရောက်စီစဉ်စေခဲ့ပုံ၊ ခင်ပွန်းသည်သည် အလုပ်တာဝန်များကိုသာ ရှေ့တန်းတင်ရင်း စွဲကပ်လာသော ရောဂါဝေဒနာက တဖြည်းဖြည်း ပြင်းထန်လာသည့်အခါ နောက်ဆုံးအခြေအနေ၌ ဆေးရုံတက်ရောက်ကုသမှုခံယူပုံ၊ မိမိအား အပြီးအပိုင်ခွဲခွာသွားတော့မည် ချစ်သူခင်ပွန်းကို မကြည့်ရက်ကြည့်ရက် အကြည့်ခက်စွာ ပြုစုစောင့်ရှောက်ခဲ့ရပုံ၊ ခင်ပွန်းသည်ခမြားမှာလည်း သူ့အမြွာညီသည် မကြာမီက ဆုံးပါးသွားခဲ့ပြီကို သိပြီးဖြစ်သော်လည်း မိသားစုများက မသိအောင် ဖုံးကွယ်ထားသည့်အတွက် မသိလေဟန်ဆောင်ကာဝေဒနာသည်းထန်သည့်ကြားမှ ကြိတ်မှိတ်ခံစားသွားခဲ့လေပုံ စသည့်ဖြစ်ရပ်များကို စာရေးသူက ရိုးရိုးယဉ်ယဉ် သိမ်သိမ်မွေ့မွေ့ ရေးဖွဲ့ထားပေသည်။ သစ္စာတရားလွှမ်းခြုံ၍ မေတ္တာများဖြင့် မွှမ်းထုံအပ်သော ဤဝတ္ထုကို ဖတ်ရှုရင်း လေးစားဂုဏ်ယူထိုက်သောပြည်သူ့ဝန်ထမ်းကောင်းတစ်ဦး၏ မမေ့နိုင်ဖွယ်ပုံရိပ်များ၊ ဇနီး ခင်ပွန်းနှစ်ဦး၏ မြင့်မြတ်သော သစ္စာမေတ္တာပုံရိပ်များကို ရှုမြင်ခံစားနိုင်ပေသည်။

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ ဖုန်း (၀၉ ၈၇၃၆၅၃၆၂၅)မှ ထုတ်ဝေ၍ တစ်ပြည်လုံးသို့ ဖြန့်ချိသည်။ (ရောင်းဈေး-၅၅၀၀)

# မောင်(ဆေး-၁)၏ လှသော မွေးသော ပန်းနှင်းဆီ




အမျိုးသမီးများ သိမှတ်စရာ ကျန်းမာရေးဆောင်းပါးပေါင်းချုပ် စာအုပ်ဖြစ်သည်။ စာရေးသူသည် လူငယ်အမျိုးသမီး ဆရာဝန်တစ်ဦးဖြစ်သည့်အတွက် အရွယ်ရောက်ပြီးသူ အမျိုးသမီးများ၊ အိမ်ထောင်ကျပြီးသူ အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ မီးဖွားပြီးသော မိခင်များ၊ နို့တိုက်မိခင်များ စသည်ဖြင့် အရွယ်အပိုင်းအခြားအလိုက် အမျိုးသမီးများ သိသင့်သိထိုက်သော ကျန်းမာရေးပြဿနာများကို ဆောင်းပါး (၄၇)ပုဒ်ဖြင့် ရှင်းလင်းဖော်ပြထားသည်။

နိုင်ငံ့ဂုဏ်ရည် စာပေတိုက် (ဖုန်း-၀၉ ၈၇၃၆၅၃၆၂၅)မှ ထုတ်ဝေ၍ တစ်ပြည်လုံးသို့ ဖြန့်ချိသည်။ (ရောင်းဈေး-၄၀၀၀)

❐ *ကျောဖုံးမှ*

အသင်းကို အကောင်းဆုံးပြင်ဆင်လာဖွယ် ရှိနေသည်။ ချယ်ဆီးအသင်းက နည်းပြသစ်တူချယ်လက်ထက် ပထမဆုံးနိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ဘန်လေအသင်းနှင့်ပွဲစဉ်တွင် ရာတွေ့ခဲ့ပြီး ယခုပွဲစဉ်ကိုလည်း နှစ်ပွဲဆက်နိုင်ပွဲရရှိရန် အင်အားအတောင့်တင်းဆုံးပုံစံကို အသုံးပြုကာ ပြင်ဆင်လာဖွယ်ရှိနေသည်။

စပါးအသင်းနှင့် ချယ်ဆီးအသင်းတို့ နောက်ဆုံးထိပ်တိုက်တွေ့ခဲ့တာကတော့ ပြီးခဲ့သည့် နိုဝင်ဘာ ၂၉ ရက်ကဖြစ်ပြီး ဂိုးမရှိသရေကျထားသည်။

စပါးအသင်းတိုက်စစ်မှ ကိန်းနှင့် ဆွန်ဟောင်မင်တို့သည် အပေးအယူအချိတ်အဆက်မိမိကစားထားနိုင်သည်ကို တွေ့ရပြီး ယခုနှစ် ပရီမီယာလိဂ်တွင် အဆိုပါ ကစားသမားနှစ်ဦး၏ ဂိုးပါဝင် ပတ်သက်မှုကိုကြည့်လျှင် ၄၁ ကြိမ်အထိ ရှိထားသည်ကို တွေ့ရသည်။ အဆိုပါ ၄၁ ကြိမ်တွင် သွင်းဂိုးက ၂၃ ဂိုးရှိပြီး ဂိုးရရှိအောင် ထောက်ပံ့ပေးနိုင်သည့် အကြိမ်ရေက ၁၈ ကြိမ် ရှိထားသည်။ ချယ်ဆီးအသင်းတိုက်စစ်မှ ဝါနာနှင့် အေဗရာဟမ်တို့၏ ပရီမီယာလိဂ်ပြိုင်ပွဲ၌ ယခုနှစ်ရာသီ စွမ်းဆောင်ရည်ကိုကြည့်လျှင် ဂိုးပါဝင်ပတ်သက်မှု ၁၅ ကြိမ်သာ ရှိထားသည်။ ထို့ကြောင့် စပါးအသင်းတိုက်စစ်က ချယ်ဆီးအသင်း တိုက်စစ်ထက် အသာရနေသည်ကို တွေ့နိုင်ပေသည်။

ခြေရည်တူနှစ်သင်း ဆုံတွေ့နေပြီး အဆိုပါ နှစ်သင်း၏ ရလဒ်က ဘယ်လိုဖြစ်လာမလဲဆိုသည်ကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၂ နာရီခွဲတွင် အဆုံးအဖြတ်ပေးသွားတော့မည် ဖြစ်သည့်အတွက် ချယ်ဆီးအသင်းက အနိုင်ရလဒ်ကို ဖော်ဆောင်သွားနိုင်မလား၊ စပါးအသင်းက ရလဒ်မကောင်းတတ်သည့် အစဉ်အလာဆိုးကို ချေဖျက်သွားနိုင်မလား စောင့်ကြည့်ရမည် ဖြစ်သည်။ **အောင်ဇော်**

❖ *ကျောဖုံးမှ*

တိုက်စစ်တွင် ဒန်နီအင့်စ်နှင့် ချီအဒမ်စ်၊ ကွင်းလယ်တွင် အမ်စထရောင်း၊ ဂျန်ကီဝတ်ဇ်၊ ဝက်ပရောက်စ်နှင့် ဒီဂျန်နီပိုတို့ ပွဲထွက်ခဲ့သည်။ ပွဲစပြီး နှစ်မိနစ်တွင် ဆောက်သမ်တန် ကွင်းလယ်ကစားသမား ဂျန်ကီဝတ်ဇ် တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရ၍ အိမ်ရှင်မန်ယူအသင်းတို့ စောစောစီးစီး တစ်ယောက်အသာဖြင့် ယှဉ်ပြိုင်ခဲ့ရသည်။ မန်ယူအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်တွင် ဘစ်ဆာကာက အဖွင့်ဂိုးသွင်းယူခဲ့ပြီး ၂၅ မိနစ်တွင် ရက်ရှ်ဖို့ဒ်နှင့် ၃၄ မိနစ်တွင် ဆောက်သမ်တန်နောက်တန်းကစားသမား ဘတ်နာရက်ခ် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ပြီး ပွဲချိန် ၃၉ မိနစ်တွင် တိုက်စစ်မှူး ကာဗာနီ၊ ၆၉ မိနစ်နှင့် မိနစ်ကိုးဆယ်တွင် မာရှယ်လ်၊ ၇၁ မိနစ်တွင် တိုမီနေး၊ ၈၇ မိနစ်တွင် ပယ်နယ်တီမှ ဘရူနိုဖာနန်ဒက်စ်နှင့် သာမန်ပွဲကစားချိန် မိနစ်ကိုးဆယ်ပြည့်ပြီး နာကျင်အချိန်ပို သုံးမိနစ်တွင် ဒန်နီရယ်ဂျိမ်းစ်တို့က မန်ယူအတွက် ဂိုးများသွင်းယူပေးခဲ့သည်။ ဆောက်သမ်တန်အသင်းမှ ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့သည့် နောက်တန်းကစားသမား ဘတ်နာရက်ခ်သည် မိနစ် ၈၆ မိနစ်တွင် တိုက်ရိုက်အနီဖြင့် ထပ်မံထုတ်ပယ်ခြင်းခံခဲ့ရသည်။ မန်ယူအသင်းသည် ယနေ့ပွဲတွင် အိုးထရက်ဖို့ဒ်ကွင်း၌ နှစ်ယောက်အသာစီးဖြင့် ဂိုးကန်သွင်းခွင့် ၂၄ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ရာ ၁၄ ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ဆောက်သမ်တန်က သုံးကြိမ်သာ ဂိုးကန်သွင်းခွင့်ရခဲ့ပြီး တစ်ကြိမ်ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။

ပရီမီယာလိဂ် ပွဲစဉ်(၂၂) အခြားပွဲစဉ်ရလဒ်များအဖြစ် ရက်ဖီးလ်ယူနိုက်တက်က ဝက်စ်ဘရွန်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပဲလေ့စ်က အဝေးကွင်းတွင် နယူးကာဆယ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဝုလ်အသင်းသည် အိမ်ကွင်း၌ အာဆင်နယ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **သီဟ**

*စာမျက်နှာ ၁၀ မှ*

သုံးဘီးကားဖြင့်သွားပုံ၊ ဖခင်မှ မိခင်အား သုံးဘီးကားခ ပေးခိုင်းပုံ "သုံးဘီးဆရာရေ ရောက်ပါပြီလေ… ပြားခြောက်ဆယ် ပိုက်ဆံကြွေ…. ပေးလိုက်စမ်းပါ ကလေးတို့အမေ…" "ဟုတ်ကဲ့မောင်ရေ ပေးလိုက်ပါပြီလေ" အဲဒီစာသားအတိုင်း ကစားခဲ့ပုံများကိုလည်း ပုံရိပ်ထင်နေဆဲဖြစ်ပါသည်။ ဝက်ဝံ၊ မျောက်တို့၏ အကြောင်းနှင့် နောက်ဆုံးဆင်မလေး "မိုမို" ကို ခေါ်သံ၊ မိုမို ထူးသံများကို အလွန်ကြိုက်နှစ်ခဲ့ရပါသည်။

ပြန်ကြားပေးရန် မြန်မာ့အသံဆိုသည့်အတိုင်း ပေဖူးလွှာကဏ္ဍ၊ စစ်မြေမှ စစ်သည်သို့ ကဏ္ဍများလည်း တင်ဆက်ရာ တပ်မတော်သားစစ်သည်များနှင့် မိဘပြည်သူများအကြား လေလှိုင်းမှတစ်ဆင့် ဆက်သွယ်ပြောကြားသည်များကို ကြားရသူအဖို့ ဝမ်းနည်းဝမ်းသာဖြစ်ခဲ့ရပါသည်။ စာရေးသူအဖို့ ပြန်ကြားပေးနေသော ဝန်ထမ်း၏ "စာမလာ သတင်းမကြားရသည်မှာ ကြာပြီဖြစ်ပါ၍ ဤသတင်းကိုရရှိပါက မိသားစုထံ ဆက်သွယ်ပြန်ကြားပေးပါရန်" ဟု ဆိုတိုင်း အဆိုပါ စစ်သည်နှင့် မိသားစု အမြန်အဆက်အသွယ်ရစေကြောင်း ဆုတောင်းပေးခဲ့မိပါသည်။

ကျွန်မ နောက်ထပ်ကြိုက်နှစ်သက်သော ထုတ်လွှင့်မှုတစ်ရပ်မှာ ကွက်စိပ်ကဏ္ဍဖြစ်ပါသည်။ ပညာရှင်တစ်ဦးတည်းက ဇာတ်ကွက်အလိုက် သရုပ်ဖော်ရာတွင် ဇာတ်ကောင်အမျိုးမျိုး၏ ပုံသဏ္ဍာန်ပေါ်လွင်အောင် အသံဖြင့် အနိမ့်အမြင့်၊ အတက်အကျ ပျော်ရွှင်စရာ၊ ဝမ်းနည်းစရာ၊ ဒေါသဖြစ်စရာ စရိုက်အမျိုးမျိုးကို ပေါ်လွင်အောင် အဆို၊ အငို ၊ အပြောများဖြင့် တင်ဆက်သွားရာ စာရေးသူ ကလေးများအကြိုက် (လူကြီးများလည်းကြိုက်ပါသည်)ဖြစ်ပါသည်။ ထုတ်လွှင့်ပေးသော ပညာရှင်မှာ ဆရာကြီးဒဂုန်ဆရာတင် ဖြစ်ပါသည်။

**သီချင်း ကဗျာများ**

မြန်မာ့အသံအမှတ်တရ ရေးစရာများရေးရင်း စာရေးသူတို့ အလယ်တန်းအဆင့် မန္တလေးမြို့ ဆရာအတတ်သင် လေ့ကျင့်ရေးကျောင်းတွင် ပညာသင်ကြားစဉ် အသံသွင်းထားသော သီချင်းကဗျာများကိုလည်း သတိတရရှိနေမိခဲ့ပါသည်။ ဆရာအတတ်သင်ကျောင်း၏ ဂီတမှူးဆရာကြီးမှာ စန္ဒရားဦးချစ်ငွေ ဖြစ်ပါသည်။ စာရေးသူတို့ ဆဋ္ဌမတန်း အတန်းပိုင်ဆရာမှာ ဆရာ ဦးဉာဏ်ဝင်း (ဦးဉာဏ်ဝင်းစိန်) ဖြစ်ပါသည်။ ဆရာနှင့် ဆရာဦးချစ်ငွေမှာ ဘုတလင် တစ်နယ်တည်းသားများဖြစ်ကြ၍ ဂီတမိတ်ဆွေများလည်း ဖြစ်ပါသည်။ ဆရာဦးချစ်ငွေက စန္ဒရားပိုင်သလို ဆရာဦးဉာဏ်ဝင်းက ပတ္တလား၊ တယော၊ မယ်ဒလင်များ ပိုင်နိုင်ပါသည်။ ထိုစဉ်က အဆိုတော် "ထား" ၏ ခင်ပွန်း ဖြစ်သူ ဒေါက်တာ ဦးကြည်ခင် တာဝန်ကျရာ မန္တလေးတွင် လာရောက်နေထိုင်သဖြင့် မြန်မာ့အသံမှ တာဝန်ရှိသူများ မန္တလေးရောက်တိုင်း မြို့မဂီတအဖွဲ့၊ သင်္ဂဟအဖွဲ့များဖြင့် "ထား" နှင့် အသံများ သွင်းယူသွားလေ့ရှိပါသည်။

သို့ဖြစ်၍ မြန်မာ့အသံ ကလေးကဏ္ဍများအတွက် ကလေးသီချင်းများ လာရောက်သွင်းယူရာ မန္တလေး ဆရာအတတ်သင် ဂီတမှူးဦးချစ်ငွေ၏ စန္ဒရားလက်သံ၊ ကဗျာဆရာတင်မိုး၏ "ထီးကလေးနဲ့မနီ" ကဗျာအပါအဝင် ကလေးကဗျာတေးများ သွင်းယူသွားလေရာ လေ့ကျင့်ရေးကျောင်းသူ စာရေးသူတို့ အသံများ အဆိုဖြင့် ပါနေပါဦးမည်။ အဆိုတော် "ထား" ၏ ကြည်လင်အေးမြသောအသံဖြင့် "လူလေးကြီးရင် ဘာလုပ်မယ် မေမေ… မေးရင်ကွယ်… ကလေးများသံပြိုင် – ဆရာဝန်ကြီး … အင်ဂျင်နီယာကြီး… ကျောင်းဆရာကြီးလုပ်ပါမယ်...စသည်ဖြင့်…"

ဆရာဦးချစ်ငွေ သံစဉ်သွင်းထားသော "ဝါဆိုပွဲ" ကဗျာတွင် "အမေဆိုဆဲ ဝါဆိုပွဲ…လှည်းကလေးနဲ့သွားရအောင်… လှည်းကလေးနဲ့ သွားရအောင်…ကုက္ကိုပင် မြန်မြန်ခုတ်… လှည်းလုပ်ပါမောင်…လှည်းလုပ်ရင်ကြာလိမ့်မယ်…မဘုတ်ဆုံ တင်ဆုံကြီး…လှည်းလုပ်လို့စီး"စာရေးသူတို့ ကလေးများသံပြိုင်ဖြင့် သရုပ်ဖော်ဆိုကြပုံများကို ထင်ယောင်မြင်ယောင်မိဆဲပါပဲ။ "အမေဆိုဆဲ ဝါဆိုပွဲ" ကဗျာစာသားများကို Versions အမျိုးမျိုး၊ အနေးအမြန် အမျိုးမျိုးဖြင့် အသံသွင်းခဲ့ရာ ကလေးများကဏ္ဍမှာ အောင်မြင်သော တေးတစ်ပုဒ်ဖြစ်ခဲ့ပါသည်။ ဓာတ်ပြားများ ထိန်းသိမ်းခန်းတွင် ရှိများရှိလေဦးမလား။

ယခင်က နေ့စဉ် နံနက် ၇ နာရီမှ စတင်ထုတ်လွှင့်သော မြန်မာ့အသံသည် နေ့စဉ်တာဝန်ကျဝန်ထမ်းမှ "သောတရှင်များ ကျန်းမာတော်မူကြပါစေရှင့်/ခင်ဗျာ" နှုတ်ခွန်းဆက်စကားမှ စတင်၍ နံနက်ပိုင်း၊ နေ့လယ်ပိုင်း၊ ညပိုင်း အသီးသီး အပိုင်းအခြားအလိုက် တင်ပြ၍ ကဏ္ဍအလိုက် တင်ဆက်ရင်း ထုတ်လွှင့်မှုအစီအစဉ် ဤတွင်ပြီးဆုံးပြီဖြစ်ပါ၍ သောတရှင်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာတော်မူကြပါစေရှင်/ခင်ဗျာ" အဆုံးသတ်ထုတ်လွှင့်မှု အဆုံးတီးလုံးပြီးသည်နှင့် စာရေးသူတို့ ကလေးများအိပ်ရာဝင်ချိန် စည်းကိုက်ဝါးကိုက် ဖြစ်ပါသည်။ ရေးရရင် ကုန်နိုင်မည်မထင်တော့ပါ။ တွေးရင်း ပေါ်လာရင်းနဲ့ ဆုံးနိုင်မယ်မထင်ပါ။

၁၉၄၆ ခုနှစ်မှ စတင်သန္ဓေတည်ခဲ့သော မြန်မာ့အသံသည် ခေတ်အဆက်ဆက် ပြောင်းလဲမှုများအလိုက်၊ တိုးတက်ဖြစ်ပေါ်မှုများအလိုက် ပြောင်းလဲ၍ ခိုင်မာသော သတင်းမီဒီယာတစ်ရပ်အဖြစ် ရပ်တည်လာခဲ့သည်မှာ စိန်ရတုသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

**ရွှေရတု၊ စိန်ရတုမှသည် ရာပြည့်ဆီသို့**

ယခုကဲ့သို့ ကိုဗစ်ကပ်ဆိုးကြီးကာလအတွင်း ပြည်သူများကို ကဏ္ဍပေါင်းစုံ၊ ရှုထောင့်စုံ၊ ဖြေဖျော်မှုများဖြင့် စိတ်ဓာတ်ခွန်အား ဖြည့်ဆည်းပေးနေသည်မှာ အိမ်တွင်းမှ အခြေမပျက် နားသောတဆင်ရင်း နေထိုင်မှုပုံစံသစ်ကို သွားနေကြရပါသည်။ သတင်းလည်းမပြတ်၊ တရားလည်းနာ၊ ရာသီအလိုက် ပွဲတော်များကိုလည်း ခေတ်သစ်ပုံစံဖြင့် တင်ဆက်ပေးနေသည်မှာ မြန်မာ့အသံမြန်မာ့ရုပ်သံ၏ ဂုဏ်ယူစရာ မှတ်တမ်းပြုရမည် ဖြစ်ပါသည်။

ကြုံတောင့်ကြုံခဲ ရုပ်ရှင်ရာပြည့်နှင့် တက္ကသိုလ်ရာပြည့်ပွဲတော်များ၊ အမျိုးသားနေ့ရာကျော်အောင်ပွဲများကိုလည်း ခေတ်သစ်ပုံစံဖြင့် ဆွေးနွေးပွဲများ၊ တေးသီချင်းကဏ္ဍများစွာဖြင့် ရက်ရှည် ထုတ်လွှင့်ပေးခဲ့သည်မှာ မှတ်တမ်းတင်ရမည်ဖြစ်ပါသည်။

မြန်မာ့အသံထုတ်လွှင့်မှုများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ကဏ္ဍစုံလည်း ခေတ်မီစက်ပစ္စည်းများဖြင့် လေလှိုင်းကြားမှ တင်ဆက်ပေးနေသည်မှာ ဂုဏ်ယူစရာဖြစ်ပါသည်။ စာရေးသူကျွန်မကိုယ်တိုင် Home Stay ကာလ အိမ်တွင်းမှနေ၍ တက္ကသိုလ်ရာပြည့် မြန်မာ့အသံထုတ်လွှင့်မှု **"တစ်ချိန်တုန်းက တက္ကသိုလ်"** နှင့် **"ဇရာကိုဖြတ်ကျော်ခြင်းကဏ္ဍ"** ကို ပါဝင်ထုတ်လွှင့်နိုင်ခဲ့ခြင်းကိုလည်း မှတ်တမ်းပြုရပါသည်။

နေ့စဉ်နံနက် ၈ နာရီနှင့် ည ၈ နာရီ သတင်းထုတ်လွှင့်ရန် အချိန်ကျရောက်တိုင်း(စံတော်ချိန်) တီးလုံးကိုလည်း များစွာ သဘောကျမိပါသည်။ မြန်မာတူရိယာ သံစဉ်စစ်စစ်ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် တီးလုံးသံစဉ်မှာ ယခု (၇၅) နှစ်တိုင်သည်အထိ မရိုးနိုင်သော မြန်မာ့အသံ၏ သင်္ကေတတစ်ရပ်ဖြစ်ပါသည်။ တီးလုံးသံဆုံး၍ ၈ နာရီ အချက်ပေးသံသည်လည်း စာရေးသူတို့ သောတရှင်များအဖို့ မြန်မာစံတော်ချိန် နာရီတိုက်ရန်အတွက် အကောင်းဆုံး အမှတ်အသားတစ်ခုဖြစ်ပါသည်။ ယခုအချိန်အထိလည်း မြန်မာစံတော်ချိန်ကို ဤအတိုင်း တိုက်လျက်ရှိဆဲဖြစ်ပါသည်။

"နှစ်ပေါင်း (၇၀)" ကျော် (၇၅)နှစ်တိုင် အသစ်အဟောင်း အသွယ်သွယ် ဘယ်လိုပင်ပြောင်းပြောင်း နှစ်ဟောင်းက ခေတ်ဟောင်း မြန်မာ့အသံကိုတော့ မှန်းဆတမ်းတ မြင်ယောင်ဆဲ၊ အသစ်တွေ ဘယ်လိုကောင်းကောင်း အဟောင်းကတော့ ကောင်းမြဲကောင်းဆဲ တမ်းတဆဲပါပဲ"၊ ရွှေရတု၊ စိန်ရတုမှသည် ရာပြည့်တိုင်အောင် မြန်မာ့အသံ/မြန်မာ့ရုပ်မြင်သံကြား အစွန့်ရှည်တည်တံ့ အောင်မြင်ပါစေ။ အသစ်သစ်သော နည်းပညာများဖြင့် လူထုအား ပညာပေးခြင်း၊ ပြန်ကြားပေးခြင်းများဖြင့် … ခေတ်ဟောင်း ခေတ်သစ် မြန်မာ့အသံ ဝန်ထမ်းများအားလုံးသို့ ဂုဏ်ပြုလျက် …။ ။

# ထိန်းသိမ်းခံ တောင်ကိုရီးယားသင်္ဘောမှအမှုထမ်းများအား ပြန်လွှတ်ပေးရန် အီရန်၏ဆုံးဖြတ်ချက်ကို တောင်ကိုရီးယားကြိုဆို

**ဆိုးလ် ဖေဖော်ဝါရီ ၃**

ပြီးခဲ့သည့် ဇန်နဝါရီလအစောပိုင်းတွင် အီရန်ဆိပ်ကမ်း၌ ဖမ်းဆီးထိန်းသိမ်းလိုက်သည့် တောင်ကိုရီးယား ရေနံတင်သင်္ဘောမှ သင်္ဘောအမှုထမ်းများအား လွှတ်ပေးရန် အီရန်၏ ဆုံးဖြတ်ချက်ကို တောင်ကိုရီးယားနိုင်ငံက ကြိုဆိုပါကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားလိုက်သည်။

တောင်ကိုရီးယားနိုင်ငံ၏ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ချွိုင်ဂျွန်ကန်သည် ဖေဖော်ဝါရီ ၂ ရက် ညပိုင်းက အီရန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆေယက် အာဘတ်စ်အာရက်ချီနှင့် မိနစ် ၃၀ ကြာအောင် ဖမ်းဆီးထိန်းသိမ်းခံ တောင်ကိုရီးယား ရေနံတင်သင်္ဘောအရေးကို တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

ဆွေးနွေးမှုအတွင်း အာရက်ချီက တောင်ကိုရီးယားသင်္ဘောမှ အမှုထမ်းများအား ပြန်လွှတ်ပေးရန် အီရန်၏ ဆုံးဖြတ်ချက်ကို ချွိုင်အား အသိပေးခဲ့ကြောင်း သိရသည်။ ဓာတုညစ်ညမ်းစေမှုစွပ်စွဲချက်ဖြင့် ဇန်နဝါရီ ၄ ရက်တွင် အီရန်စစ်တပ်က ဖမ်းဆီးထိန်းသိမ်းလိုက်သည့် ရေနံတင်သင်္ဘောပေါ်တွင် သင်္ဘောသား ၂၀ ပါဝင်ပြီး တောင်ကိုရီးယားနိုင်ငံသား ငါးဦး၊ မြန်မာနိုင်ငံသား ၁၁ ဦး၊ အင်ဒိုနီးရှားနိုင်ငံသားနှစ်ဦး၊ ဗီယက်နမ်နိုင်ငံသား နှစ်ဦးတို့ဖြစ်ကြောင်း သိရသည်။ ထိန်းသိမ်းခံ တောင်ကိုရီးယားရေနံတင်သင်္ဘောပေါ်မှ အမှုထမ်းများအား ပြန်လွှတ်ပေးရန် ဆုံးဖြတ်ချက်ကို ကြိုဆိုလိုက်ပြီး သင်္ဘောကပ္ပတိန်နှင့် သင်္ဘောကိုပါ အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီးချွိုင်ဂျွန်ကန်က တောင်းဆိုလိုက်ကြောင်းသိရသည်။ **အေအက်ဖ်ပီ**



အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့မှ ရေယာဉ်များ ဝိုင်းရံထားသည့် တောင်ကိုရီးယားအလံလွှင့် ရေနံတင်သင်္ဘောကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်။

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၂၆၆ ဦး တွေ့ရှိ

**မနီလာ ဖေဖော်ဝါရီ ၃**

ဖိလစ်ပိုင်နိုင်ငံတွင် ဖေဖော်ဝါရီ ၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၂၆၆ ဦးရှိခဲ့ရာ တစ်နိုင်ငံလုံးရောဂါကူးစက်ခံရသည့် အတည်ပြုလူနာ အရေအတွက် စုစုပေါင်း ၅၃၀၁၁၈ ဦး အထိရှိလာပြီဖြစ်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ထုတ်ပြန်ခဲ့သည်။

နိုင်ငံအတွင်း ရောဂါကြောင့် သေဆုံးသူ ၆၈ ဦး ထပ်တိုးလာခဲ့ပြီးနောက် တစ်နိုင်ငံလုံးရှိ သေဆုံးသူ အရေအတွက်စုစုပေါင်း ၁၀၉၄၂ ဦး အထိရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဌာနက ပြောသည်။ ရောဂါပျောက်ကင်းသွားသဖြင့် ဆေးရုံမှပြန်ဆင်းလာသူ ၁၃၀ ရှိရာ တစ်နိုင်ငံလုံး ရောဂါပျောက်ကင်းသွားသူ အရေအတွက် စုစုပေါင်း၄၈၇၇၇၂ ဦးရှိပြီဖြစ်သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံတွင် လက်ရှိအချိန်အထိ ပြည်သူ ၇ ဒသမ ၄ သန်းကျော်ကို ကိုဗစ်-၁၉ စစ်ဆေးခြင်းဆောင်ရွက်ထားပြီဖြစ်သည်။ ဖိလစ်ပိုင်အစိုးရ အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး ဦးဆောင်သည့် COVAX အစီအစဉ်မှ ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမ အသုတ်ဖြစ်သည့် ကာကွယ်ဆေး ၁၁၇၀၀၀ ကို မြို့တော်မနီလာရှိ အစိုးရဆေးရုံလေးခုတို့တွင် တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေး ဝန်ထမ်းပေါင်း ၅၆၀၀၀ ခန့်ကို ထိုးနှံပေးနိုင်ရန် စီစဉ်နေကြောင်း ကိုဗစ်-၁၉ တိုက်ဖျက်ရေး အမျိုးသားလုပ်ငန်းဆောင်ရွက်မှုအဖွဲ့ လုပ်ငန်းဖော်ဆောင်ရေးအကြီးအကဲ ကာလီတိုဂယ်လ်ဗက်ဇ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ **ဆင်ဟွာ**



# တီပီပီ စာချုပ်တွင် ပါဝင်ခြင်းဖြင့် ဒေသတွင်းကုန်သွယ်ဖက်နိုင်ငံများ နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည်ဟု ဗြိတိန် ယုံကြည်

**လန်ဒန် ဖေဖော်ဝါရီ ၃**

ပစိဖိတ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (TPP) တွင် ပါဝင်ခြင်းဖြင့် ဗြိတိန်နှင့် အာရှ-ပစိဖိတ်ဒေသအတွင်းရှိ ကုန်သွယ်ဖက်နိုင်ငံများအတွင်း နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေနိုင်မည်ဟု ယုံကြည်ကြောင်း ဗြိတိန်အစိုးရအဖွဲ့ ဝန်ကြီးတစ်ဦးက ပြောကြားခဲ့သည်။

ဗြိတိန်အစိုးရသည် စီးပွားရေးအရ မိတ်ဖက်နိုင်ငံအဖြစ် ပူးပေါင်းရန် ယခုနှစ်တွင် တီပီပီ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် ဂျပန်နိုင်ငံကို တရားဝင်တောင်းဆိုခဲ့ကြောင်း သိရသည်။ ဗြိတိန်နိုင်ငံသည် နိုင်ငံတကာနှင့် အခြေခံစံညွှန်းများ တူညီပြီး မဟာဗျူဟာမြောက်သည့် မဟာမိတ်နိုင်ငံတစ်ခုဖြစ်ကြောင်းနှင့် ဗြိတိန်၏ တောင်းဆိုချက်ကို ကြိုဆိုကြောင်း ဂျပန်စီးပွားရေး ပြန်လည်အားကောင်းလာစေရေးဝန်ကြီး နီရှီမူရာ ယူဆာတိုရှီက ပြောကြားခဲ့သည်။

ဗြိတိန်၏ တောင်းဆိုမှုသည် အာရှ-ပစိဖိတ်ဒေသကို ဖြတ်ကျော်ကာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နိုင်ငံတကာ စည်းကမ်းများချဲ့ထွင်မှုကို ဦးတည်သည့် ခြေလှမ်းတစ်ရပ်ဖြစ်လာနိုင်ကြောင်း မစ္စတာ နီရှီမူရာက ပြောကြားခဲ့သည်။ တီပီပီသဘောတူစာချုပ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရန် ဗြိတိန်၏ လျှောက်ထားချက် အဆင်ပြေချောမွေ့စေရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ဂျပန်စီးပွားရေး ပြန်လည်အားကောင်းလာစေရေးဝန်ကြီး မစ္စတာ နီရှီမူရာ ယူဆာ တိုရှီက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်၌ ရဲတပ်ဖွဲ့နှင့် စစ်သွေးကြွများ အပြန်အလှန်သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ ရှစ်ဦးသေဆုံး

**ကဘူးလ် ဖေဖော်ဝါရီ ၃**

အာဖဂန်နစ္စတန် အနောက်မြောက်ပိုင်း ဘက်ဂစ်ပြည်နယ်တွင် ဖေဖော်ဝါရီ ၃ ရက်က စစ်သွေးကြွများနှင့် ရဲတပ်ဖွဲ့တို့ အပြန်အလှန်သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ စစ်သွေးကြွရှစ်ဦးသေဆုံးပြီး ရဲတပ်ဖွဲ့ဝင်လေးဦး အပါအဝင် ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲချုပ် ဖီဒါမိုဟာမက် ပီရာဇာဒါက ပြောကြားခဲ့သည်။

**နှစ်နာရီကြာ ဖြစ်ပွား**

အခင်းဖြစ်ပွားပုံမှာ ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် တာလီဘန်စစ်သွေးကြွတစ်စုက ဘက်ဂစ်ပြည်နယ် ကွာဒစ်ဒေသရှိ လုံခြုံရေး စစ်ဆေးရေးဂိတ်ကို တိုက်ခိုက်ရာမှ နှစ်ဖက်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ အပြန်အလှန်ပစ်ခတ်မှုသည် နှစ်နာရီကြာအောင် ဖြစ်ပွားခဲ့ပြီးနောက် စစ်သွေးကြွများ ထွက်ပြေးသွားခဲ့ကြသည်။

**ထိခိုက်ဒဏ်ရာရရှိ**

ပစ်ခတ်မှုအတွင်း စစ်သွေးကြွခုနစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပီရာဇာဒါက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ၃ ဒသမ ၅၈ သန်း နီးပါးဖြစ်လာ

**အဒစ်အဘာဘာ ဖေဖော်ဝါရီ ၃**

အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက်မှာ ဖေဖော်ဝါရီ ၂ ရက်တွင် ၃၅၇၉၃၆၈ ဦး အထိရှိလာခဲ့ကြောင်း အာဖရိက ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဗဟိုဌာနက ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအေဂျင်စီမှ ဖော်ပြချက်အရ အာဖရိက၌ ကိုဗစ်-၁၉ နှင့် ဆက်နွှယ်သည့် သေဆုံးသူ အရေအတွက် ၉၁၅၂၄ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။ ရောဂါ ကူးစက်ခံရပြီးနောက် ပြန်လည်ပျောက်ကင်းသွားသူ အရေအတွက် စုစုပေါင်းမှာ ၃၀၇၄၁၅၄ ဦး ရှိပြီဖြစ်သည်။ အာဖရိကဒေသတွင် တောင်အာဖရိကသည် ရောဂါကူးစက် ဖြစ်ပွားမှု အဆိုးဆုံးဖြစ်ပွားလျက်ရှိပြီး မြောက်အာဖရိကက ဒုတိယအဆိုးဆုံး ဖြစ်သည်။

ရောဂါကူးစက်ဖြစ်ပွားမှု အဆိုးဆုံး အာဖရိကနိုင်ငံများတွင် တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီဂျစ်နှင့် အီသီယိုပီးယားနိုင်ငံများ ဖြစ်ကြောင်း အာဖရိက ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဗဟိုဌာနက ဖော်ပြသည်။ အာဖရိကတွင် ဖေဖော်ဝါရီ ၂ ရက်က ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ အရေအတွက် စုစုပေါင်း ၄၄၃၉၉ ဦးအထိ ရှိလာခဲ့သည်။

**ဆင်ဟွာ**



# ပါကစ္စတန်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်း စတင်

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၃

**နိုင်ငံအတွင်းဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို ထိန်းချုပ်နိုင်ရန်အတွက် ပါကစ္စတန်ဝန်ကြီးချုပ် အမ်မရမ်ခန်က ဖေဖော်ဝါရီ ၂ ရက်က တရုတ်နိုင်ငံက လှူဒါန်းထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးများဖြင့် နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို စတင်ခဲ့သည်။**

ပါကစ္စတန်လေတပ်အထူးလေယာဉ်ဖြင့် သယ်ဆောင်လာသော တရုတ်နိုင်ငံမှ ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ်သည် ပေကျင်းမှ ပါကစ္စတန်သို့ ဖေဖော်ဝါရီ ၁ ရက် နေ့အစောပိုင်းက ရောက်ရှိလာခဲ့သည်။

ဝန်ကြီးချုပ်အိမ်တော်တွင် ပထမဆုံးအကြိမ် ဆရာဝန်တစ်ဦးကို ကာကွယ်ဆေးထိုးပေးခြင်းဖြင့် စတင်ခဲ့သော ကာကွယ်ဆေးထိုးလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲခဲ့သော ခန်က ပါကစ္စတန်ကို ကာကွယ်ဆေးလှူဒါန်းခဲ့သော တရုတ်နိုင်ငံကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ လူနာများနှင့် ထိတွေ့လုပ်ကိုင်နေရသော ရှေ့တန်းမှ ကျန်းမာရေးဝန်ထမ်းများကို ကာကွယ်ဆေးများကို ပထမဆုံး ထိုးပေးမည်ဖြစ်ကြောင်း၊ ထို့နောက်တွင် အသက်အန္တရာယ်အချိန်မရွေး ဖြစ်ပေါ်လာနိုင်သည့် သက်ကြီးဘိုးဘွားများကို ဆက်လက်ထိုးပေးမည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို နိုင်ငံအတွင်းရှိ ပြည်နယ်များသို့ ညီတူမျှတစွာ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

၎င်းက ပြည်သူများကို ကိုဗစ်-၁၉ ကာကွယ်ဆေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဆက်လက်လိုက်နာကျင့်သုံးရန်၊ နှာခေါင်းစည်းတပ်ဆင်ကြရန်နှင့် ပါကစ္စတန်၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်ရာတွင် ကူညီကြရန် တိုက်တွန်းပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုများ ဖြစ်ပေါ်လျက်ရှိသော်လည်း မိမိတို့၏ စီးပွားရေးများ လည်ပတ်လျက်ရှိကြောင်း၊ သတိပေးမှုများကိုသာ လိုက်နာမည်ဆိုပါက မကြာမီအချိန်အတွင်း တခြားကဏ္ဍများကိုလည်း ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားလိုက်သည်။

ပါကစ္စတန်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၄၇၀၀၀ ကျော်ရှိကြောင်း၊ အတည်ပြုခဲ့ပြီး ၁၁၇၄၆ ဦးမှာ ကိုဗစ်-၁၉ ကြောင့် အသက်ဆုံးရှုံးခဲ့ရကြောင်း အစိုးရ၏ နောက်ဆုံးထုတ်ပြန်လိုက်သော သတင်းအချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**



ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်တွင် ဆရာဝန်တစ်ဦး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူနေသည်ကို တွေ့ရစဉ်။

# အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ပထမအကြိမ် ထိုးနှံခံပြီးနောက် သုံးလကြာအစွမ်းထက်မှုရှိ

လန်ဒန် ဖေဖော်ဝါရီ ၃

**အောက်စဖို့ဒ် တက္ကသိုလ်မှ သုတေသီများက ဗြိတိန်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ အက်စ်ထရာဇနီကာမှ ထုတ်လုပ်သော ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးသည် ပထမအကြိမ်ထိုးနှံပြီးနောက် သုံးလကြာ အစွမ်းထက်ကြောင်း ပြောကြားလိုက်သည်။**



သက်ကြီးရွယ်အိုတစ်ဦးအား ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

သုတေသီအဖွဲ့သည် ဖေဖော်ဝါရီ ၂ ရက်က ၎င်းတို့၏ စမ်းသပ်တွေ့ရှိချက်နှင့်ပတ်သက်ပြီး ထုတ်ပြန်ချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ ဒီဇင်ဘာလအစောပိုင်းအထိ စမ်းသပ်ခဲ့သော အဆိုပါစမ်းသပ်မှုတွင် ဗြိတိန်၊ ဘရာဇီးနှင့် တောင်အာဖရိကတို့မှ လူပေါင်း ၁၇၀၀၀ ပါဝင်သည်။

အဆိုပါသုတေသီအဖွဲ့က ကာကွယ်ဆေး အစွမ်းထက်ထိရောက်မှုရှိကြောင်းနှင့် ထိရောက်မှုမှာ ၇၆ ရာခိုင်နှုန်းရှိကြောင်း သုံးလအတွင်းတွင် ကာကွယ်ဆေးအရှိန်မပြယ်ကြောင်း သိရသည်။

ဆေးတစ်ကြိမ်နှင့် နောက်တစ်ကြိမ်ထိုးမှုတွင် သီတင်းပတ် ၁၂ ပတ်သို့မဟုတ် ၁၂ ပတ်ကျော် ကွာဟလျှင် ကာကွယ်ဆေး ဒုတိယအကြိမ် အထိုးခံပြီးနောက် ထိရောက်မှုမှာ ၈၂ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။ သီတင်းပတ်ခြောက်ပတ်အထိကွာဟလျှင် ထိရောက်မှုမှာ ၅၄ ဒသမ ၉ ရာခိုင်နှုန်းရှိသည်။

အဆိုပါအဖွဲ့က သုတေသနလုပ်ခဲ့သော အချက်အလက်အသစ်က ကာကွယ်ဆေးတစ်ကြိမ်အထိုးခံပြီးနောက် သတ်မှတ်ထားသော ကာလတစ်ခုအထိ အကျိုးသက်ရောက်မှုရှိပြီး ကိုဗစ်-၁၉ ကိုကာကွယ်နိုင်ကြောင်း ပြသခဲ့သည်။

သုတေသီအဖွဲ့၏ ပါမောက္ခဖြစ်သူက ယခုလိုမျိုး သုတေသနရလဒ်က ကာကွယ်ဆေးနှင့် ကိုယ်ခံအားဆိုင်ရာ ဗြိတိန်ပူးတွဲကော်မတီကထောက်ခံသော မူဝါဒကိုထောက်ခံမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ အဆိုပါကော်မတီက ကာကွယ်ဆေး တစ်ကြိမ်နှင့်တစ်ကြိမ်ကြား သုံးလကြာသင့်ကြောင်း အကြံပြုဖော်ပြထားသည်။ ဗြိတိန်အစိုးရက ကာကွယ်ဆေးတစ်ကြိမ်နှင့်တစ်ကြိမ်ကြား ကာလကို သုံးလအထိ တိုးမြှင့်ရန် စီစဉ်ထားသည်။ အကြောင်းမှာ ကာကွယ်ဆေးတစ်ကြိမ်အထိုးခံမည့်သူအရေအတွက်ကို ထပ်မံတိုးမြှင့်ပေးချင်၍ ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ ကြောင့် ဩစတြေးလျတက္ကသိုလ်က အလုပ်အကိုင် ၁၇၀၀၀ ကျော်လျှော့ချ

**ကင်ဘာရာ ဖေဖော်ဝါရီ ၃**

ကိုဗစ်-၁၉ စတင်ဖြစ်ပွားကတည်းက ဩစတြေးလျတက္ကသိုလ်တွင် လူပေါင်း ၁၇၀၀၀ ကျော် အလုပ်ဆုံးရှုံးခဲ့ကြသည်။

ဩစတြေးလျတက္ကသိုလ်က ၂၀၂၀ ပြည့်နှစ်တွင် အလုပ်အကိုင်ပေါင်း ၁၇၃၀၀ ကျော် လျှော့ချခဲ့ကြောင်း ဖေဖော်ဝါရီ ၃ ရက်က ထုတ်ပြန်ဖော်ပြလိုက်သည်။

တက္ကသိုလ်၏ ဘဏ္ဍာငွေသည် ၂၀၂၀ ပြည့် နှစ်တွင် ၄ ဒသမ ၉ ရာခိုင်နှုန်း သို့မဟုတ် ဩစတြေးလျဒေါ်လာ ၁ ဒသမ ၈ ဘီလီယံအထိ ကျဆင်းလာခဲ့သည်။ နယ်စပ်များ ပိတ်လိုက်ခြင်းကြောင့် အကျိုးအမြတ်များသည့် နိုင်ငံတကာကျောင်းသားဈေးကွက်ကို ထိခိုက်လာခြင်းဖြစ်သည်။

ဩစတြေးလျတက္ကသိုလ်ဆိုင်ရာ အမှုဆောင်အကြီးအကဲဖြစ်သူ ကာထရီယိုနာဂျက်ဆင်က ၂၀၂၁ ခုနှစ်တွင် ဘဏ္ဍာငွေသည် နောက်ထပ် ဩစတြေးလျဒေါ်လာ နှစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ) ထပ်မံကျဆင်းရန် မျှော်မှန်းထားကြောင်း ပြောကြားလိုက်သည်။

တက္ကသိုလ်များသည် ဘဏ္ဍာငွေထိခိုက်မှုများ ရှိလာနိုင်ကြောင်း မိမိတို့ မကြာခဏ ပြောလေ့ရှိကြောင်းနှင့် အကယ်၍ နိုင်ငံတကာကျောင်းသားများ ၂၀၂၀ ပြည့်နှစ်တွင် စာရင်းသွင်း တက်ရောက်ခြင်းမရှိခဲ့လျှင် နောက်ထပ် သုံးနှစ် သို့မဟုတ် လေးနှစ်အထိ ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

နယ်စပ်များကို ဆက်လက်ပိတ်ထားခြင်းက တက္ကသိုလ်များအနေဖြင့်ကျောင်းသားများလာရောက်ခြင်းကို ပိုမိုနည်းစေနိုင်ပြီး ဝင်ငွေထိခိုက်မှုများ ဖြစ်ပေါ်စေသဖြင့် အလုပ်အကိုင်များ ကန့်သတ်လျှော့ချရကြောင်း ၎င်းက ပြောကြားသည်။

အစိုးရထံမှ အကူအညီတောင်းခံသော်လည်း ငြင်းဆန်ခဲ့သဖြင့် ယခုကဲ့သို့ အလုပ်များ လျှော့ချခဲ့ရခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ **အင်န်အိတ်ချ်ကေ**



တက္ကသိုလ်တစ်ခုရှေ့တွင် ကျောင်းသားတစ်ဦး လမ်းလျှောက်သွားသည်ကို တွေ့ရစဉ်။

## လာအိုနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားသူ တစ်ဦးထပ်တွေ့

**ဗီယင်ကျန်း ဖေဖော်ဝါရီ ၃**

လာအို ကျန်းမာရေးဝန်ကြီးက ဖေဖော်ဝါရီ ၃ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ တစ်ဦးတွေ့ရှိခဲ့ကြောင်းနှင့် စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြု တွေ့ရှိခဲ့သူပေါင်းသည် ၄၅ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

လာအို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကူးစက်နိုင်သော ရောဂါများဆိုင်ရာ ထိန်းချုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်နီပက်ဆာက လာအိုမြို့တော် ဗီယင်ကျန်း၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အသစ်တွေ့ရှိခဲ့သော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူမှာ အသက် ၂၀ အရွယ်ရှိ အမျိုးသမီးတစ်ဦးဖြစ်ပြီး ထိုင်းနိုင်ငံမှ ပြန်လာသူတစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသို့ ခရီးသွားခဲ့သော အဆိုပါအမျိုးသမီးသည် လာအိုနိုင်ငံတောင်ပိုင်း ချန်ပါဆက်သို့ ဇန်နဝါရီ ၃၁ ရက်က ပြန်လည်ရောက်ရှိလာခဲ့သည်။ အဆိုပါအမျိုးသမီးသည် တခြားခရီးသွား ၃၅ ဦးနှင့်အတူ အသွားအလာသီးသန့်စောင့်ကြည့်ရေးဌာနသို့ ဘတ်စ်ကားဖြင့် သွားခဲ့သည်။

အဆိုပါအမျိုးသမီးကို ချန်ပါဆက်ပြည်နယ်ရှိ ဆေးရုံတွင် ဆေးကုသမှုလုပ်ဆောင်လျက်ရှိကြောင်း ဖုန်နီပက်ဆာက ပြောသည်။

လာအိုနိုင်ငံတွင် သံသယစောင့်ကြည့်လူနာ ၁၀၄၅၄၂ ဦးရှိပြီး ကိုဗစ်-၁၉ တွေ့ရှိသူ ၄၅ ဦးရှိသည်။ ၎င်းတို့အနက် ၄၁ ဦးမှာ ပြန်လည်ကောင်းမွန်လာပြီဖြစ် သည်။

လွန်ခဲ့သောနှစ် မတ်လ ၂၄ ရက်က လာအိုနိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာနှစ်ဦး တွေ့ရှိခဲ့သည်။

**ဆင်ဟွာ**

# ပြင်သစ်နိုင်ငံတွင် အသက် ၆၅ နှစ်အထက် ပြည်သူများ အက်စ်ထရာဇနီကာ ကာကွယ်ဆေးရရှိမည် မဟုတ်

◇◇◇◇◇◇◇◇◇◇ *ကလျာမိုးမြင့်* ◇◇◇◇◇◇◇◇◇◇

**ပြင်သစ်နိုင်ငံမှာ အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အသက် ၆၅ နှစ်အောက်ပြည်သူတွေကိုသာ ထိုးနှံပေးသွားမှာဖြစ်တယ်လို့ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ဖေဖော်ဝါရီ ၂ ရက်မှာ ပြောကြားလိုက်ပါတယ်။ အက်စ်ထရာဇနီကာဆေးရဲ့ အာနိသင်က သက်ကြီးပိုင်းပုဂ္ဂိုလ်တွေမှာ အကျိုးသက်ရောက်မှုနည်းပါးတယ်ဆိုတဲ့ အချက်အလက်တွေကို အစိုးရရဲ့ကျန်းမာရေးဆိုင်ရာ အကြံပေးအဖွဲ့က ကိုးကားဖော်ပြခဲ့ပြီးနောက်မှာ ယခုလိုကြေညာချက် ထွက်ပေါ်လာတာဖြစ်ပါတယ်။**

### လှုပ်ခတ်သွားစေခဲ့

ပြင်သစ်နိုင်ငံမှာ ဘိုးဘွားစောင့်ရှောက်ရေးဂေဟာတွေမှာ နေထိုင်ကြတဲ့ အသက် ၇၅ နှစ်ကျော် သက်ကြီးဘိုးဘွားတွေကို အဓိက ဦးစားပေးစောင့်ရှောက်နေချိန် အစိုးရရဲ့ ယခုလိုဆုံးဖြတ်ချက် ထွက်ပေါ်လာမှုကြောင့် ပြင်သစ်နိုင်ငံရဲ့ ကာကွယ်ဆေးထိုးနှံခြင်းဆိုင်ရာ နည်းဗျူဟာကို လှုပ်ခတ်သွားစေခဲ့ပါတယ်။

အက်စ်ထရာဇနီကာ ကာကွယ်ဆေးကုမ္ပဏီက ဥရောပနဲ့ ကမ္ဘာတစ်ဝန်းက ရောဂါကူးစက်ဖြစ်ပွားနေတဲ့ နိုင်ငံတွေဆီ ကာကွယ်ဆေးဖြန့်ဝေမှု ကြန့်ကြာနိုင်ကြောင်း မကြေညာသေးခင်အချိန်အထိ ပြင်သစ်နိုင်ငံသားတွေကို ကာကွယ်ဆေးထိုးနှံမယ့်အစီအစဉ်မှာ အက်စ်ထရာဇနီကာ ကာကွယ်ဆေးကို အကြီးအကျယ် အသုံးပြုသွားဖို့ စီစဉ်ထားခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

### ထိုးနှံပေးမည် မဟုတ်

ဖေဖော်ဝါရီ ၂ ရက်ညပိုင်းမှာ တီအက်ဖ်ဝမ်း ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့တဲ့အစီအစဉ်မှာ သမ္မတက အက်စ်ထရာဇနီကာ ကာကွယ်ဆေးကို မိမိတို့အနေနဲ့ အသက် ၆၅ နှစ်အထက် လူကြီးတွေကို ထိုးနှံပေးမှာ မဟုတ်ဘူးလို့ ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ဗြိတိန်နဲ့ ဆွီဒင်ကုမ္ပဏီက အောက်စဖို့ဒ်တက္ကသိုလ်နဲ့ အတူ ပူးပေါင်းတီထွင်ထုတ်လုပ်ခဲ့တဲ့ အဲဒီဆေးကို အသက် ၆၅ နှစ်အောက် ဆေးဝန်ထမ်းတွေနဲ့ ကျန်းမာရေးဆိုင်ရာ အားနည်းသူတွေ၊ ရောဂါကူးစက်မှုနဲ့ အဆိုးဆုံးထိတွေ့ရတဲ့ နယ်ပယ်ကလူတွေကို ထိုးနှံပေးမှာဖြစ်တယ်လို့ သမ္မတမက်ခရွန်က ပြောကြားခဲ့ပါတယ်။



ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်

### ညွှန်ကြားချက်နဲ့ဆန့်ကျင်နေ

ပြင်သစ်နိုင်ငံရဲ့ ယခုလုပ်ဆောင်ချက်ဟာ အက်စ်ထရာဇနီကာ ကာကွယ်ဆေးကို ဥရောပသမဂ္ဂတစ်ဝန်းလုံးမှာရှိတဲ့ အရွယ်ရောက်ပြီးသူအားလုံးအတွက် အသုံးပြုဖို့လမ်းညွှန်ထားတဲ့ ဥရောပဆေးဝါးအေဂျင်စီရဲ့ ညွှန်ကြားချက်နဲ့ ဆန့်ကျင်လျက် ရှိပါတယ်။ လက်ရှိအချိန်မှာ ဥရောပဆေးဝါးအေဂျင်စီဟာဆိုရင်လည်း ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းမှာ နေထိုင်ကြတဲ့ ပြည်သူတွေအတွက် ကာကွယ်ဆေးထိုးဖို့ လုပ်ဆောင်ရာမှာ ထက်ထက်သန်သန်မရှိဘဲ နှေးကွေးအေးဆေးလွန်းနေတယ်လို့ ဝေဖန်မှုတွေ မြင့်တက်နေပါတယ်။

> **"ပြင်သစ်နိုင်ငံရဲ့ ယခုလုပ်ဆောင်ချက်ဟာ အက်စ်ထရာဇနီကာ ကာကွယ်ဆေးကို ဥရောပသမဂ္ဂတစ်ဝန်းလုံးမှာရှိတဲ့ အရွယ်ရောက်ပြီးသူအားလုံးအတွက် အသုံးပြုဖို့လမ်းညွှန်ထားတဲ့ ဥရောပဆေးဝါးအေဂျင်စီရဲ့ ညွှန်ကြားချက်နဲ့ ဆန့်ကျင်လျက် ရှိပါတယ်။ လက်ရှိအချိန်မှာ ဥရောပဆေးဝါး အေဂျင်စီဟာဆိုရင်လည်း ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းမှာ နေထိုင်ကြတဲ့ ပြည်သူတွေအတွက် ကာကွယ်ဆေးထိုးဖို့ လုပ်ဆောင်ရာမှာ ထက်ထက်သန်သန်မရှိဘဲ နှေးကွေးအေးဆေးလွန်းနေတယ်လို့ ဝေဖန်မှုတွေ မြင့်တက်နေပါတယ်"**

### စိုးရိမ်မကင်းဖြစ်နေ

အန်ဂလို- ဆွီဒင်ကုမ္ပဏီဟာ ကာကွယ်ဆေးကို သက်ကြီးပုဂ္ဂိုလ်တွေအတွက် ထိရောက်မှုရှိကြောင်း ခိုင်လုံတဲ့ အထောက်အထားတွေပြနိုင်လောက်တဲ့အထိ လေ့လာစမ်းသပ်မှု မလုပ်ဆောင်ခဲ့ဘူးဆိုပြီး ဂျာမနီနဲ့ တခြားနိုင်ငံက ကျန်းမာရေးဆိုင်ရာ အာဏာပိုင်တွေက စိုးရိမ်မကင်းဖြစ်တဲ့ သဘောထားတွေ ဖော်ပြနေကြတဲ့အပြင် အဲဒီဆေးကို အသက် ၆၅ နှစ်အထက် လူကြီးတွေကို ထိုးပေးဖို့ ညွှန်ကြားမှာမဟုတ်ဘူးလို့ ပြောကြားခဲ့ပါတယ်။

ဖေဖော်ဝါရီ ၂ ရက်က ထုတ်ပြန်ဖော်ပြခဲ့တဲ့ လမ်းညွှန်မှာကြားချက်မှာ ပြင်သစ်နိုင်ငံရဲ့ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အာဏာပိုင်အဖွဲ့က အက်စ်ထရာဇနီကာ ကာကွယ်ဆေးကို အသက် ၆၅ နှစ်အောက်ပြည်သူတွေကို သာပေးဖို့အပြင် သက်ကြီးပုဂ္ဂိုလ်တွေမှာ အဲဒီကာကွယ်ဆေးရဲ့ အာနိသင်ထိရောက်မှုနဲ့ ပတ်သက်တဲ့ နောက်ထပ်အချက်အလက်တွေဖော်ပြလာတဲ့အခါ အာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်ကို ပြန်လည်စဉ်းစားသုံးသပ်မယ်လို့ ဆိုထားပါတယ်။

### ထိုက်သင့်သလို ပြင်ဆင်ပြောင်းလဲ

ပြင်သစ်အစိုးရအနေနဲ့ နိုင်ငံရဲ့ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အာဏာပိုင်အဖွဲ့ရဲ့ လမ်းညွှန်ချက်အပေါ်မှာ အားထားလျက်ရှိပြီး အစိုးရဟာ အဖွဲ့ရဲ့ကြေညာချက်အပေါ်မှာ အခြေပြုပြီးတော့ ၎င်းရဲ့ ကာကွယ်ဆေးထိုးခြင်း နည်းဗျူဟာကို ထိုက်သင့်သလို ပြင်ဆင်ပြောင်းလဲမှုတွေ လုပ်ဆောင်နေတာကို တွေ့ရပါတယ်။ ကျန်းမာရေးအာဏာပိုင်တွေက ရရှိနိုင်တဲ့ ကာကွယ်ဆေးပမာဏ၊ ဝယ်လိုအားနဲ့ စည်းကမ်းကြပ်မတ်ရေးဆိုင်ရာ လမ်းညွှန်ချက်တွေအပေါ် အခြေခံပြီး ကာကွယ်ဆေးထိုးတဲ့ နည်းဗျူဟာကို ပြင်ဆင်ဖြည့်ဆည်းနေတယ်လို့ ဆိုပါတယ်။

### စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးဆွေးနွေး

လက်ရှိမှာတော့ဖြင့် ပြင်သစ်နိုင်ငံအနေနဲ့ လာမယ့် နွေရာသီကုန်ဆုံးချိန်လောက်မှာ ကာကွယ်ဆးအလိုရှိတဲ့ ဘယ်သူ့ကိုမဆို ပေးအပ်ဖို့ ရည်မှန်းထားတယ်လို့ သမ္မတမက်ခရွန်က ပြောပါတယ်။ သမ္မတမက်ခရွန်ဟာ ဖေဖော်ဝါရီ ၂ ရက် ညပိုင်းမှာ ပြင်သစ်နဲ့ ဥရောပမှာ ရေတိုကာကွယ်ဆေးထုတ်လုပ်မှု စွမ်းဆောင်ရည်ကို မြန်မြန်ဆန်ဆန်နဲ့ သိသိသာသာ မြှင့်တင်နိုင်မယ့် နည်းလမ်းတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့အတွက် နိုင်ငံတကာက ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီတွေ၊ ပြင်သစ်မှာ စက်ရုံထူထောင်ထားတဲ့ ကုမ္ပဏီတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။

သမ္မတမက်ခရွန်က ရုရှားနိုင်ငံမှာ လုပ်ဆောင်နေတဲ့ ကာကွယ်ဆေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုတွေကို လေ့လာဖို့ လွှန်ခဲ့တဲ့ ရက်သတ္တပတ်အနည်းငယ်အကြာက သိပ္ပံနည်းကျ လေ့လာမှုအဖွဲ့တစ်ဖွဲ့ကို ရုရှားနိုင်ငံဆီ စေလွှတ်ခဲ့ကြောင်းနဲ့ အတွေ့အကြုံတွေ ဖလှယ်ခြင်းဟာ ကောင်းသောအကျိုးရလဒ်တွေကို ထွက်ပေါ်စေကြောင်း ပြောကြားလိုက်ပါတယ်။

### ၉၁ ရာခိုင်နှုန်းထိရောက်မှုရှိ

ရုရှားနိုင်ငံက ထုတ်တဲ့ Sputnik V ကာကွယ်ဆေးဟာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်မှုကို ကာကွယ်တားဆီးရာမှာ ၉၁ ရာခိုင်နှုန်း ထိရောက်မှုရှိတယ်ဆိုတဲ့ အကြောင်းကို လန်ဆက်ဆေးပညာဂျာနယ်မှာ ပုံနှိပ်ဖော်ပြထားပါတယ်။ တကယ်လို့သာ ဥရောပဆေးဝါးအေဂျင်စီက ရုရှားနိုင်ငံထုတ် ကိုဗစ်- ၁၉ ကာကွယ်ဆေးကို အတည်ပြုဖို့ ဆုံးဖြတ်လိုက်ပြီဆိုတဲ့အခါ အဲဒီဆုံးဖြတ်ချက်ဟာ နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ခုမဟုတ်ဘဲ သိပ္ပံနည်းကျ ဆုံးဖြတ်ချက်တစ်ခုသာ ဖြစ်လိမ့်မယ်လို့ သမ္မတမက်ခရွန်က ပြောပါတယ်။

အတူတကွ ယှဉ်တွဲနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအနက် ဖလံတောင်ဝှေးပေါက်ရာ အရပ်တိုင်းတွင် ကရင်လူမျိုးများရှိသည်ဟု ပြောစမှတ်ပြုရလောက်အောင် နိုင်ငံတစ်ဝန်းပျံ့နှံ့နေထိုင်ကြသည့် ကရင်လူမျိုးများသည် ရှေးဘိုးဘွားဘီဘင်တို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် သမိုင်းကြောင်းအစဉ်အလာများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်း၍ ရိုးရာဓလေ့ပွဲတော်များကို နှစ်စဉ်ကျင်းပလေ့ရှိရာ မီးပုံပွဲ၊ ချည်ဖြူဖွဲ့မင်္ဂလာ(ခေါ်)လက်ချည်ပွဲ၊ ကရင်နှစ်သစ်ကူးနေ့နှင့် ကောက်သစ်စားပွဲ၊ စပါးလိပ်ပြာခေါ်ပွဲတို့မှာ ထင်ရှားလေသည်။

ကရင်တိုင်းရင်းသားလူမျိုးများသည် လယ်ယာကိုင်းကျွန်း ဥယျာဉ်ခြံမြေလုပ်ငန်းများအပြင် ခေတ်ကာလနှင့် လျော်ညီသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ရိုးသားစွာရပ်တည်ရှင်သန်လေ့ရှိကာ အများစုမှာ စိုက်ပျိုးရေးကို အခြေခံ၍ အသက်မွေးကြလေသည်။

ကရင်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းတချို့မှာ ၎င်းတို့၏ နေထိုင်မှုပုံစံ၊ ခေတ်ကာလနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် သမိုင်းကြောင်းရာဇဝင်တို့အပေါ်မှီတည်၍ ဖြစ်ပေါ်လာသည်ဟု လေ့လာမှတ်သားရပြီး လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြသော ကရင်တိုင်းရင်းသားလူမျိုးများသည် စိုက်ပျိုးရိတ်သိမ်းထွက်ရှိလာသော ဆန်စပါးနှင့် ဥယျာဉ်ခြံထွက် သီးနှံများကို ဦးဦးဖျားဖျား စားသုံးခြင်းမပြုမီ (သို့မဟုတ်) စားသုံးပြီးသည့်အခါ အသစ်ကိုအဟောင်းပြု၍ ကောက်သစ်စားပွဲ (မတူညီသည့်ဒေသအပေါ်မူတည်၍ )စပါးလိပ်ပြာခေါ်ပွဲကို ကျင်းပလေ့ရှိကြသည်။

ထိုသို့ကျင်းပရခြင်းမှာ ဆန်ရေစပါးပေါ်များ၍ ဝတ်မွတ်ခြင်းနှင့် ရောဂါဘယဘေးကင်းဝေးပြီး လာဘ်လာဘ ပေါ်များကြွယ်ဝကာ အကျိုးစီးပွားဖြစ်ထွန်းစေလိုခြင်း အလို့ငှာ ဆုတောင်းပဌာနာပြုခြင်းဖြစ်ပြီး ရှေးဘိုးဘွားတို့၏ အယူအဆ ယုံကြည်မှုဖြစ်သော ရိုးရာဓလေ့တို့ကို လက်ဆင့်ကမ်းအမွေ ထိန်းသိမ်းခြင်းလည်း ဖြစ်ပေသည်။

**စပါးစောင့်နတ်သမီးနှင့် ဖူးဟွဲထံဆုတောင်း**

နေရာဒေသတချို့၌ ဆန်စပါးနှင့် ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီးချိန်တွင် ကောက်သစ်စားပွဲကို ကရင်နှစ်သစ်ကူးနေ့နှင့် တစ်ပေါင်းတည်းကျင်းပလေ့ရှိကြပြီး နေရာဒေသတချို့တွင်မူ ကရင်နှစ်သစ်ကူးနေ့နှင့် ကောက်သစ်စားပွဲကို သီးခြားစီကျင်းပကြကာ နေရာဒေသအပေါ်မူတည်၍ ဆန်စပါးနှင့် ကောက်ပဲသီးနှံပေါ်ချိန် မတူညီကြသည့်အတွက် ကွဲပြားခြင်းဖြစ်သည်ဟု မှတ်သားရပြီး ကရင်နှစ်ကူးနေ့နှင့် သီးခြားကျင်းပသည့် ကောက်သစ်စားပွဲကို စပါးလိပ်ပြာခေါ်ပွဲဟု ခေါ်ဆိုကြကြောင်း မှတ်သားရပါသည်။

ကရင်အမျိုးသားများနေထိုင်ရာ နေရာဒေသတိုင်းတွင် စပါးလိပ်ပြာခေါ်ပွဲကို နှစ်စဉ်ကျင်းပလေ့ရှိပြီး အိမ်ထောင်စုတစ်စုချင်းသော်လည်းကောင်း၊ မိသားစုဆွေမျိုးများစုပေါင်း၍သော်လည်းကောင်း၊ အစုအဖွဲ့အလိုက်သော်လည်းကောင်း ကျင်းပသည့်ဓလေ့ရှိသော်လည်း ကရင်ပြည်နယ် ဘားအံမြို့နယ် သံလွင်အနောက်ခြမ်း ကြာအင်းပေါ်တော်မူတွင် သံလွင်မြစ်နှင့် ဒုံသမိမြစ်ကြားရှိ ကျေးရွာများစုပေါင်း၍ တစ်မူထူးစွာ စုပေါင်းကျင်းပလေ့ရှိပြီး သံလွင်အရှေ့ခြမ်းရှိ ကျေးရွာများနှင့် ဒုံသမိမြစ် အနောက်ဘက် သထုံမြို့နယ်ရှိ ကျေးရွာများမှလည်း အတူတကွ လာရောက်စုရုံး၍ စပါးဂဠုန်တောင်(ခေါ်) ဖူးဟွဲစပါးလှန်းတောင်တွင် စုပေါင်း၍ စပါးလိပ်ပြာခေါ်ပွဲကို ကျင်းပလေ့ရှိကြသည်။

စပါးလိပ်ပြာခေါ်ပွဲသို့ လာရောက်ကြသူများသည် လွယ်ပလိုင်းအတွင်း ဆန်၊ စပါး၊ ကောက်ညှင်း အစ



**"ကျင်းပရခြင်းမှာ ဆန်ရေစပါးပေါ်များ၍ ဝတ်မွတ်ခြင်းနှင့် ရောဂါဘယဘေးကင်းဝေးပြီး လာဘ်လာဘပေါ်များကြွယ်ဝကာ အကျိုးစီးပွားဖြစ်ထွန်းစေလိုခြင်း အလို့ငှာ ဆုတောင်းပဌာနာပြုခြင်းဖြစ်ပြီး ရှေးဘိုးဘွားတို့၏ အယူအဆ ယုံကြည်မှုဖြစ်သော ရိုးရာဓလေ့တို့ကို လက်ဆင့်ကမ်းအမွေ ထိန်းသိမ်းခြင်းလည်းဖြစ်"**

ရှိသည့် ကောက်ပဲသီးနှံများနှင့် ဥယျာဉ်ခြံထွက် အသီးအနှံများ၊ ဖယောင်းတိုင်၊ အမွှေးတိုင်နှင့် အမွှေးနံ့သာရည်များ ထည့်သွင်းယူဆောင်လာကြပြီး ကြာအင်းပေါ်တော်မူ ဆရာတော်ဘုရားကြီး အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒသာရအား ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီး၏ ဆုတောင်းမေတ္တာပို့သမှုကို ခံယူကာ စပါးဂဠုန်တောင်(ခေါ်) ဖူးဟွဲစပါးလှန်းတောင်ပေါ်ရှိ စပါးကျဉ်စေတီတွင် စပါးလိပ်ပြာခေါ်ခြင်းအမှုကို ပြုကြလေသည်။

စပါးဂဠုန်တောင် (ဖူးဟွဲစပါးလှန်းတောင်)ပေါ်ရှိ စပါးကျဉ်စေတီတွင် ၎င်းတို့ယူဆောင်လာသော ဆန်၊ စပါး၊ ကောက်ညှင်းနှင့်ခြံထွက်သီးနှံများကို ဆက်ကပ်လှူဒါန်းပြီး လာမည့်နှစ်စိုက်ရာသီတွင် စပါးနှင့် ကောက်ပဲသီးနှံများ ထွန်ယက်စိုက်ပျိုးရာ၌ အတားအဆီးအခက်အခဲမရှိဘဲ သီးနှံအထွက်နှုန်းကောင်းမွန်စေရေး၊ ဆန်ရေစပါးနှင့်အစားအစာပေါ်များစေရေး၊ ရာသီဥတုကောင်းမွန်မှန်ကန်၍ ဝတ်မွတ်ခြင်းနှင့် ဘေးအန္တရာယ်အပေါင်းတို့မှ ကင်းဝေးကာ ၎င်းတို့၏မိသားစုနှင့် ရပ်ရွာတွင်နေထိုင်သူများ၊ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူများနှင့် ခုနစ်ရက်သားသမီးများအားလုံး ကျန်းမာရေးကောင်းမွန်၍ အဖျက်အမှောင့် ပယောဂဘေးမှကင်းဝေးပြီး လိုအင်ဆန္ဒများပြည့်ဝစေခြင်းအလို့ငှာ စပါးစောင့်နတ်သမီးနှင့် ဖူးဟွဲတို့ထံ ဆုတောင်းမေတ္တာပို့သကြသည်။

**ရိုးရာယုံကြည်မှုများ**

စပါးလိပ်ပြာခေါ်ပွဲနှင့် ပတ်သက်၍ ကရင်စာပေနှင့် ယဉ်ကျေးမှုဒုတိယဥက္ကဋ္ဌဦးစောချစ်သန်းက "ကရင်လူမျိုးတွေရဲ့ ရိုးရာဓလေ့ဟာ ဒီနှစ်ထွက်ပေါ်လာတဲ့ စပါးအသစ်တွေကို ကောက်သစ်စားပွဲစားတော့မယ်(သို့)စားပြီးပြီဆိုရင် စပါးလိပ်ပြာ ခေါ်ပေးရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ စပါးဟာ လူ့တွေရဲ့အသက်တွေလိုပဲ လိပ်ပြာရှိတယ်လို့ ရှေးဘိုးဘွားတွေက ယူဆကြတယ်။ လူတွေမှာလိပ်ပြာခေါ်သလို စပါးမှာလည်းပဲ လိပ်ပြာခေါ်ပေးရတယ်။ ဒါကြောင့်မို့လို့ စပါးပိုးတုံးလုံးတုံးအချိန်မှာ စပါးတွေမလန့်အောင် တချို့က လယ်ကွင်းထဲမှာ အသံကျယ်ကျယ်ဖြစ်လာမယ့်အရာတွေ၊ စကားကို ကျယ်ကျယ်လောင်လောင် ပြောဆိုကြတာမျိုးတွေ၊ ပတ်ဝန်းကျင်က သစ်ဝါးတွေကို အသံကျယ်ကျယ်ဖြစ်အောင် လုပ်တာမျိုးတွေကို ရှောင်ရှားကြတဲ့ အယူအဆရှိကြတယ်။ ကြာအင်းပေါ်တော်မူမှာတော့ ရှေးဟောင်းရာဇဝင်နဲ့လာတယ်၊ အစချီပြောရမယ်ဆိုရင် စပါးစောင့်နတ်သမီး(ဖိဗူးယော်)ကို ကူညီခဲ့ဖူးတဲ့ ဖူးဟွဲဆိုတဲ့လူငယ်လေးကို စပါးစောင့်နတ်သမီးက ပြန်လည်ကြည့်ရှုစောင့်ရှောက်တဲ့အနေနဲ့ ကူညီဖေးမလို့ ဖူးဟွဲဆိုတဲ့လူငယ်လေး လယ်လုပ်တဲ့အခါမှာ စပါးတွေအများကြီးရတယ်၊ ဖူးဟွဲစပါးတွေ အရမ်းများလို့ သူစပါးလှန်းတဲ့နေရာဟာ တောင်ကြီးတစ်တောင်လို ဖြစ်လာတယ်။ အဲဒါကြောင့်မို့လို့ အခု စပါးလိပ်ပြာခေါ်ပွဲကျင်းပတဲ့ ဒီတောင်ကို စပါးဂဠုန်တောင်(ဖူးဟွဲစပါးလှန်းတောင်)လို့ ခေါ်ကြတယ်။ ဒီစပါးလှန်းတောင်မှာ လာပြီးတော့ စပါးလိပ်ပြာခေါ်ရင် ဆန်ရေစပါးပေါ်များပြီး အနာရောဂါကင်းတယ်လို့ ဒီဒေသက ဒေသခံတွေက ယုံကြည်ကြတယ်။ စပါးလိပ်ပြာခေါ်တဲ့အခါ သူတို့ယူဆောင်လာတဲ့ စပါးနဲ့အသီးအနှံတွေကို အိမ်ပြန်ယူသွားပြီး မျိုးအဖြစ်ပြန်ထားကြတယ်။ မိုးရာသီရောက်လို့ လယ်ပြန်လုပ်တဲ့အခါ အဲဒီမျိုးစပါးဟာ ပိုထွက်တယ်လို့ သူတို့ယုံကြည်ယူဆကြတယ်၊ တချို့ကြတော့ သူတို့ယူလာတဲ့စပါးကို ပြန်ထောင်းပြီး သူတို့စားမယ့်ဆန်အိုးမှာ ပြန်ထားကြတယ်၊ အစားခံတယ်လို့လည်း ယုံကြည်ကြတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ဒါဟာ သူ့အရပ် သူ့ဒေသရဲ့ ယုံကြည်မှုဓလေ့တစ်ခုဖြစ်တယ်"ဟု ရှင်းပြသည်။

**အစားအစာများဖြင့် ဧည့်ခံလေ့ရှိ**

စပါးလိပ်ပြာခေါ်ပွဲတွင် ကရင်မုန့်ဟင်းခါး(မုန့်တီ)ဖြင့် ဧည့်ခံကျွေးမွေးလေ့ရှိပြီး ကရင်ရိုးရာအရ စပါးစောင့်နတ်သမီး(ဖိဗူးယော်)သည် ကရင်မုန့်ဟင်းခါး(မုန့်တီ)ကို ကြိုက်နှစ်သက်သကဲ့သို့ ထုံးတမ်းစဉ်လာအယူအဆအရ မုန့်တီကို စားသုံးခြင်း၊လှူဒါန်းခြင်းအားဖြင့် ကျန်းမာ၍ အသက်ကိုရှည်စေသည့်အတွက် အဓိကအစားအစာအနေဖြင့် ကျွေးမွေးဧည့်ခံခြင်းဖြစ်သည်ဟု သိရသည်။

ကြာအင်းပေါ်တော်မူတွင် ရှေးရိုးရာအရ စပါးလိပ်ပြာခေါ်ပွဲကို တစ်နယ်လုံး တစ်စုတစ်စည်းတည်းဖြင့် စုပေါင်း ကျင်းပလေ့ရှိကြပြီး ဆရာတော်ဘုရားကြီး၏ ခုနစ်ရက်သားသမီးများအပေါ် ပို့သသည့်မေတ္တာဓာတ်ကြောင့် ကောက်ပဲသီးနှံများ ကြီးထွားဖွံ့ဖြိုး၍ အထွက်နှုန်းပွားများသည်ဟု အယုံအကြည်ရှိကာ ကောက်ပဲသီးနှံအသစ်များ ပေါ်ထွက်ချိန်တွင် ကောင်းမှုကုသိုလ်ကို စုပေါင်းပြုလုပ်ကြသည့် ဓလေ့တစ်ခုဟုလည်း ဆို၍ရပေသည်။

ကြာအင်းပေါ်တော်မူ ဘုန်းတော်ကြီးကျောင်းအနီး စပါးဂဠုန်တောင် (ဖူးဟွဲစပါးလှန်းတောင်)ပေါ်ရှိ စပါးကျဉ်စေတီတွင် နှစ်စဉ်လာရောက်၍ စပါးလိပ်ပြာခေါ်လေ့ရှိသော အထက်ကော့ရင်းကျေးရွာအုပ်စု တောင်ကလေးကျေးရွာမှ ဒေါ်ဥ အမည်ရ အသက် ၅၀ ခန့်ရှိ အမျိုးသမီးတစ်ဦးက "ဟိုး ဘိုးဘွားဘီဘင် ရှေးခေတ်ကတည်းက အခုလိုပဲ လယ်ယာလုပ်ငန်းတွေပြီးလို့ အသီးအနှံတွေ ပေါ်ထွက်ချိန်ရောက်ရင် စပါးဂဠုန်တောင် (ဖူးဟွဲစပါးလှန်းတောင်)ကို လာပြီးတော့ စပါးလိပ်ပြာခေါ်ကြတယ်။ အဲဒီလိုစပါးလိပ်ပြာခေါ်ခြင်းအားဖြင့် ဆန်ရေစပါးပေါ်များတယ်။ တစ်နှစ်စာအတွက် စုဆောင်းထားတဲ့ ဆန်စပါးကနည်းနေရင်တောင် အစားခံတယ်။ ဖူလုံတယ်ပေါ့၊ ကပ်ကြီးသုံးပါး ဘေးကျတယ်ဆိုရင်တောင်မှ စုဆောင်းထားတဲ့ စပါးကနည်းတယ်ဆိုပေမယ့် စားလို့မကုန်ဘူး၊ မငတ်ဘူးပေါ့။ ဘေးလည်းကင်းတယ်" ဟု သူ၏ယုံကြည်မှုကို ပြောပြသည်။

**ပြာသိုလတွင် ကျင်းပလေ့ရှိကြ**

ကရင်ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ယနေ့ခေတ်လူငယ်များအနေဖြင့် ထိန်းသိမ်းမြှင့်တင်သင့်ကြောင်းကို ကရင်စာပေနှင့်ယဉ်ကျေးမှု ဒုတိယဥက္ကဋ္ဌက "ကိုယ့်ရဲ့ရိုးရာဓလေ့ကို ပြောရမယ်ဆိုရင် သားစဉ်မြေးဆက်အထိကျန်အောင် ဘိုးဘွားဘီဘင်တွေကနေပြီးတော့ စပါးလိပ်ပြာခေါ်ပွဲ တစ်မျိုးတည်းမကဘူး၊ ရိုးရာဓလေ့တွေအများကြီးထားခဲ့ပေးတယ်။ ကိုယ့်ရိုးရာဓလေ့နဲ့ ပတ်သက်ပြီးတော့ အခုခေတ်လူငယ်လေးတွေ အလေးထားပါ၊လေ့လာကြပါ၊ ဘာဖြစ်လို့လဲဆိုတော့ တချို့လူငယ်တွေဟာ သူတို့နဲ့ မသက်ဆိုင်သလို အလေးမထားကြတော့တာတွေရှိတယ်။ လူမျိုးတစ်မျိုးရယ်လို့ ဖြစ်လာပြီဆိုရင် စာပေ၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ ရိုးရာဓလေ့ဆိုတာ ရှိရမယ်၊ အလွန်အင်မတန်မှချစ်စရာကောင်းတဲ့ ကရင်ရိုးရာဓလေ့တွေမှာ ဒီစပါးလိပ်ပြာခေါ်ပွဲ တစ်ခုတည်းမကဘူး၊ ကျန်တာတွေလည်း အများကြီးရှိသေးတယ်။ အဲဒါတွေ အကုန်လုံးဟာ ရိုးရာနဲ့ ဓလေ့ပေါင်းစပ်ထားတဲ့ အစဉ်အဆက် ထိန်းသိမ်းသင့်တာတွေချည်းပဲ၊ ကိုယ့်ရဲ့ဓလေ့အလေ့အထက ဒီလိုရှိတယ်။ ရိုးရာကဒီလိုရှိတယ်ဆိုတာကို ဖော်ပြတာပဲ၊ လူငယ်တွေကိုလည်း ကိုယ့်ရဲ့ ရိုးရာဓလေ့တွေကို သေသေချာချာ လေ့လာပြီးတော့ တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ကြဖို့ တိုက်တွန်းချင်ပါတယ်" ဟု ပြောသည်။

ကောက်သစ်စားပွဲနှင့် စပါးလိပ်ပြာခေါ်ပွဲတို့၏ အနှစ်သာရနှင့်အဓိပ္ပာယ်တို့မှာ တူညီသည်ဟု မှတ်သားရပြီး ကရင်ပြည်နယ်၏ နေရာဒေသတော်တော်များများတွင် ကရင်နှစ်သစ်ကူးနေ့နှင့် ကောက်သစ်စားပွဲ(သို့) စပါးလိပ်ပြာခေါ်ပွဲကို တစ်ပေါင်းတည်း ပူးတွဲကျင်းပလေ့ရှိသော်လည်း ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ကျေးရွာတချို့နှင့် သံလွင်မြစ်နှင့် ဒုံသမိမြစ်ကြားရှိ ကြာအင်းပေါ်တော်မူတို့တွင်မူ စပါးလိပ်ပြာခေါ်ပွဲကို သီးခြားကျင်းပလေ့ရှိကာ ဒေသခံများ စပါးရိတ်သိမ်းခြွေလှေ့ပြီးစီးသည့် ပြာသိုလတွင် ကျင်းပလေ့ရှိကြောင်းကို တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရိုးရာဓလေ့များ ထိန်းသိမ်းမြှင့်တင်နိုင်ရေး ဆန္ဒမွန်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund)**

**OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**

**(၁၉-၁-၂၀၂၁ ရက်နေ့)**

*ယမန်နေ့မှအဆက်*

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၂၃၃ | ဦးညွန့်တင် (သံလျင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၃၄ | ဦးဇာနည်ငွေအောင် (ကလေးမြို့) | ၅၀၀,၀၀၀ |
| ၂၃၅ | ဒေါ်ဝါဝါသိန်း (ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၂၃၆ | ဦးမြင့်သန်း+၁ (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၂၃၇ | သုခမ္မမဏိဇောတရေ ဦးအောင်နိုင်ဆွေ + အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်သွယ် မိသားစု (မန္တလေးမြို့) | ၅,၀၀၀,၀၀၀ |
| ၂၃၈ | မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ (မန္တလေးမြို့) | ၅,၀၀၀,၀၀၀ |
| ၂၄၀ | ဦးဝမ်းချုံ + ဒေါ်စုမြတ်သိန်း Ki Ki ကချင်ရိုးရာချည်ထည်နှင့်ပိုးထည်လုပ်ငန်း(မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၂၄၁ | ဦးဝင်းမြအောင်+ဒေါ်အိအိထွန်း သမီး- ထူးပြည့်ပြည့်အောင် မိသားစု (စကဲ့ပူ ) | ၁,၀၀၀,၀၀၀ |
| ၂၄၂ | တောင်သူကြီး ဦးမျိုးသန့် + ဒေါ်တင်တင်မိုး မျိုးမြန်မာမျိုးစေ့ဖြန့်ချိရေး (မန္တလေးမြို့) | ၁၅.၅၀၀,၀၀၀ |
| ၂၄၃ | ဦးတင်မြင့် (ရန်ကုန်မြို့) | ၁,၁၀၀,၀၀၀ |
| ၂၄၄ | မင်းထက်ဦး ကျောက်မျက်ကုမ္ပဏီမိသားစု (မန္တလေးမြို့) | ၁၅,၀၀၀,၀၀၀ |
| ၂၄၅ | ဦးကျော်သက်လှိုင်+ ဒေါ်နွယ်နွယ်စိုး ဒေါ်သီသနပ်ခါး မိသားစု (မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၂၄၆ | ဦးစန်းဝင်း+ ဒေါ်စန်းစန်းမြင့် မြို့တော်ဘီစကစ်မိသားစု (မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၂၄၇ | မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (မန္တလေးမြို့) | ၅,၀၀၀,၀၀၀ |
| ၂၄၈ | ဦးကျော်စန်း+ဒေါ်မြင့်မြင့်စိုး (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၂၄၉ | ဦးခင်မောင်လှ (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၂၅၀ | 34 WARD MMCWA (ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၂၅၁ | SENTOSA BEAUTY RELAX SPA (ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၂၅၂ | ဦးညီညီမင်း ဆောင်လုပ်ရေးမိသားစု (ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၂၅၃ | ဦးမြို့အောင်+ဒေါ်ခင်မြသန်း (မုံရွာမြို့) | ၃၀၀,၀၀၀ |
| ၂၅၄ | ဦးခင်မောင်စိုး (မုံရွာမြို့) | ၁၀၀,၀၀၀ |
| ၂၅၅ | ဦးအောင်သန်း (ပျဉ်းမနားမြို့) | ၂၀၀,၀၀၀ |
| ၂၅၆ | ဦးအောင်နိုင်+ဒေါ်မိမိလွင် (ပျဉ်းမနားမြို့) | ၁,၀၀၀,၀၀၀ |
| ၂၅၇ | ဦးလှမြင့် + ဒေါ်ခင်အေးသီ (ပျဉ်းမနားမြို့) | ၁၅၀,၀၀၀ |
| ၂၅၈ | ဦးခင်မောင်ဖေ+ဒေါ်တင်တင်နွဲ့ (အမရပူရမြို့) | ၁၃,၀၀၀,၀၀၀ |
| ၂၅၉ | ဒေါက်တာဝင်းနိုင် (ကြံခင်း) | ၅၀၀,၀၀၀ |
| ၂၆၀ | A-1 ချိုချဉ်၊ ပလပ်စတစ်ဘူး၊ လှိုင်းတွန့်ဂျပ်ပုံး၊ နတ်သမီးပလပ်စတစ်၊ ဖလန်းဖလန်းရေလှိုင်းကမ္ဘာမိသားစု (မန္တလေးမြို့) | ၃၀,၀၀၀,၀၀၀ |
| ၂၆၁ | ဦးမြင့်လွင်+ဒေါ်ထွေး (ရန်ကုန်မြို့) | ၁၀,၀၀၀ |
| ၂၆၂ | ဒေါ်နုနုစိန် မိသားစု (ပဲခူးမြို့) | ၁၅၀,၀၀၀ |
| ၂၆၃ | Eagle Brothers Group (ပဲခူးမြို့) | ၁,၀၀၀,၀၀၀ |
| ၂၆၄ | ဦးစန်းထွန်း(မ/ဥက္ကလာပမြို့နယ်) | ၃၀၀,၀၀၀ |
| ၂၆၅ | ဦးကြည်ဟန်လင်း (မ/ဥက္ကလာပမြို့နယ်) | ၃၀၀,၀၀၀ |
| ၂၆၆ | ဦးသန်းဌွေး (ပြည်မြို့) | ၁၀၀,၀၀၀ |
| ၂၆၇ | ဒေါ်ခင်ချိုဇင်သန့် (ပခုက္ကူမြို့) | ၃၀၀,၀၀၀ |
| ၂၆၈ | ဦးကောင်းစည်သူဝင်း (ပြည်မြို့) | ၁၀၀,၀၀၀ |
| ၂၆၉ | ဦးကျော်နိုင်ဝင်း (ပြည်မြို့) | ၂၀၀,၀၀၀ |
| ၂၇၀ | ဦးကြည်ထွန်း(ပြည်မြို့) | ၃၀၀,၀၀၀ |
| ၂၇၁ | ဦးတင့်လွင် (ပြည်မြို့) | ၁,၀၀၀,၀၀၀ |
| ၂၇၂ | ဦးစောဝင်း + ဒေါ်စုစုကြွယ် မိသားစု (ရွှေပြည်သာမြို့နယ်) | ၃,၀၀၀,၀၀၀ |
| ၂၇၃ | ဒေါ်ခင်ခင်စိုး (ကြည့်မြင်တိုင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၇၄ | ဒေါ်ခင်သန်းနွယ် (ကြည့်မြင်တိုင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၇၅ | ဦးခင်မောင်ညို (ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၇၆ | ဒေါ်နီလာဆွေ (ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
| ၂၇၇ | ဦးဇော်မင်း (AM) (ရန်ကုန်မြို့) | ၃,၃၅၀,၀၀၀ |
| ၂၇၈ | ဒေါ်တင်တင်ရွှေ (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၂၇၉ | ဒေါ်ကြည်ကြည်မာ (ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
| ၂၈၀ | INDUSTRY ZONE (ရန်ကုန်မြို့) | ၁၀,၀၀၀,၀၀၀ |
| ၂၈၁ | ဦးတင့်ဆွေ+ဒေါ်မမလေး (ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
| ၂၈၂ | ဦးမျိုးရီ+ဒေါ်ငွေငွေမြင့် (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၂၈၃ | ဦးဝင်းစိန်+ဒေါ်ခင်မြင့် (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၂၈၄ | ဦးအုန်းမြင့်+ဒေါ်ခင်သန်းဝင်း (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၂၈၅ | ဒေါ်ထက်နန္ဒာအောင် (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၂၈၆ | ဒေါ်တင်ယု (ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၂၈၇ | ဦးခင်မြင့်+ဒေါ်အေးချို (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၂၈၈ | TOP သီဟိုဠ်စေ့စက်ရုံဝန်ထမ်းများ ရွှေလင်ပန်းစက်မှုဇုန် (ရန်ကုန်မြို့) | ၂,၃၅၀,၀၀၀ |
| ၂၈၉ | ဒေါက်တာရဲလင်းမင်း+ဒေါ်အင်ကြင်းနိုင် (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၂၉၀ | CHEEN CHEEN Co.,Ltd (လမ်းမတော်မြို့နယ်) | ၅,၀၀၀,၀၀၀ |
| ၂၉၁ | ဒေါ်ညိုညိုမောင် ၏ မွေးနေ့အလှူ (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၂၉၂ | ဦးထွန်းထွန်းသိန်း + ဒေါ်သီတာငြိမ်း မိသားစု (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၂၉၃ | ဦးအောင်သောင်း+ဒေါ်စန်းစန်းနွယ် ဟိန်းထက်မိုးကျောက်မျက်ကုမ္ပဏီ(မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၂၉၄ | ဦးမြလှိုင်+ ဒေါ်မြကြည်မိသားစု (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၂၉၅ | ဦးထွန်း+ဒေါ်ပိုပို "ထင်" အော့ဖ်စက်နှင့်ပလပ်စတစ်လုပ်ငန်း(မန္တလေးမြို့) | ၁,၀၀၀,၀၀၀ |
| ၂၉၆ | ဦးထွန်းသော် (ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
| ၂၉၇ | ဦးကျော်နိုင်ဦး+ဒေါ်တိုးတိုး (မုံရွာမြို့) | ၁၀၀,၀၀၀ |
| ၂၉၈ | ဦးတင်အောင်မိုး+ဒေါ်သီတာဆွေ (မုံရွာမြို့) | ၂၀၀,၀၀၀ |
| ၂၉၉ | ဦးသောင်းငွေ+ဒေါ်ရွှေအိ (မုံရွာမြို့) | ၁၀၀,၀၀၀ |
| ၃၀၀ | ဦးပင်ကီး (မုံရွာမြို့) | ၂၀၀,၀၀၀ |
| ၃၀၁ | ဒေါ်မြတ်သက်ပိုင် (ရန်ကုန်မြို့) | ၁,၂၀၀,၀၀၀ |
| ၃၀၂ | ဒေါ်သိုင်းကြည် (မန္တလေးမြို့) | ၂၀၀,၀၀၀ |
| ၃၀၃ | ဦးဘိုကျော် (ကျောင်းပန်းတောင်းမြို့) | ၁၀,၀၀၀,၀၀၀ |
| ၃၀၄ | ဦးစိုးလှိုင်+ဒေါ်သန်းသန်းစိုး (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၃၀၅ | ဦးဘရန်မိုင်+ဒေါ်နန်းအေးခန့် သျှမ်းလက်ရာစားသောက်ဆိုင် (မန္တလေးမြို့) | ၂၀,၀၀၀,၀၀၀ |
| ၃၀၆ | ဦးတင်အေး+ဒေါ်တင်တင် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၃၀၇ | ဦးအောင်စိန် (အလုပ်အမှုဆောင်၊ မဟာသကျသီဟဘုရားဂေါပက) + ဒေါ်ခင်ခင်ဝင်း မိသားစု (မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၃၀၈ | ဦးညီညီထွန်း (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၃၀၉ | ဦးရွှေ+ဒေါ်အေးပြိုင် တင်မောင်ကြည်နှင့်ညီအစ်ကိုများကျောက်မျက်လုပ်ငန်း (မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၃၁၀ | ဦးအောင်ငွေး+ဒေါ်နန်းရှန်းအောင် (ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၃၁၁ | ဒေါက်တာဒေါ်တင်တင်အေး (ကလေးအထူးကုဆရာဝန်ကြီး-ငြိမ်း) (မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၃၁၂ | ဦးညဏ်ထွန်း (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၃၁၃ | ဦးခင်မောင်ကျော်+ဒေါ်တင်အုန်းကြည် သားသမီးမြေးတစ်စု (မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၃၁၄ | ဒေါ်နိုင် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၃၁၅ | KMC ကိုယ်ပိုင်ကျောင်းမိသားစု (မန္တလေးမြို့) | ၅,၀၀၀,၀၀၀ |
| ၃၁၆ | ဦးသက်ဦး(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၃၁၇ | ဦးမောင်ဇော်+ဒေါ်ခင်စန်းဝင်း မိသားစု (မန္တလေးမြို့) | ၁,၅၀၀,၀၀၀ |
| ၃၁၈ | ဦးသန်းထွဋ် (ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၃၁၉ | ဦးကျော်ဝင်း+ဒေါ်ဖြူပြာအေး (မန္တလေးမြို့) | ၁,၀၀၀,၀၀၀ |
| ၃၂၀ | ဦးလှသိန်း မိသားစု (ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၃၂၁ | ဦးတင့်ဇော်+ဒေါ်သော်တာဝေမွန်ဦး (ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၃၂၂ | ဦးသောင်းညွန့် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၃၂၃ | ဦးဘချုပ်+ ဒေါ်စန်းစန်းငွေ မိသားစု (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၃၂၄ | ဦးဝင်းလွင်ဦး+ဒေါ်ဝင့်ဝါလှိုင် (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၃၂၅ | အဆိုတော် ဖြိုးမြတ်အောင် မိသားစု (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၃၂၆ | ခင်စုမြတ်မေ (လိပ်စာဖော်ပြထားခြင်းမရှိ) | ၁၀,၀၀၀ |
| ၃၂၇ | လွင်ဦး၊ အေးအေးမြင့်၊ မင်းခန့်(လိပ်စာဖော်ပြထားခြင်းမရှိ) | ၁၀၀,၀၀၀ |
| ၃၂၈ | နီလာလွင် (လိပ်စာဖော်ပြထားခြင်းမရှိ) | ၅,၀၀၀ |
| ၃၂၉ | ရဲဦးပိုင်(လိပ်စာဖော်ပြထားခြင်းမရှိ) | ၅,၀၀၀ |
| ၃၃၀ | ငြိမ်းငြိမ်းငွေ(လိပ်စာဖော်ပြထားခြင်းမရှိ) | ၁၅,၀၀၀ |
| ၃၃၁ | ဦးအောင်မြင်သူကျော်+ဒေါ်အေးငြိမ်းသူ(လိပ်စာဖော်ပြထားခြင်းမရှိ) | ၃၀,၀၀၀ |
| ၃၃၂ | နှင်းယုလှိုင်(လိပ်စာဖော်ပြထားခြင်းမရှိ) | ၂၀,၀၀၀ |
| ၃၃၃ | ဦးအောင်ရှိန်+ ဒေါ်ခင်မိမိနိုင် တို့၏ မင်္ဂလာ(၃၀)နှစ်မြောက် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၃၃၄ | ဇင်မာမိုးမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၃၃၅ | ဦးကောင်းမြတ်မိုး+ဒေါ်အိဖြူဇင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၃၃၆ | ဦးကျော်ဇေယျ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၃၃၇ | အမရာပိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၃၃၈ | နေမျိုးအောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၃၃၉ | ခိုင်ဇင်သွယ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၃၄၀ | ACA Mega Design Engineering Team (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၅၀,၀၀၀ |
| ၃၄၁ | ဦးသန်းဦး+ဒေါ်ခင်သန်းအေး၊ သမီး- မသဲနှင်းလှိုင်၊ မသဲပိုင်စိုး၊ သား-မောင်ဇာနီထွန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၄၂ | ဦးစစ်နိုင် မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀,၀၀၀ |
| ၃၄၃ | ဦးဝင်းမင်း+ဒေါ်ဇင်မာသောင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၃၄၄ | ဦးခင်မောင်+ဒေါက်တာခင်လေးကြီး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၇,၀၀၀,၀၀၀ |
| ၃၄၅ | ဒေါ်မြင့်မြင့်အေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၄၆ | M.E.T စာဖတ်သူများ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၄၇ | ခြူးမီမီသော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၄၈ | မဇာဇာမွန် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၃၄၉ | ဇော်လင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၃၅၀ | စန္ဒာလွင်(၁၆.၀၁.၂၀၂၁) (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၅၁ | ငြိမ်းငြိမ်းနွယ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၃၅၂ | မေသဇင်မြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၁၀,၀၀၀ |
| ၃၅၃ | ထိုက်ထိုက်မြင့်မောင် မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၅၄ | ဦးသက်ထွဋ်ဇော်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၃၅၅ | မကြင်ဦး၊မသီတာဆွေ၊မနီလာဆွေ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၃၅၆ | ဝတ်မှုန်စိုး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |

*စာမျက်နှာ ၂၂ သို့*

*စာမျက်နှာ ၂၁ မှ*

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၃၅၇ | MPA- CSA2 (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၆၅,၀၀၀ |
| ၃၅၈ | ဦးမြင့်ကြည် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၅၉ | အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ။ | ၂၀၀,၀၀၀ |
| ၃၆၀ | စိုင်းဝန်းစီ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၃၆၁ | ဦးသန်းဇော်ဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၃၆၂ | ဒေါ်စောမြအေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၆၃ | ဦးညီညီထွန်း+ဒေါ်ဝင်းဝင်းအေး မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၂၀,၀၀၀ |
| ၃၆၄ | ဦးစိုင်းထွန်း+ဒေါ်မြမြစံ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၆၅ | ဦးဘဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၃၆၆ | ဖုန်းမြင့်ကို (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၃၆၇ | မဖူးငြိမ်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၃၆၈ | ဦးသိန်းဆွေ+ဒေါ်မေခိုင်ဦး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၃၆၉ | ဦးမျိုးသူရထွန်း၊ ဦးမျိုးအောင်+ဒေါ်ယဉ်နု မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၃၇၀ | ဦးလင်းခိုင်+ဒေါ်အေးအေးခိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၃၇၁ | မတင်မျိုးလှိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၃၇၂ | ဦးအောင်ခင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၃၇၃ | ဦးဟန်စိုင်း+ဒေါ်ခင်မေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၆၀၀,၀၀၀ |
| ၃၇၄ | ကျော်သာကလိန်း၊ မင်းသီဟစိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၅၀,၀၀၀ |
| ၃၇၅ | ဦးသင်းဆွေ၊ဒေါ်ခင်စောမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၃၇၆ | ဦးထွန်းထွန်းဝင်း+ဒေါ်ဝေဝေဖြိုးသူ၊ မောင်သော်ဇင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၃၇၇ | AYA YGN 96 MYKS (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၂,၀၀၀ |
| ၃၇၈ | အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ။ | ၁၀၀,၀၀၀ |
| ၃၇၉ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၇၆,၅၀၀ |
| ၃၈၀ | ဒေါ်ကျော့ယဉ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၃၈၁ | ဒေါက်တာအေးဖေ+ဒေါ်နွဲ့နွဲ့သင်း၊ သမီး-မသန္တာဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၃၈၂ | ဦးကျော်မင်းဟန် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၈၃ | ဦးသန်းစိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၅၀,၀၀၀ |
| ၃၈၄ | ငွေလှိုင်းဖွေး Fancy (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၃၈၅ | ဦးဇော်မင်းထွန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၈၆ | ဒေါ်ရီရီစော(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၃၈၇ | KBB မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၃၈၈ | ဦးခင်ဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၃၈၉ | ဦးဇော်ဝိတ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၃၉၀ | ဦးဟုန်ကြည်နှင့်ဒေါ်ကြင်လှိုင်မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၃၉၁ | ဦးကြည်မောင်ရွှေ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၃၉၂ | ဦးမော်ဦး+ဒေါ်မြင့်မြင့်သိန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၃၉၃ | ဦးကျော်ထိုက်+ဒေါ်အေးမြတ်ကြူ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၃၉၄ | ခင်ဝဝ မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၃၉၅ | ဒေါက်တာအေးအေးနွယ်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၉၆ | ကြည်နုစိုးမိုး၊ ကြည်ဖြူစိုးမိုး၊ ယဉ်မွန်မြင့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၉၇ | ကိုမိုးသန့်လွင်နှင့် မဇင်ဝါမြင့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၉၈ | ကိုသုတနိုင် (၃၀)နှစ်၏ မွေးနေ့အလှူ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၃၉၉ | ဦးခင်လှိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၀၀ | ဦးမောင်ကြီး+ဒေါ်ဘီ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၄၀၁ | ဦးတင်အောင်၊ ဒေါ်စန်းဦး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၄၀၂ | ဦးမျိုး+အန်တီဝါ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၄၀၃ | ဦးသက်ဦး မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၂၀,၀၀၀ |
| ၄၀၄ | FRONTIIR Co.,Ltd(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၃,၀၀၀,၀၀၀ |
| ၄၀၅ | အောင်လင်းဦး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၄၀၆ | ဦးသိန်းဇော်၊ ဒေါ်သန်းသန်းနွယ် မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၄၀၇ | ငြိမ်းကိုမင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၄၀၈ | ဦးနီဝင်း၊ ဒေါ်မာမာသိန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၄၀၉ | ဦးထွန်းရှိ၊ ဒေါ်ကြည်ဝင်း မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၁၀ | ဦးတိုင်းဇော်၊ ဒေါ်အေးအေးမော်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၁၁ | ဖွဲ့ခန့်အောင် မွေးနေ့အလှူ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၄၁၂ | ဒေါ်အုန်းမြင့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၄၁၃ | ဒေါက်တာကိုကို မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၄၁၄ | ဦးအောင်လင်း+ဒေါ်မြင့်မြင့်သင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၄၁၅ | တင်ရွှေ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၄၁၆ | ဦးအောင်ကျော်ဝင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၄၁၇ | ဒေါ်သန်းသန်းထူး၊ဒေါ်လှဲ့လှဲ့ခိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၄၅,၀၀၀ |
| ၄၁၈ | ဒေါ်သီတာထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၄၁၉ | အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ။ | ၁,၀၀၀,၀၀၀ |
| ၄၂၀ | စန်းစန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၅,၀၀၀ |
| ၄၂၁ | ဦးလုံးစိန်နှင့် ဒေါ်ငွေငွေရီ မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၂၂ | ဒေါ်ရီရီသိန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၄၂၃ | ဦးဝင်းမြင့်+ဒေါ်သစ်သစ်ရွှေ၊ သမီး-မနွယ်နီအေး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၂၄ | ဦးကျော်ညွန့်အောင်+ဒေါ်မြမြ မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၄၂၅ | ဒေါ်တင်ရီ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၁၀,၀၀၀ |
| ၄၂၆ | စုဝင်းဖြူ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၄၂၇ | ဦးကျော်စိုးမိုး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၄၂၈ | တင်အေး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၂၉ | ဒေါ်စန်းကြည်၊ ကိုဇော်ဝင်း+ဒေါ်စန်းစန်းမြင့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၃၀ | အောင်ကျော်မင်းနှင့် နိုင်ပွင့်ဖြူ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၄၃၁ | ကျော်စန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၄၃၂ | လွင်ထွဋ်ခေါင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၄၃၃ | ကြင်ကြင်ဆွေ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၂၅,၀၀၀ |
| ၄၃၄ | ဒေါက်တာဝင်းထွဋ်၊ ဒေါ်တင်တင်မြ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၄၃၅ | အရှင်ကဝိသာရ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၄၃၆ | ဦးဟန်ဇော်၊ ဒေါ်သွင်သွင်အေး မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၅၀၀,၀၀၀ |
| ၄၃၇ | ဦးမောင်မောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၃၈ | ဒေါ်တင်အေး၊ ဦးကျော်စိုး၊ဒေါ်မြင့်မြင့်သန်း မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၄၃၉ | ဖြိုးဝေဝင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၄၀ | ထိုက်မေရီဦး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၄၁ | သိန်းကျော်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၄၄၂ | ငြိမ်းကိုမင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၄၄၃ | သီရိစိုး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၄၄ | ဦးကြည်မြင့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၄၅ | ကောင်းဇော်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၄၄၆ | (Alex) အောင်ကျော်ဖြိုး (USA) နှင့် ဒေါက်တာဇင်ဇင်ထိုက် (UK) | ၁၅,၀၀၀,၀၀၀ |
| ၄၄၇ | အောင်ကျော်မြင့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၅,၀၀၀ |
| ၄၄၈ | ဇော်ဇော်ထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၄၄၉ | စောနီလာငွေ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃,၀၀၀ |
| ၄၅၀ | ဒေါ်ဖြူဖြူလှိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၄၅၁ | အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ။ | ၁၀,၀၀၀ |
| ၄၅၂ | ကိုကိုထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၄၅၃ | မြသန္တာညို(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၄၅၄ | ဒေါ်ဖြူဖြူလှိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၄၅၅ | စတန်းလေးမာရစ်ထွေး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၄၅၆ | ဦးကျော်ထွန်း+ဒေါ်ခင်သိန်းမြင့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၄၅၇ | Top One Language School & Level-3, Batch-1 (Group-D) Students, YTU Campus, | ၃၅,၀၀၀ |
| ၄၅၈ | ဘဒ္ဒန္တဇောတိက၊ ရန်ကင်းတောင် (မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၄၅၉ | ဦးစောထွေးဦး+ဒေါ်နှင်းနှင်းဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၄၆၀ | ဒေါ်မိမင်းချို(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၆၁ | ဦးစိုးဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၄၆၂ | ST(3) Aungtawmu Group (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၆၃ | ဒေါ်တင်တင်အေး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၄၆၄ | ဦးဇော်ဝင်း+ ဒေါ်စန်းမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၄၆၅ | ဦးထွန်းထွန်းဝင်း Autumn Flower Co.,Ltd (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀,၀၀၀ |
| ၄၆၆ | ဒေါ်မြသက်ထား၊ ဒေါ်သင်ဇာဝင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၄၆၇ | အရှင်အာလောဘ (တလင်းကုန်းဘုန်းကြီးကျောင်း)(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၆၃,၀၀၀ |
| ၄၆၈ | ဒေါ်ကျင်ဆိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၄၆၉ | ဦးသန်းဇော်+ဒေါ်သီတာဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၇၀ | ဦးသောင်းထိုက်+ဒေါ်စန်းဝင်းထွေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၄၇၁ | ဒေါက်တာထင်အောင်+ဒေါ်ခင်စောရီ မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၄၇၂ | ဒေါ်ငွေငွေနီ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၇၃ | ဦးကျင်သိန်း+ဒေါ်မိမိကြီး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၄၇၄ | ဒေါက်တာနွယ်နွယ်ဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၇၅ | ဒေါ်စန်းစန်းနွဲ့ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၄၇၆ | ဦးလှမျိုး+ဒေါ်စန်းစန်းအေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၄၇၇ | ဦးသန့်ဇင်ဦး+ဒေါ်ဘုတ်ဘုတ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၄၇၈ | အရှင်ဂုနာစာရ(ဝင်းဘုန်းကြီးကျောင်း) (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၇၉ | ဦးငွေသိန်း + ဒေါ်စန်းမြ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၈၀ | ဦးမျိုးလွင်+ဒေါ်ဖောင်းဟိ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၈၁ | ဦးညီညီလွင်(NLD) (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၄၈၂ | အရှင်ဇနိလ (လေးသာ ဘုန်းကြီးကျောင်း) (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၈၃ | ဒေါ်လမင်းသီရိ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၄၈၄ | ဦးတင်အေး၊ ဒေါ်အဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၄၈၅ | ဒေါ်ခင်စန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၄၈၆ | ဒေါ်ခင်သန်းမြိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၄၈၇ | ဒေါ်မိုးစန္ဒာ+၄ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၄၈၈ | ဒေါ်အမာကြည်၏မွေးနေ့အလှူ(မန္တလေးမြို့) | ၁၀၀,၀၀၀ |
| ၄၈၉ | ဦးမောင်ရွှေ+ဒေါ်နန်းစိန်အေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၄၉၀ | ဒေါ်နန်းခင်ခင်ဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၄၀,၀၀၀ |
| ၄၉၁ | အောင်ထွန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၄၉၂ | အိမ့်ခြူးယမုံ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၄၉၃ | ဦးငွေငွေ၊ ဒေါ်အေးအေးမာ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၄၉၄ | Agriculture Drugs Co.,ltd (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၂၀,၀၀၀ |
| ၄၉၅ | အရှင်ကောဝိဒ (အောင်မင်္ဂလာဘုန်းကြီးကျောင်း)(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၉၆ | ဦးသန်းမောင်+ဒေါ်ညိမ်းရင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၄၉၇ | ဦးအေးသက်+ဒေါ်ခင်ဝေဝေသန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၄၉၈ | ဦးကျော်မင်း+ဒေါ်စန်းစန်းယု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |

*စာမျက်နှာ ၂၃ သို့*

*စာမျက်နှာ ၂၂ မှ*

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၄၉၉ | ဦးလင်းလင်း+ဒေါ်လင်းလင်းယု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၅၀၀ | ဦးသောင်းကြည်+ဒေါ်မာမာလွင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၅၀၁ | ဦးအိထွေး+ဒေါ်မြင့်မြင့်ရီ မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၅၀၂ | ဦးကျော်စိုး+ဒေါ်အေးအေးမူ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၅၀၃ | ဒေါ်ပု (သိန်းထိုက်သူ) (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၅၀၄ | ဒေါက်တာပြည့်ဖြိုးဟန်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၅၀၅ | ဆရာမဒေါ်သန်းနွဲ့(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၅,၀၀၀ |
| ၅၀၆ | ဦးလှစိုးဦး+ဒေါ်စန်းစန်းဝေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၀၇ | ဦးတင်အောင်ဆွေ+ဒေါ်ခင်မိုးမိုး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၀၈ | ဒေါ်ခင်အေး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၅၀၉ | ကိုအောင်ဇာမိုး၊ မလွင်သူအောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၁၀,၀၀၀ |
| ၅၁၀ | ဆရာမဒေါ်သန်းသန်းနုနှင့် သား ကိုမင်းနိုင် မိသားစု၊ချမ်းမြေ့ရိပ်သာလမ်း၊မန္တလေးမြို့ | ၂၀၀,၀၀၀ |
| ၅၁၁ | ဦးကျော်အေး+ဒေါ်အေးသန်း မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၁၂ | ဒေါ်သိန်းညွန့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၅၁၃ | စောကျော်မင်းလတ်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၅,၀၀၀ |
| ၅၁၄ | ဒေါ်ယဉ်ယဉ်မြ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၅၁၅ | ဦးသောင်းထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၁၀,၀၀၀ |
| ၅၁၆ | ကိုမောင်မောင်၊ အောင်မြင့်၊ အောင်နိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၁၇ | ဦးစိုးမြင့်၊ ဒေါ်ဝင်းရွှေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၅၁၈ | Aung Emerald Co.,Ltd(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၆၀၀,၀၀၀ |
| ၅၁၉ | Innwa Bank မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၂၀ | ဒေါ်တင်ရီ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၅၂၁ | ဦးခင်မောင်ဝင်း+ ဒေါ်ရီရီဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၂၂ | ဒေါ်ယဉ်ယဉ်မြင့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၅၂၃ | ဦးဖော်ဝင်း+ဒေါ်ဝင်းဝင်းမာ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၂၄ | အရှင်ပညာဝံသ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၅၂၅ | ဦးရာဇာစိုးဟန်+ဒေါ်စိုးစိုးထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၅၂၆ | ဦးတင်ကိုကို+ဒေါ်မိုးသီရိခိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၂၇ | ဦးမြင့်ဦး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၅၂၈ | ဦးကျော်အေး+ဒေါ်ယဉ်နွဲ့ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၂၉ | ဦးကိုကိုလေး (Manager) နှင့် ဒေါ်ခင်လေးငယ် (Super) MICB (မန္တလေး) | ၅၀,၀၀၀ |
| ၅၃၀ | ဒေါ်ခင်မာလွင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၃၁ | ဦးအောင်အောင်ထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၁,၈၀၀,၀၀၀ |
| ၅၃၂ | ဦးအောင်တင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅၃၃ | ဦးမောင်မောင်အေး+ဒေါ်ကျင်ပို(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၅၃၄ | ဦးအောင်ချမ်းမြေ့(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၈,၂၀၀,၀၀၀ |
| | ၁၉-၁-၂၀၂၁ ရက်နေ့ စုစုပေါင်း | ၉၆၀,၀၀၂,၆၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ ထည့်သွင်းထားသည့် အချက်အလက်များအရနေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

# မလေးရှားမှ အမိမြန်မာနိုင်ငံသို့ ပြန်လိုသူများအတွက် ရန်ကုန်-ကွာလာလမ်ပူ ခရီးစဉ် ပြန်လည်ပြေးဆွဲပေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်၏ ဦးဆောင်စီစဉ်မှုဖြင့် မလေးရှားနိုင်ငံတွင် ရောက်ရှိနေသော နိုင်ငံသားများအား အမိမွေးရပ်မြေ မြန်မာနိုင်ငံသို့ ပြန်လည်လိုက်ပါနိုင်မည့် ခရီးစဉ်များကို ပြန်လည် ပြေးဆွဲပျံသန်းပေးတော့မည် ဖြစ်ကြောင်း ပြည်တွင်းလေကြောင်းလိုင်းတစ်ခုဖြစ်သည့် MAI မှ သိရသည်။

ရန်ကုန်- ကွာလာလမ်ပူ ကယ်ဆယ်ရေး လေယာဉ်ခရီးစဉ်များကို ယခင်ထုတ်ပြန်ထားသည့်အတိုင်း တစ်ပတ်လျှင်သုံးကြိမ် (တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့) တို့တွင် ဖေဖော်ဝါရီလဆန်းပိုင်းမှစတင်ကာ ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ သို့ဖြစ်၍ အဆိုပါ လေယာဉ် ခရီးစဉ်များကို ဖေဖော်ဝါရီ ၃ ရက် ၊ ၄ ရက်၊ ၈ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက် တို့တွင် ပုံမှန်ပျံသန်းပေးသွားတော့မည် ဖြစ်သည်။

ပြီးခဲ့သော ရက်ပိုင်းအတွင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခေတ္တပိတ်ထားမှုကြောင့် ဖေဖော်ဝါရီ ၁ ရက်တွင် ပြေးဆွဲပေးမည့် ကယ်ဆယ်ရေးလေယာဉ်ကို ရပ်နားခဲ့ရသည်။ အဆိုပါ ခရီးစဉ်ကို ဖေဖော်ဝါရီ ၁၅ ရက် (တနင်္လာနေ့) တွင် ကယ်ဆယ်ရေး လေယာဉ်တစ်စင်း အစားထိုး ပြေးဆွဲမည်ဖြစ်ကြောင်းနှင့် ခရီးသည်များလိုက်ပါနိုင်ရေး ကြိုတင်ဆောင်ရွက်ထားရှိရန်လည်း မလေးရှားနိုင်ငံ မြန်မာသံရုံးအနေဖြင့် အသိပေးထုတ်ပြန်ထားပြီးဖြစ်သည်။

မလေးရှားနိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ၊ မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများ၊ ယာယီခရီးသွားလက်မှတ် CI ကိုင်ဆောင်သူများ၊ ထိန်းသိမ်းရေးစခန်းသို့ ရောက်ရှိနေသူများ၊ သင်္ဘောသားများ၊ကျောင်းသားများ လေယာဉ်လက်မှတ်အဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်ရေး အပတ်စဉ် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့ တို့တွင် ပျံသန်းမည့် ကယ်ဆယ်ရေးလေယာဉ်လက်မှတ်များကို ဖေဖော်ဝါရီ ၃ ရက်မှ စတင်ကာ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။




ရန်ကုန် – ကွာလာလမ်ပူ ပျံသန်းပေးလျက်ရှိသော MAI လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

ရန်ကုန် – ကွာလာလမ်ပူ ခရီးစဉ်တွင် လိုက်ပါခွင့်ရရှိသည့် ခရီးသည်များအနေဖြင့် လေယာဉ်လက်မှတ်များကို ဖေဖော်ဝါရီ ၄ ရက် နောက်ဆုံးထား၍ Myanmar Airways International (MAI) လေကြောင်းလိုင်း ဖုန်း-၆၀၃ ၂၁၄၂၁၁၉၉ သို့ ကြိုတင်ဆက်သွယ်ဝယ်ယူနိုင်ပြီး အချိန်မီ ဝယ်ယူနိုင်ခြင်း မရှိသည့် ခရီးသည်များအတွက် လေယာဉ်လက်မှတ်များကို ဖေဖော်ဝါရီ ၅ ရက်မှစတင်၍ အစားထိုး ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ အမိမြန်မာနိုင်ငံသို့ပြန်လာလိုသည့် မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများကို နိုင်ငံတော်၏စီစဉ်မှုဖြင့် ရန်ကုန်- ကွာလာလမ်ပူ ပျံသန်းပြေးဆွဲပေးလျက်ရှိသော ခရီးစဉ်မှာ ၄၉ ကြိမ်မြောက် ရှိပြီဖြစ်သည်။ လာမည့် ဖေဖော်ဝါရီ ၁၀ ရက်တွင် ပျံသန်းပေးမည့် ရန်ကုန်-ကွာလာလမ်ပူ အကြိမ် ၅၀ မြောက် ခရီးစဉ်တွင် ခရီးသည် ၁၀၀ ကျော် လိုက်ပါမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၁ ရက်တွင် ပျံသန်းပြေးဆွဲပေးမည့် ၅၁ ကြိမ်မြောက် ခရီးစဉ်တွင် ခရီးသည် ၁၁၃ ဦး လိုက်ပါမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## မူဆယ် (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်အတွင်း ဖရဲသခွားမွှေးကားများ ပုံမှန်ဈေးတန်းများဖြင့် စတင်ရောင်းချ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ဖေဖော်ဝါရီ ၃ ရက်တွင် မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်အတွင်း သစ်သီးကား၊ ဖရဲသခွားမွှေးကားများ ပုံမှန်ဈေးတန်းများဖြင့် စတင် လည်ပတ်ရောင်းချပြီဖြစ်ကြောင်း သိရသည်။

"ဖေဖော်ဝါရီ ၁ ရက်နေ့ မနက်ပိုင်းတုန်းကတော့ သစ်သီးကုန်တင်ကားတွေ ဝင်ထွက်မှု ရပ်ဆိုင်းနေပါတယ်။ ဖေဖော်ဝါရီ ၂ ရက်က မူဆယ်နယ်စပ်ကုန်သွယ်ရေး တစ်ခုလုံး စတင် လည်ပတ်ပါတယ်။ အခု ၃ ရက်နေ့ မနက်မှာတော့ ဖရဲကားအဝင် စပြုလာတဲ့အလျောက် ပုံမှန်ဈေးတန်းများနဲ့ လည်ပတ်နေပါပြီ။ ဖရဲသခွားကားတွေ စတင်ဝင်ရောက် ရောင်းချနေကြသလို ကားဖြည့်ဖို့ အလောတကြီး လိုအပ်နေတဲ့ ဝယ်လက်တွေနဲ့လည်း ချိတ်ဆက်ရောင်းဝယ်နေကြပါတယ်။ တရုတ်ဝယ်လက်တွေတောင် မျက်စိလည်သွားတဲ့ ဈေးကွက်အခြေအနေပါ" ဟု ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် သစ်သီးဝလံကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးစိုးခင်မောင်က ပြောသည်။

ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်း ဖရဲရောင်းချမှု အစီးပြတ်ဈေးများမှာ 855 ဖရဲ ထိပ်စစီးပြတ် ၃၅၀၀၀ ယွမ်မှ ၄၅၀၀၀ ယွမ်ကြား၊ ထဲန်ဝမ်ဖရဲက ၄၀၀၀ ယွမ်မှ ၄၈၀၀ ယွမ်ကြား စသည့် ဈေးနှုန်းများဖြင့် ရောင်းဝယ်နေကြပြီး သခွားမွှေးသီးများမှာ ၄၀၀၀ – ၆၀၀၀ ယွမ်အတွင်း ဈေးပြတ်ရောင်းချနေကြသည်။

"ဒီနေ့ ကားဝင်နိုင်တဲ့ အရေအတွက်က ခန့်မှန်းခြေ အစီး ၁၀၀ ကျော်လောက် ရှိနိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။ ဖေဖော်ဝါရီ ၃ ရက် တရုတ်ငွေဈေးမှာ တစ်ယွမ်လျှင် မြန်မာငွေ ၂၀၃ ကျပ် ဝန်းကျင်ပေါက်ဈေးရှိကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

## ကိုဗစ်-၁၉ ကာကွယ်ရေး ပိုစတာများကို မြန်မာနှင့် မီဇိုးချင်းဘာသာများဖြင့် စိုက်ထူ

**ရိခေါဒါရ် ဖေဖော်ဝါရီ ၃**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ ကျန်းမာရေးဌာန၏ ဦးဆောင်မှုဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ပိုစတာများကို မြန်မာနှင့် မီဇိုးချင်း ဘာသာနှစ်မျိုးဖြင့် စိုက်ထူခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဖေဖော်ဝါရီ ၂ ရက်က ဆောင်ရွက်ကြောင်း သိရသည်။

ရိခေါဒါရ်မြို့ တိုက်နယ်ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာစန်းမာ၏ စီစဉ်မှုဖြင့် မြန်မာဘာသာစကားနှင့် ဒေသ မီဇိုးချင်းဘာသာစကားနှစ်မျိုးဖြင့် ထုတ်ဝေထားသည့် "နေထိုင်မှုပုံစံအသစ်" ခေါင်းစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဗီနိုင်းပိုစတာ ၁၀ ခုကို ရိခေါဒါရ်မြို့ ရပ်ကွက်နှစ်ခုအတွင်းရှိ အဓိကလမ်းမကြီးများ၊ လမ်းဆုံလမ်းခွများနှင့် ရိဒ်ရေကန်အနီး၌ စိုက်ထူခဲ့ကြခြင်းဖြစ်ပြီး လက်ကမ်းစာစောင် ၂၃၀၀ ကိုလည်း ရပ်ကွက်နှစ်ခုအတွင်းမှ ပြည်သူများထံသို့ အိမ်တိုင်ရာရောက် ဖြန့်ဝေပေးခြင်းဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ပိုစတာများနှင့် လက်ကမ်း စာစောင်များကို အလှူရှင် ဦးထန်ဇစိန် (ကျေးဇူးရှင် မိသားစု)က ပံ့ပိုးလှူဒါန်းခြင်းဖြစ်ပြီး ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်း လုပ်ငန်းများကို ကျန်းမာရေးဌာန၊ မီးသတ်ဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရပ်ကွက်နေလူငယ်များ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**




ရောဂါကာကွယ်ရေး အသိပညာပေး ပိုစတာ စိုက်ထူနေစဉ်။

# တောင်ကြီး ဖဝါးအောက်

ကောင်းမွန်

**စာရေးသူအနေဖြင့် ၁၉၉၃ ခုနှစ် မတ်လကုန်ပိုင်းမှ ၁၉၉၈ ခုနှစ် ဇန်နဝါရီလအထိ ကမ္ဘာ့အနိမ့်ဆုံးနေရာ၊ တစ်နည်းအားဖြင့် ပင်လယ်ရေမျက်နှာပြင်အောက်မီတာ ၂၀၀ ကျော် နိမ့်ကျနေသည့်နေရာတွေရှိတဲ့ အစ္စရေးနိုင်ငံမှာ တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။ လုပ်ငန်းကိစ္စအရဖြစ်စေ၊ အခြားကိစ္စတစ်ခုခုကြောင့်ဖြစ်စေ Lake Kinnereth သို့မဟုတ် Lake Tiberias သို့တည်းမဟုတ် Sea of Galilee လို့ လူသိများတဲ့ ကုန်းတွင်းပိုင်း ရေချိုကန်ကြီးနား ဖြတ်သန်းသွားတဲ့အခါ ပင်လယ်ရေမျက်နှာပြင်နဲ့ တစ်တန်းတည်းရှိကြောင်း အမှတ်အသားပြထားတဲ့နေရာကို ဖြတ်ကျော်မိတာ အမှတ်ရမိပါတယ်။ တစ်ဖန် ၂၀၀၂ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းမှ ၂၀၀၆ ခုနှစ် ဧပြီလကုန်ပိုင်းအထိ ကမ္ဘာ့အမိုးလို့ လူသိများတဲ့ နီပေါနိုင်ငံကို ရောက်ရှိပြီး တာဝန်ထမ်းဆောင်ရပြန်တော့ ကမ္ဘာ့အနိမ့်ဆုံးဒေသကနေ အမြင့်ဆုံးနေရာကို ရောက်လာတဲ့ ကံတရားကလည်း အဆန်းသားလို့ တွေးမိပါတယ်။**



ကမ္ဘာ့ဒုတိယအမြင့်ဆုံး ကေ- ၂ တောင်။

ဒီရက်ပိုင်း Diane & Norbet Schmitt တို့ရဲ့ "ဝေါဟာရအပေါ် အလေးထားမှု" စာအုပ်ကို ဖတ်ရှုရင်းနဲ့ နီပေါနိုင်ငံမှာရှိတဲ့ ဧဝရက်တောင်ဟာ ကမ္ဘာပေါ်မှာ အမြင့်ဆုံးတောင်အဖြစ် လူသိများပေမယ့် တရုတ်နိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံတို့ရဲ့ နယ်စပ်မှာ တည်ရှိနေတဲ့ ကေ-၂ လို့ အမည်ရတဲ့ ကမ္ဘာ့ဒုတိယအမြင့်ဆုံးတောင်ကို တောင်တက်သမားတွေအတွက် စိန်ခေါ်မှုအရှိဆုံး တောင်ထိပ်တစ်ခုအဖြစ် အသိအမှတ်ပြုထားကြောင်း မှတ်သားလိုက်ရပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် လွန်ခဲ့တဲ့သီတင်းပတ်ကုန်ပိုင်း ဇန်နဝါရီလ ၁၆ ရက်နေ့က နီပေါနိုင်ငံသား တောင်တက်သမားတွေချည်းပါဝင်တဲ့ အဖွဲ့နှစ်ဖွဲ့ပေါင်းစည်းပြီး ကေ-၂ တောင်ထိပ်ကို အောင်အောင်မြင်မြင် တက်နိုင်ခဲ့ကြောင်း သတင်းတစ်ပုဒ်ကို ဒီမနက်မှာပဲ ဖတ်လိုက်ရပါတယ်။ တောင်တက်သမားတွေ တောင်ထိပ်ကို အောင်မြင်စွာ တက်နိုင်ခဲ့တဲ့သတင်းဆိုပေမယ့် ရာသီဥတုပြင်းထန်တဲ့ ဆောင်းတွင်းကာလမှာ ကေ-၂ တောင်ထိပ်ကို တက်နိုင်ခဲ့တာရယ်၊ ယခင်ကအဖွဲ့လိုက် စုစည်းညီညွတ်မှုမရှိခဲ့လို့၊ ခေါင်းဆောင်မှု ကင်းမဲ့ခဲ့လို့၊ အာရုံစူးစိုက်မှု လျော့နည်းခဲ့လို့၊ ထိုမှတစ်ဖန် ဆိုးရွားတဲ့ ရာသီဥတုနဲ့ ကြုံတွေ့ရလို့ အောင်မြင်မှုမရှိခဲ့တဲ့ ကြိုးပမ်းမှုတွေအကြားမှာ စုစည်းညီညွတ်မှုနဲ့ ခေါင်းဆောင်ကောင်းအောက်မှာ ညီညီညွတ်ညွတ်ကြိုးပမ်းခဲ့ကြလို့ နီပေါတောင်တက်အဖွဲ့က ကေ-၂ တောင်ထိပ်ကို အောင်အောင်မြင်မြင် တက်နိုင်ခဲ့တာ၊ စုပေါင်းညီညာကြရင် မဖြစ်နိုင်ဘူးလို့ ထင်ရတဲ့အရာတွေကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်တယ်ဆိုတဲ့ သတင်းလက်ဆောင်ကို ပါးချင်လို့ ဤဆောင်းပါးကို တင်ဆက်လိုက်ရပါတယ်။

**ကြမ်းတမ်းလွန်းတဲ့၊ အကြင်နာကင်းမဲ့တဲ့ တောင်ထိပ်**

ကမ္ဘာ့ဒုတိယအမြင့်ဆုံး ကေ-၂ တောင်ကို ကြမ်းတမ်းတဲ့၊ အကြင်နာကင်းမဲ့တဲ့တောင်လို့ ခေါ်ဝေါ်လေ့ရှိပြီး တောင်တက်သမားတွေအနေနဲ့အလွန်အမင်း အေးလွန်းတဲ့ဆောင်းတွင်းကာလမှာ ကေ-၂ တောင်ထိပ်ပေါ်တက်ဖို့ စိတ်ကူးလေ့ မရှိခဲ့ကြပါဘူး။

တောင်တက်သမားတွေ ကေ-၂ တောင်ထိပ်ပေါ်ကို ပထမဆုံးအကြိမ် အောင်မြင်စွာ တက်နိုင်ခဲ့တာ ၁၉၅၄ ခုနှစ်မှာ ဖြစ်ပါတယ်။ အအေးဆုံး ဆောင်းတွင်းကာလမှာ ကေ-၂ တောင်ထိပ်ပေါ်ကိုတက်ဖို့ ယခင်က ကြိုးပမ်းခဲ့ကြတာ ခြောက်ကြိမ်ပဲရှိသေးပြီး အကြိမ်တိုင်းမှာ အရေးနိမ့်ခဲ့ကြပါတယ်။ နွေဦးပေါက် သို့မဟုတ် နွေရာသီကာလမျိုးမှာတောင် ကေ-၂ တောင်ထိပ်ပေါ်ကို တက်နိုင်ခဲ့ကြသူ အရေအတွက်ဟာ ၄၀၀ မပြည့်သေးပါဘူး။ သို့ဖြစ်၍ အာကာသအတွင်း အရောက်သွားနိုင်ခဲ့သူ အရေအတွက်ဟာ ကေ-၂ တောင်ထိပ်ပေါ် တက်နိုင်ခဲ့သူအရေအတွက်ထက်ပင် ပိုမိုများကြောင်းနဲ့အကြမ်းဖျင်းအားဖြင့် ကေ-၂ တောင်ထိပ်ပေါ်ကို အရောက်လှမ်းနိုင်သူခြောက်ဦးမှာ သေဆုံးသူ အနည်းဆုံးတစ်ဦး ရှိတတ်ကြောင်းလည်း မှတ်သားမိပါတယ်။

ဒါပေမယ့် လွန်ခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်ပိုင်းမှာ ပါကစ္စတန်နိုင်ငံ အစွန်အဖျားရှိ ဂေါ်ဒွင်အော်စတင် ရေခဲပြင်ပေါ်မှာ နီပေါနိုင်ငံသား တောင်တက်သမားအဖွဲ့နှစ်ဖွဲ့ ပေါင်းစည်းပြီးတော့ ကေ- ၂ တောင်ထိပ်ပေါ်ကို အရောက်တက်နိုင်ဖို့ ကြိုးပမ်းခဲ့ကြပါတယ်။ နီပေါနိုင်ငံသားတောင်တက်သမားတွေ၊ အထူးသဖြင့် ဒေသခံ ရှာပါမျိုးနွယ်ဝင်တွေဟာ ချမ်းသာကြွယ်ဝတဲ့ အနောက်နိုင်ငံသားတွေကို အခကြေးငွေယူပြီး တောင်ထိပ်သို့ လိုက်လံပို့ဆောင်လမ်းပြပေးသူတွေ ဖြစ်ကြပေမယ့် အထက်ဖော်ပြပါ အဖွဲ့နှစ်ဖွဲ့ကတော့ ယင်းကဲ့သို့လမ်းပြပေးဖို့ ရည်ရွယ်ချက်နဲ့ သွားကြတာမဟုတ်ဘဲ သူတို့ကိုယ်တိုင် တောင်တက်သမားတွေ ဖြစ်ကြပါတယ်။

**တစ်ကိုယ်ကောင်း မဆန်ကြဘဲ စုစုစည်းစည်း အဖွဲ့လိုက် လုပ်ဆောင်ခဲ့ကြခြင်းရဲ့ အောင်မြင်မှု**

အဖွဲ့နှစ်ဖွဲ့လုံးဟာ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့မှာ အမြင့် ၂၈ ၂၅၁ ပေ ရှိတဲ့ ကေ-၂ တောင်ထိပ်ကို အောင်အောင်မြင်မြင် တက်နိုင်ခဲ့ကြပါတယ်။ ဟိမဝန္တာဒေသခံ နီပေါတောင်တက်သမားတွေ တစ်ကိုယ်ကောင်း မဆန်ကြဘဲ စုစည်းညီညွတ်စွာ အဖွဲ့လိုက်လုပ်ဆောင်ခဲ့ကြခြင်းရဲ့ အောင်မြင်မှုပါပဲ။

**"တောင်တက်ခြင်းဆိုတာ (၂၀) ရာစုနှစ်လယ်ပိုင်းမှာ အနောက်နိုင်ငံတွေအကြား အမျိုးသားအင်အားကို ပြသတဲ့ အားကစားတစ်ရပ်အဖြစ် ပေါ်ထွက်လာတာ ဖြစ်ပါတယ်။ ရာသီဥတုပြင်းထန်တဲ့ ဆောင်းတွင်း ကာလမှာ ကေ-၂ တောင်ထိပ်ကို အောင်မြင်စွာ တက်နိုင်ခဲ့တယ်ဆိုတာ မြင့်မားလွန်းတဲ့ တောင်ထိပ်ကို တက်ရောက်သူတွေအတွက် အကြီးမားဆုံးဆုလာဘ် တစ်ခုလို့ ဆိုနိုင်ပါတယ်"**

တောင်တက်ခြင်းဆိုတာ (၂၀) ရာစုနှစ်လယ်ပိုင်းမှာ အနောက်နိုင်ငံတွေအကြား အမျိုးသားအင်အားကို ပြသတဲ့ အားကစားတစ်ရပ်အဖြစ် ပေါ်ထွက်လာတာဖြစ်ပါတယ်။ ရာသီဥတုပြင်းထန်တဲ့ ဆောင်းတွင်းကာလမှာ ကေ-၂ တောင်ထိပ်ကို အောင်မြင်စွာ တက်နိုင်ခဲ့တယ်ဆိုတာ မြင့်မားလွန်းတဲ့တောင်ထိပ်ကို တက်ရောက်သူတွေအတွက် အကြီးမားဆုံးဆုလာဘ်တစ်ခုလို့ ဆိုနိုင်ပါတယ်။

တောင်တက်အဖွဲ့တွေ ထူးထူးခြားခြား အောင်မြင်မှုရရှိခဲ့ကြတဲ့ ၁၉၅၀ ပြည့်နှစ်ကနေ ၁၉၆၄ ခုနှစ် အကြားကာလမှာ ကမ္ဘာပေါ်မှာ အမြင့်ဆုံးဖြစ်ကြတဲ့ မီတာ ၈၀၀၀ အထက် တစ်နည်းအားဖြင့် အမြင့်ပေ ၂၆၂၄၆ အထက် မြင့်မားတဲ့ တောင်ထိပ် ၁၄ ခုလုံးကို ပထမဆုံးအကြိမ် အောင်အောင်မြင်မြင် တက်ရောက်နိုင်ခဲ့ကြပါတယ်။ ပြင်သစ်နိုင်ငံသား တောင်တက်သမားတွေက အန်နာပူနာနဲ့မာကာလူ တောင်ထိပ်တွေကို အောင်အောင်မြင်မြင် တက်နိုင်ခဲ့ကြသလို အီတလီနိုင်ငံသား တောင်တက်သမားတွေက ကေ- ၂ တောင်ထိပ်ပေါ် အရောက်လှမ်းနိုင်ခဲ့ကြပါတယ်။ ဗြိတိန်နိုင်ငံသား တောင်တက်သမားတွေကတော့ ကန်ချန်ဂျန်ဂါတောင်ထိပ်ကို အောင်မြင်စွာ တက်နိုင်ခဲ့ကြပါတယ်။ ဒီလိုမျိုး ကမ္ဘာ့အမြင့်ဆုံး တောင်ထိပ်တွေအပေါ် အောင်အောင်မြင်မြင် တက်ရောက်နိုင်ခဲ့ကြတဲ့ တောင်တက်သမားအဖွဲ့တိုင်းဟာ ဒေသခံတွေအပေါ် လမ်းပြဖို့ မှီခိုအားထားခဲ့ကြရပါတယ်။ ဒီဒေသခံတွေဟာ ငွေကြေးပမာဏအနည်းငယ်သာ ရရှိကြပြီး ရံဖန်ရံခါ နိုင်ငံခြားသား တောင်တက်သမားတွေရဲ့ မှားယွင်းစွာ တွက်ချက်မှုတွေ၊ ကံအကြောင်း မကောင်းလှမှုတွေအတွက် ခါးခါးသီးသီး ပေးဆပ်ရတာမျိုးတွေလည်း ရှိခဲ့ပါတယ်။

ယင်းကဲ့သို့မျိုး မီတာ ၈၀၀၀ အထက်ရှိတဲ့ ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်တွေအားလုံးကို အောင်အောင်မြင်မြင် တက်ရောက်နိုင်ခြင်း မရှိသေးမီ မည်သူတစ်ဦးတစ်ယောက်ကမှ ဆိုးဆိုးရွားရွား အေးလှတဲ့ ဆောင်းတွင်းကာလမှာ တောင်ထိပ်တွေအပေါ် တက်ရောက်ဖို့ အလေးအနက် ကြိုးပမ်းခဲ့ကြခြင်း မရှိပါဘူး။

ချမ်းသာကြွယ်ဝတဲ့ အနောက်နိုင်ငံတွေက တောင်တက်သမားတွေက ကမ္ဘာ့အမြင့်ဆုံး တောင်ထိပ်အပေါ် အရောက်လှမ်းပြီး သက်ဆိုင်ရာနိုင်ငံအလံတွေကို စိုက်ထူဖို့ ကြိုးပမ်းအားထုတ်နေချိန်မှာ ပိုလန်နိုင်ငံသား တောင်တက်သမားတွေအနေနဲ့ သံမဏိတံတိုင်းအနောက်မှာ ပိတ်မိနေခဲ့ကြပါတယ်။ ၁၉၈၀ ပြည့်နှစ်ကာလတွေမှာ ပိုလန်နိုင်ငံအနေနဲ့ စတင်တံခါးဖွင့်လာတဲ့ အခါမှာတော့ အရည်အသွေးမြင့်မားပြီး ကြံ့ကြံ့ခံနိုင်စွမ်းရှိကြတဲ့ ပိုလန်နိုင်ငံသားတောင်တက်သမားတစ်ဖွဲ့ဟာ ဧဝရက်တောင်ထိပ်နဲ့ မီတာ ၈၀၀၀ အထက် အခြား တောင်ထိပ်ခြောက်ခုကို ဆိုးဆိုးရွားရွားအေးလွန်းတဲ့ ဆောင်းတွင်းကာလမှာ တက်ရောက်နိုင်ခဲ့ကြပါတယ်။ ဒါပေမယ့် အဲဒီစာရင်းထဲမှာ ကေ- ၂ မပါဝင်ခဲ့ပါဘူး။

ပိုလန်နိုင်ငံသား တောင်တက်သမားတွေလိုပဲ နီပေါနိုင်ငံသား တောင်တက်သမားတွေလည်း လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်း ဆိုးရွားလှတဲ့ ခါးသီးမှုတွေကို ကြုံတွေ့ခဲ့ကြရပါတယ်။ ၂၀၁၄ ခုနှစ်မှာ ဧဝရက်တောင်ထိပ်မှာ ရေခဲတောင်ပြိုကျလို့ နီပေါနိုင်ငံသား တောင်တက်သမား ၁၆ ဦး အသက်ဆုံးရှုံးခဲ့ကြရပါတယ်။ ၂၀၁၅ ခုနှစ်မှာ ငလျင်လှုပ်လို့ တောင်တက်အဖွဲ့တွေရဲ့ အခြေစိုက်စခန်း ပျက်စီးခဲ့ပြီး အရေးပေါ်ကယ်ဆယ်ရေးတွေ ဆောင်ရွက်ခဲ့ရပါတယ်။ ယင်းဖြစ်ရပ်အတွင်း လူပေါင်း ၂၀ ခန့် အသက်ဆုံးရှုံးခဲ့ကြရာမှာ နီပေါနိုင်ငံသား တောင်တက်သမားတွေ ထက်ဝက်လောက် ပါဝင်ခဲ့ပါတယ်။

၂၀၂၀ ပြည့်နှစ်မှာတော့ ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် နီပေါနိုင်ငံက တောင်တွေအပေါ် တက်ရောက်မှုတွေကို ပိတ်ထားခဲ့ပါတယ်။ တစ်နည်းအားဖြင့် နီပေါနိုင်ငံသား ဒေသခံလမ်းပြ အသိုက်အဝန်းအတွက် အဓိက ငွေကြေးအရင်းအမြစ်တစ်ခုဖြစ်တဲ့ ဧဝရက်တောင်ထိပ်အပေါ် တက်ရောက်မှုကို လွန်ခဲ့တဲ့ ခုနှစ်နှစ်ကာလအတွင်း လေးနှစ်မျှသာ ဖွင့်ထားနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်အတွင်း ဩစတြီးယားနိုင်ငံသား နီပေါနွယ်ဖွား ဒေးဗစ်လာမားတစ်ယောက် ကနေဒါနိုင်ငံ ရော့ကီတောင်တန်းမှာ တောင်တက်ရင်း အသက်ဆုံးရှုံးခဲ့ချိန်မှာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ ဖြစ်ခဲ့ကြပြန်ပါတယ်။

၁၉၅၃ ခုနှစ်မှာ နီပေါလူမျိုးတစ်ဦးဖြစ်တဲ့ တန်ဇင်းနော်ဂေးဟာ နယူးဇီလန်နိုင်ငံသား တောင်တက်သမား အက်မွန်ဟီလာရီနဲ့အတူ ပထမဆုံးအကြိမ် ဧဝရက်တောင်ကို အောင်အောင်မြင်မြင် တက်ရောက်ခဲ့ပါတယ်။ တန်ဇင်းနော်ဂေး၊ ဒေးဗစ်လာမားတို့ဟာ နီပေါတိုင်းရင်းသား ရှာပါအနွယ်ဝင်တွေ ဖြစ်ကြပေမယ့် ကေ- ၂ တောင်ထိပ်ကို အောင်မြင်စွာတက်ရောက်နိုင်ခဲ့တဲ့ အဖွဲ့နှစ်ဖွဲ့အနက် တစ်ဖွဲ့ရဲ့ခေါင်းဆောင်ဖြစ်သူ အသက် (၃၇)နှစ်အရွယ် နီမဲလ်ပူဂျာက မာဂါအနွယ်ဝင်တစ်ဦး ဖြစ်ပါတယ်။ ရှာပါအနွယ်ဝင် မဟုတ်တော့ တောင်တက်သမားတွေအကြား သိပ်ပြီးလူသိမများခဲ့ပါဘူး။ နီမဲလ်ပူဂျာကို ကမ္ဘာပေါ်မှာ သတ္တမမြောက်အမြင့်ဆုံးဖြစ်တဲ့ ဒိုလာဂီရီတောင်အနီးဒေသမှာ မွေးဖွားခဲ့ပြီး ၎င်းအနေနဲ့ နီပေါနိုင်ငံရဲ့ မြေပြန့်ပိုင်းမှာ ကြီးပြင်းခဲ့သူတစ်ဦး ဖြစ်ပါတယ်။ အသက်(၁၈) နှစ်အရွယ်မှာ နီပေါနိုင်ငံကနေထွက်ခွာပြီး ဗြိတိသျှတို့ရဲ့ နာမည်ကျော် ဂေါ်ရခါးတပ်ရင်းကို ဝင်ရောက်ခဲ့ပါတယ်။ ယင်းမှတစ်ဆင့် ဗြိတိန်အထူးတပ်ဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ တပ်ကအနားယူခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်အတွင်း ကမ္ဘာ့အမြင့်ဆုံး တစ်နည်းအားဖြင့် မီတာ ၈၀၀၀ အထက် မြင့်မားတဲ့ တောင်ထိပ် ၁၄ ခုလုံးကို ခြောက်လနဲ့ ခြောက်ရက်အတွင်း အောင်အောင်မြင်မြင် တက်ရောက်နိုင်ခဲ့ရာမှ တောင်တက်သမားတွေအကြား လူသိများလာခဲ့ပါတယ်။

အထူးသဖြင့် ကမ္ဘာ့အမြင့်ဆုံး တောင်ထိပ်ခြောက်ခုကို ခြောက်ရက်အတွင်း အောင်အောင်မြင်မြင် တက်ရောက်နိုင်ခဲ့ရာ ယင်းမတိုင်မီ ရှစ်နှစ်လောက်က တောင်ကိုရီးယားလူမျိုးတောင်တက်သမား ကင်မ်ချန်ဟို တင်ထားတဲ့ စံချိန်ကို ချိုးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီလိုမျိုး ကမ္ဘာ့အမြင့်ဆုံး တောင်ထိပ်ခြောက်ခုကို ခြောက်ရက်အတွင်း အောင်အောင်မြင်မြင် တက်နိုင်ဖို့အတွက် နီမဲလ်ပူဂျာအနေနဲ့ ရှာပါအနွယ်ဝင် တောင်တက်သမား အုပ်စုတစ်စုကို စည်းရုံးခဲ့ပြီး ၎င်းတို့ကလည်း နီမဲလ်ပူဂျာနဲ့အတူ တောင်ထိပ်ခြောက်ခုကို အလှည့်ကျတက်ရောက် ခဲ့ကြပါ တယ်။ ပြီးခဲ့တဲ့ရက်ပိုင်းမှာ နီမဲလ်ပူဂျာအနေနဲ့ ကေ-၂ တောင်ထိပ်အပေါ် အရောက်လှမ်းနိုင်ခဲ့ချိန်မှာ ဖော်ပြပါ ရှာပါအနွယ်ဝင် တောင်တက်သမားအချို့က အမာခံတွေအနေနဲ့ ပါဝင်ခဲ့ကြပါတယ်။ နီမဲလ်ပူဂျာဟာ ဆိုရှယ်မီဒီယာမှာ Nimsdai အမည်နဲ့ တောင်တက်သမားတစ်ဦးရဲ့ယုံကြည်ချက်ကို အပေါ်လွင်ဆုံး

*စာမျက်နှာ ၂၅ သို့*

# မြန်မာ့မီးရထားမှ ယာယီရပ်နားထားသော ခရီးဝေးရထား၊ မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများ ပြန်လည်ပြေးဆွဲမည်

နေပြည်တော် ဖေဖော်ဝါရီ ၃

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ယာယီရပ်နားထားသော ခရီးဝေးရထား၊ မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများ ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။**

COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်များနှင့်အညီ ခရီးသွားလာမှု ကန့်သတ်ချက်များအရ ရထားနှင့် ခရီးသည်စီးနင်းမှုလျော့နည်းသွားသဖြင့် ခရီးဝေးရထားများတွင် စာပို့ရထား ခြောက်စင်း၊ ပါဆယ်ရထား လေးစင်းနှင့် ကုန်ရထားများ ပြေးဆွဲပေးလျက်ရှိပြီး မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင် တွဲဆိုင်းသုံးဆိုင်းဖြင့် ခေါက်ရေ ၁၂ ခေါက်သာ ပြေးဆွဲပေးလျက်ရှိသည်။

ယခုအခါ COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု လျော့နည်းလာပြီ ဖြစ်သည့်အတွက် ခရီးသွားပြည်သူများ သွားလာမှု လွယ်ကူအဆင်ပြေစေရန် ရန်ကုန်-မန္တလေး၊ မန္တလေး-မြစ်ကြီးနား၊ ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်၊ ရန်ကုန်-ပြည်၊ မန္တလေး-လားရှိုး စသည့် ရထားလမ်းပိုင်းများနှင့် အခြားလမ်းပိုင်း အသီးသီးတွင် လူစီးအမြန်ရထား၊ လူစီးစာပို့ရထား၊ လူစီးကုန်တင်ရထား၊ ခရီးတိုရထားများနှင့် ရန်ကုန်မြို့ပတ် ဆင်ခြေဖုံးရထားခရီးစဉ်များကို ဖေဖော်ဝါရီ ၄ ရက်မှစ၍ ရထားစင်းရေ တိုးချဲ့ပြေးဆွဲပေးသွားမည် ဖြစ်သည်။

ယင်းကဲ့သို့ ရထားများပြေးဆွဲပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ Social Distancing ရှိရေးအတွက် ဘူတာအဝင်နှင့် ရထားပေါ်တွင် ခရီးသည်များအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဘူတာအဝင် လက်ဆေးခုံများ၌ လက်ဆေးစေခြင်း၊ နှာခေါင်းစည်း တပ်ဆင်ပြီးမှ ဘူတာအတွင်းနှင့် ရထားပေါ်သို့ တက်ရောက်စေခြင်း၊ Social Distancing အတွက် နှစ်ယောက်ထိုင်နိုင်သော ထိုင်ခုံတစ်ခုံ၌ ခရီးသည်တစ်ဦးသာ ထိုင်စေခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခင် COVID-19 ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပွားစဉ် ရထားလမ်းကွန်ရက်တစ်လျှောက်တွင် လူစီးအမြန်ရထားအစင်း ၄၀၊ လူစီးစာပို့ရထား ၅၂ စင်း၊ လူစီးကုန်တင်ရထား ၄၈ စင်း၊ ခရီးတိုရထား ၁၆ စင်းတို့ဖြင့် ခရီးဝေးရထား စုစုပေါင်း ၁၅၆ စင်းနှင့် မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများကို တွဲဆိုင်း ၂၁ ဆိုင်းဖြင့် ၁၆၈ ခေါက် ပြေးဆွဲပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မှုခင်းသတင်း

### တွန်းဇံမြို့နယ် ဇမ်ပီးကျေးရွာဟောင်းရှိ နေအိမ်နှင့် ဘုရားရှိခိုးကျောင်း မီးလောင်

**ဖလမ်း ဖေဖော်ဝါရီ ၃**

တွန်းဇံမြို့နယ် ဇမ်ပီးကျေးရွာအုပ်စု ဇမ်ပီးကျေးရွာဟောင်း သတ္တမမြောက်နေ့ အသင်းတော် သင်းအုပ်ဆရာ ဦးဂိုးဇမန် နေအိမ်နှင့် အနီးရှိ သတ္တမမြောက်နေ့အသင်းတော် ခရစ်ယာန် ဘုရားရှိခိုးကျောင်းသည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၁ နာရီက မီးလောင် ပျက်စီးခဲ့ကြောင်း သိရသည်။

မီးလောင်မှုကို ကျေးရွာနေပြည်သူများက စုပေါင်းငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ မိနစ် ၂၀ ခန့်တွင် ငြိမ်းသတ်နိုင်ခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိဘဲ သင်းအုပ်ဆရာ ဦးဂိုးဇမန် နေအိမ်နှင့် ဘုရားရှိခိုးကျောင်းတို့ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### နေပြည်တော်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့အတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် – CMRS ဖြင့် သတင်းပေးပို့ချက်အရ ဇန်နဝါရီ ၂၉ ရက်နှင့် ဇန်နဝါရီ ၃၀ ရက်တို့တွင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် တောင်ညိုကြိုးဝိုင်း အကွက် အမှတ်(၄၄)၊ တောင်ညိုကြိုးဝိုင်း အကွက် အမှတ် (၄၀)အတွင်း၊ အထက်ဆင်သေကြိုးဝိုင်း အကွက်အမှတ် (၇၅) အတွင်း တရားမဝင် ကျွန်း၊ ပျဉ်းကတိုး၊ သင်းဝင်၊ ဘဲ့ပြား၊ ဖက်သန်း၊ တောင်မကျည်း၊ ကြက်ရိုး၊ ယင်းမာ၊ ဘင်္ဂ၊ ရုံး၊ ဖန်ခါး၊ အင်၊ သန်း၊ လိန်၊ သဘွတ်ကြီး၊ တရော်၊ ချဉ်ယုတ်၊ သံသေ၊ ကြို့၊ အင်ကြင်း၊ နဘဲ၊ တရော်သစ်၊ ယင်းမာ၊ သဘောက်၊ ကတိုး၊ ခူသန်ခွဲသား၊ ခွဲခြမ်း၊ မျော ၁၀ ဒသမ ၈၂၇၂ တန်၊ Jianghuai အင်ဂျင်နှစ်လုံးနှင့်အတူ သစ်စက် ဆက်စပ်ပစ္စည်းများအား လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်(ပူးတွဲ)ပင်လောင်းမြို့နယ် ပေါင်းလောင်းကြိုးဝိုင်း အကွက်အမှတ် (၇၁) အတွင်း တရားမဝင် ကညင်၊ စကားဝါခွဲသား ၁၁ ဒသမ ၈၄၄၁ တန်တို့အား ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ပတ်သက်သော ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

### ကလောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ကလောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီခွဲတွင် ကလောမြို့နယ် ရွှေမင်းဖုန်းကျေးရွာအုပ်စု ရွှေမင်းဖုန်းကျေးရွာနေ ဇော်ဝင်းမောင်(ခ) ပလောင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြန်မာ့သနပ်ခါးနေ့ကို မြို့နယ် ငါးမြို့နယ်တွင် ကျင်းပမည်

**မုံရွာ ဖေဖော်ဝါရီ ၃**

မြန်မာ့သနပ်ခါးနေ့အဖြစ် တပို့တွဲလပြည့် (ဖေဖော်ဝါရီ ၂၆)ရက်တွင် မြို့နယ် ငါးမြို့နယ်ဖြစ်သည့် အရာတော်၊ ရွှေဘို၊ ရေစကြို၊ မြိုင်နှင့် ပေါက်မြို့နယ်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သနပ်ခါးအသင်းဥက္ကဋ္ဌ ဦးကျော်မိုး (အရာတော်)ထံမှ သိရသည်။

မြန်မာ့သနပ်ခါးနေ့ကို မြို့နယ်ငါးမြို့နယ်တွင် ပြုလုပ်ရခြင်းမှာ ရိုးရာယဉ်ကျေးမှုများ ရေရှည်ရပ်တည်နိုင်ရန်၊ သနပ်ခါးမဟုတ်ဘဲ သနပ်ခါးအမည်ခံ အလှကုန်များကို ဟန့်တားနိုင်ရန် မြန်မာတစ်မျိုးသားလုံးက မြန်မာ့သနပ်ခါးကို မြတ်နိုးတန်ဖိုးထားတတ်ရန်အတွက် မြန်မာ့သနပ်ခါးနေ့ကို ကျင်းပရခြင်းဖြစ်သည်ဟု ဆက်လက်ပြောကြားသည်။

မြန်မာ့သနပ်ခါးနေ့အဖြစ် ကျင်းပရာတွင် သနပ်ခါးဖြင့် မီးပူဇော်ခြင်း၊ သနပ်ခါးနံ့သာရည်ဖြင့် ဘုရားအား ဆက်ကပ်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ စတုဒိသာအဖြစ် ထမနဲထိုးခြင်း၊ သနပ်ခါးနှင့်ပတ်သက်သည့် အသိပညာပေးစာစောင်များ ဝေငှခြင်းနှင့် စတစ်ကာများဝေငှခြင်းတို့ကို ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ယူနက်စကိုတွင် မြန်မာ့သနပ်ခါးကို ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် ရရှိနိုင်အောင် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ်လက တင်ပြထားပါကြောင်း၊ ယခုလက်ရှိတွင် ပြည်တွင်းသနပ်ခါးဈေးကွက်အတွင်း ရောင်းချနေသည့် သနပ်ခါးအမည်ခံ အလှကုန်ပစ္စည်းများကို ဟန့်တားနိုင်ပါက သနပ်ခါးဈေးကွက်ကောင်းလာမည်ဖြစ်ပြီး မြန်မာ့သနပ်ခါးရိုးရာယဉ်ကျေးမှု အမွေအနှစ်ကိုလည်း ထိန်းသိမ်းရာရောက်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သနပ်ခါးစိုက်ဧကအများဆုံးမှာ အရာတော်မြို့နယ်ဖြစ်ပြီး သနပ်ခါးစိုက်ဧက တစ်သိန်းကျော်ရှိကြောင်း ဥက္ကဋ္ဌ ဦးကျော်မိုး (အရာတော်)က ပြောကြားသည်။

**မွေးကြူဇင်**

*စာမျက်နှာ ၂၄ မှ*

ရေးသားဖော်ပြခဲ့သူ ဖြစ်ပါတယ်။ ကေ-၂ တောင်ထိပ်ကို တက်မယ့်ကိစ္စနဲ့ပတ်သက်လို့ နီပေါနိုင်ငံသား တောင်တက်သမားအသိုက်အဝန်းအတွက် အပြင်းထန်ဆုံး၊ အကြီးကျယ်ဆုံး အောင်မြင်တဲ့ တောင်တက်ခြင်းတစ်ခုဖြစ်စေဖို့ ကတိပြုကြောင်းနဲ့ ယင်းကဲ့သို့ အောင်မြင်စွာ တက်ရောက်နိုင်မှု မရှိမချင်း အခြေစိုက်စခန်းကို စွန့်ခွာမှာမဟုတ်ကြောင်းလည်း နီမဲလ်ပူဂျာက ၎င်းရဲ့အင်စတာဂရမ်စာမျက်နှာအောက်မှာ ရေးသားခဲ့ပါတယ်။

အခြားတစ်ဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ မင်ဂ်မာဂျာဂီရှာပါ သို့မဟုတ် မင်ဂ်မာဂျီကတော့ ဆိုရှယ်မီဒီယာပိုင်းမှာ နီမဲလ်ပူဂျာနဲ့စာရင် ပိုပြီးတိတ်တိတ်ဆိတ်ဆိတ်နိုင်သူတစ်ဦး ဖြစ်ပါတယ်။ ၎င်းရဲ့ဖခင်ဟာ ဧဝရက်တောင်တက်တဲ့ အဖွဲ့တစ်ဖွဲ့နဲ့လိုက်ပါစဉ် တောင်တက်အဖွဲ့ဝင်တစ်ဦးရဲ့ ဖိနပ်သဲကြိုးတွေကို ချည်ပေးဖို့ကြိုးစားရင်း နှင်းကိုက်တဲ့ ဒဏ်နဲ့ လက်ချောင်းလေးတွေကို ဆုံးရှုံးခဲ့ရသူဖြစ်ပါတယ်။ မင်ဂ်မာဂျီ အနေနဲ့ နီပေါနိုင်ငံ၊ ရိုဝါလင်တောင်ကြားမှာရှိတဲ့ ၎င်းရဲ့နေအိမ်ကနေ လှမ်းမြင်နေရတဲ့ အမြင့်ပေ ၂၁၈၃၂ ရှိတဲ့ တောင်ထိပ်ပေါ်ကို တစ်ယောက်တည်း အောင်အောင်မြင်မြင် တက်နိုင်ခဲ့ရာမှ လူသိများခဲ့သူ ဖြစ်ပါတယ်။ မင်ဂ်မာဂျီဟာ ဧဝရက်တောင်ထိပ်ပေါ်ကို ငါးကြိမ်တိုင်တိုင်နဲ့ ကေ-၂ တောင်ထိပ်ပေါ်ကို နှစ်ကြိမ်တိုင်တိုင် တက်ရောက်နိုင်ခဲ့ဖူးပါတယ်။ အသက်(၃၀)မပြည့်မီမှာ ကမ္ဘာ့အမြင့်မားဆုံး တောင်ထိပ် ၁၄ ခုလုံးကို အောင်အောင်မြင်မြင် တက်ရောက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

နီမဲလ်ပူဂျာက ကေ-၂ တောင်တက်မယ့်စီမံကိန်းအတွက် Red Bull ကုမ္ပဏီရဲ့ လှိုက်လှိုက်လှဲလှဲ အားပေးထောက်ခံမှု ရရှိခဲ့ပေမယ့် မင်ဂ်မာဂျီအနေနဲ့ ဒေါ်လာ ၄၇၅၀၀ ရရှိနိုင်ဖို့ ရည်မှန်းထားသော်လည်း ၎င်းရဲ့ ဖေ့စ်ဘွတ်ခ်စာမျက်နှာမှာ ဖော်ပြခဲ့တဲ့ GoFundMe စီမံချက်ကနေ ဒေါ်လာ ၈၀၀၀ တောင်ပြည့်အောင် မရခဲ့ပါဘူး။

ကေ-၂ တောင်ထိပ်ကိုတက်ဖို့ ကြိုးပမ်းကြရာမှာ နီပေါနိုင်ငံသားတွေအပြင် အခြားနိုင်ငံခြားသား ၂၅ ယောက်တို့ကလည်း အခြေစိုက်စခန်းအထိ လာရောက်ပေါင်းစည်းကြပါတယ်။ ၎င်းတို့အားလုံးက ဆောင်းတွင်းကာလမှာ ကေ-၂ တောင်ထိပ်ပေါ်ပထမဆုံးအကြိမ် တက်ရောက်နိုင်ဖို့ ရည်မှန်းထားကြသူ ဖြစ်ကြပါတယ်။ ၎င်းတို့တွေအနက် အချို့က ကျွမ်းကျင်တဲ့ ဥရောပတောင်တက်သမားတွေဖြစ်ကြပြီး အချို့ကတော့ ရှာပါအနွယ်ဝင် တောင်တက်သမားတွေကို ၎င်းတို့ အကူအညီအတွက် အခကြေးငွေပေးကြတဲ့ ငွေကြေးတတ်နိုင်သူများသာ ဖြစ်ကြပါတယ်။

**အေးလွန်းတဲ့ဆောင်းတွင်းကာလမှာ ကေ-၂ တောင်ထိပ်ပေါ်ကို အောင်အောင်မြင်မြင် တက်ရောက်နိုင်ခဲ့ခြင်း**

ဇန်နဝါရီလ ၁၆ ရက်နေ့မှာတော့ နီပေါနိုင်ငံသား တောင်တက်သမား ၁၀ ဦးဟာ အနုတ် ၇၀ ဒီဂရီဖာရင်ဟိုက်မှာ ကေ-၂ တောင်ထိပ်ပေါ်အရောက်လှမ်းဖို့ အက်ဘရူဇီအစွန်းမှာ တည်ရှိတဲ့ အခြေစိုက်စခန်း အမှတ်(၄) ကနေ ခရီးစတင်ခဲ့ကြပါတယ်။ နီမဲလ်ပူဂျာနဲ့ မင်ဂ်မာဂျီတို့ ဦးဆောင်တဲ့ အဖွဲ့နှစ်ဖွဲ့ပေါင်းစည်းခဲ့ကြသလို အခြားတစ်ဖွဲ့မှာ လိုက်ပါလာခဲ့တဲ့ ရှာပါအနွယ်ဝင်တစ်ဦးကလည်း ၎င်းတို့နဲ့ လာရောက်ပူးပေါင်းခဲ့ပါတယ်။ ကေ-၂ တောင်ထိပ်ပေါ် အရောက်လှမ်းခါနီးမှာတော့ ၎င်းတို့အားလုံးဟာ နီပေါနိုင်ငံတော်သီချင်းကို သံပြိုင်ဟစ်ကြွေးခဲ့ကြပါတယ်။

၂၀၁၄ ခုနှစ်တုန်းက ကေ-၂ တောင်ထိပ်ကို တက်ရောက်ခဲ့သူတစ်ဦးဖြစ်တဲ့ အလန်အာနက်က အလွန်အမင်း အေးလွန်းတဲ့ဆောင်းတွင်းကာလမှာ ယခင်က ကေ-၂ တောင်ထိပ်ပေါ်ကိုတက်ဖို့ ကြိုးပမ်းခဲ့ကြသူတွေ မအောင်မြင်ခဲ့တဲ့ အဓိကအကြောင်းရင်းတွေက အဖွဲ့လိုက် လှုပ်ရှားဆောင်ရွက်မှုမရှိခြင်း၊ ခေါင်းဆောင်မှု ကင်းမဲ့ခြင်းနှင့် အထူးအလေးဂရုပြုမှု မရှိခြင်းတို့ပင်ဖြစ်ကြောင်း၊ ဒီကြားထဲမှာမှ ရာသီဥတုက မျက်နှာသာ မပေးတာနဲ့လည်း ကြုံတွေ့ရတတ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။ ကေ-၂ တောင်ထိပ်ပေါ်ကို အောင်မြင်စွာတက်ရောက်နိုင်ခဲ့ကြတဲ့ နီပေါနိုင်ငံသား တောင်တက်သမားတွေအနေနဲ့ ရာသီဥတုအပိုင်းမှာ ကံကောင်းကြပြီး ရေခဲတောင်ပြိုကျမှုနဲ့လည်း မရင်ဆိုင်ခဲ့ကြရကြောင်း၊ စုပေါင်းဆောင်ရွက်ခဲ့ကြသလို နီပေါနိုင်ငံသား တောင်တက်သမားတွေဟာ ကမ္ဘာပေါ်မှာအတော်ဆုံး၊ အကောင်းဆုံးဆိုတာ သက်သေပြကြဖို့ စိတ်ပိုင်းဖြတ်ထားကြသူများ ဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

နီမဲလ်ပူဂျာက ကေ-၂ တောင်ထိပ်ပေါ် တက်ရောက်ခဲ့ပြီးနောက် လွန်ခဲ့သည့်တစ်ရက်က ပါကစ္စတန်နိုင်ငံကနေ တယ်လီဖုန်းနဲ့ ဆက်သွယ်ပြောကြားခဲ့ရာမှာ "ပေါင်းစည်းညီညွတ်မှုနဲ့ မဖြစ်နိုင်ဘူးလို့ ထင်တဲ့ ကိစ္စကို ဖြစ်မြောက်အောင်မြင်အောင် စုစည်းလုပ်ဆောင်နိုင်ခဲ့ကြပါတယ်။ တစ်ကိုယ်ကောင်း မဆန်မှု၊ အားလုံးဝိုင်းဝန်းပြီး အကောင်းဆုံး ကြိုးပမ်းအောင်မြင်မှု အကြောင်းကိုသာ ပြောကြားလိုပါတယ်။ လူတိုင်းဟာ တန်းတူညီမျှ ချီးကျူးထိုက်သူများသာ ဖြစ်ကြပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

အေးလွန်းလှတဲ့ ဆောင်းတွင်းကာလမှာ ကေ-၂ တောင်ထိပ်အပေါ် ပထမဆုံးအကြိမ် အရောက်လှမ်းနိုင်ခဲ့ကြတဲ့ နီပေါနိုင်ငံသားတောင်တက်သမားတွေကို ချီးကျူးရင်း နိဂုံးချုပ်လိုက်ပါတယ်။ တောင်ကြီးဖဝါးအောက်ပါပဲ။ ။

Ref:

Freddie Wilkinson. **"A Summit of Their Own: A Nepali Team Climbs K2."** The New York Time **27.1.2021**

**Adam Skolncik and Bhadra Sharma. "For Nepal': Climbers conquer a killer in winter."** The New York Time **29.1.2021**

# ရွှေသောင်ယံမြို့တွင် ကလေးငယ်များအား အားဆေး၊ သန်ချဆေးနှင့် အာဟာရမှုန့်များ တိုက်ကျွေး

ရွှေသောင်ယံ ဖေဖော်ဝါရီ ၃

ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ အသက်ခြောက်လမှ ငါးနှစ်အောက် ကလေးငယ်များအား ပေါင်ချိန်တိုင်းပေးခြင်း၊ ဗီတာမင်အေ မျက်စိ အားဆေးတိုက်ကျွေးခြင်း၊ သန်ချဆေးပေးခြင်း၊ အာဟာရမှုန့်များပေးခြင်းတို့ကို ဖေဖော်ဝါရီ ၃ ရက်က ဆောင်ရွက်ပေးသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်သည့်အနေဖြင့် ကလေးများနှင့် မိခင်များအား ဆေးခန်းသို့ တစ်ကြိမ်လျှင် နှစ်ဦး၊ သုံးဦးစီခန့်သာ ခေါ်ဆောင်၍ ဆေးတိုက်ခြင်း၊ ဆေးပေးခြင်းလုပ်ငန်းများကို တစ်နေကုန် အလှည့်ကျ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ပြန်/ဆက်)**

# လှိုင်းဘွဲမြို့နယ်၌ ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးပေး

လှိုင်းဘွဲ ဖေဖော်ဝါရီ ၃

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၌ ကလေးငယ်များ ကျန်းမာသန်စွမ်းစေရန်နှင့် ကူးစက်ရောဂါများ ကင်းဝေးစေရန် ရည်ရွယ်၍ ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၂ ရက်က မြိုင်ကြီးငူအထူးဒေသ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ဆောင်ရွက်သည်။

မွေးစမှ အသက်(၂)နှစ်အောက် ကလေးငယ်များတွင် အသည်းရောင်အသားဝါ ဘီရောဂါ၊ ပိုလီယို အကြောသေရောဂါ၊ ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုးရောဂါနှင့် ဝက်သက်ရောဂါများ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန်အတွက် အသက်အပိုင်းအခြားအလိုက် ကာကွယ်ဆေးများထိုးပေးခြင်း၊ တိုက်ပေးခြင်း၊ ကိုယ်အလေးချိန် ချိန်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများပေးခြင်းနှင့် မိဘများအား ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများကို မြိုင်ကြီးငူ အထူးဒေသ ကျေးလက်ကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်နန်းသဇင်က ကြီးကြပ်ဆောင်ရွက်ပေးခြင်းဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**



ကလေးငယ်တစ်ဦးအား ကာကွယ်ဆေးတိုက်နေစဉ်


**MQPSA**
Myanmar Quarry Products Suppliers Association

## မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းသုံးခဲ့ကျောက် ထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင်များအသင်းချုပ် (MQPSA)

### ဒုတိယအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေး ဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းသုံးခဲ့ကျောက် ထုတ်လုပ်ရောင်းချသူလုပ်ငန်းရှင်များအသင်း၏ ဒုတိယ အကြိမ်နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တက်ရောက် ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်နေ့ရက် - ၂၀၂၁ခုနှစ်၊ ဖေဖေါ်ဝါရီလ (၂၆)ရက် (သောကြာနေ့)
ကျင်းပမည့်အချိန် - နေ့လည် (၁၂:၃၀)နာရီ
ကျင်းပမည့်ပုံစံ - Virtual Meeting

Zoom Meeting ID နှင့် Passcode ကို ပေးပို့သွားမည်ဖြစ်ပါသဖြင့် ဆက်သွယ်ရမည့် E-mail, Phone, Viber စသည်တို့ကို (၂၄.၂.၂၀၂၁)ရက်နေ့ နောက်ဆုံးထား၍ အောက်ဖော်ပြပါ E-mail, Phone သို့ ကြိုတင်ပေးပို့ကြရန် မေတ္တာရပ်ခံအပ်ပါသည်-

E-mail : mqpsa.mm@gmail.com
Phone : 09-422200300, 09-783700700

အလုပ်အမှုဆောင်အဖွဲ့
Myanmar Quarry Products Suppliers Association


## အမည်ပြောင်း

ကျောက်တော်မြို့နယ်၊ (အထက) အပေါက်ဝ၊ နဝမတန်းအောင်မှ ဦးမောင်ငွေသိန်း၏သား မောင်ခိုင်အေးကျော် ၁၁/ကတန(နိုင်)၁၈၄၁၀၇အား မောင်ခိုင်အောင်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ခိုင်အောင်ဇော်**

## မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊သပိတ်ကျင်းမြို့နယ်၊ ရွှေစကားကျေးရွာနေ မယဉ်မွန်သန့် တတိယနှစ်(သမိုင်း)၊ မောင်ခိုင်ခန့်သူ ဒုတိယနှစ်(ပထဝီ)၊ ရတနာပုံတက္ကသိုလ်တို့၏ မိခင် ဒေါ်ဝင်း၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်ဝင်းဝင်း ၉/သပက(နိုင်)၀၀၈၃၃၆ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုမြို့၊ (၈)ရပ်ကွက်၊ ဝန်တော်အိမ်ရပ်နေ ဦးစိန်တင်၏သမီး ဒေါ်သိန်းသိန်းငွေ ၅/ရဘန(နိုင်)၁၁၀၁၂၉ နှင့် ဒေါ်ငွေငွေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်းလဲခေါ်ပါရန်

ဂန့်ဂေါခရိုင်၊ ကျောက်ထုမြို့၊ မြို့မရပ်ကွက် (၄)နေ ဦးရင်မောင် ၈/ဆမန(နိုင်)၀၃၀၄၇၃ အား ဦးသန်းဝင်း ဟုလည်းကောင်း၊ မောင်သန့်စင်ဟိန်း ၈/ဆမန(နိုင်)၀၀၅၀၉၆ အား မောင်သန့်ဇင်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

## အမည်မှန်

ပြည်မြို့၊ ခေတ္တရာဆည်မြောင်းဝင်းနေ ဒုလက်ထောက်ဦးစီးမှူး(အလုပ်ကြပ်) ဒေါ်စန်းစန်းအေး၏အမည်မှန်မှာ ဒေါ်စမ်းစမ်းအေး ၇/ပမန(နိုင်)၀၁၃၇၄၂ ဖြစ်ပါကြောင်း။
**ဒေါ်စမ်းစမ်းအေး**


**ဇီဝမျိုးစုံမျိုးကွဲတွေ**
**ကြွယ်စေဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁) ရပ်ကွက်၊ (၃၁)လမ်း၊ အထက်အမှတ် (၂၂၃)၊ (၄)ခန်းတွဲ (၆)လွှာ၊ (ညာ) အလျား (၁၂') အနံ (၅၀') ရှိ တိုက်ခန်းအား ပိုင်ဆိုင်သူ ဟာဘီအမတ်(ခ) ဦးရွှေလု (MBA-၀၈၁၀၅၃)သည် ၂၄-၁၁-၂၀၁၈ ရက်တွင် အမေရိကန်နိုင်ငံ၌ ကွယ်လွန်သွားပြီးဖြစ်ပါသည်။ ၎င်းပိုင်ဆိုင်သည့်တိုက်ခန်းနှင့်ပိုင်ဆိုင်သည့် တိုက်ခန်းနှင့်ပတ်သက်သော စာရွက်စာတမ်းများကို တစ်ဦးတည်းသာ သားနှင့်ချွေးမဖြစ်သူ မောင်အောင်စိုးမြင့်နှင့် မမြင့်မြင့်သန်းတို့အား အပြီးအပိုင်ပေးခဲ့ပြီး ဖြစ်ပါသောကြောင့် တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ မောင်အောင်စိုးမြင့် S/DGNMTT ၀၄၁၃၀၈- မမြင့်မြင့်သန်း ၁၂/ကတတ(နိုင်)၀၂၅၃၁၈တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ကိုကျော်ဇင်ဌေး ၁၂/သလန(နိုင်)၁၂၁၁၅၀ က အပြီးအပိုင် ဝယ်ယူလိုသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်စာချုပ်ကို အပြီးအပိုင် ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
**ဦးကျော်ဇင်ဌေး**
**၀၉-၆၆၄၀၆၇၇၀**
**၀၉-၇၈၆၃၈၅၂၅၁**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုအောင် (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ**
**(စဉ်-၃၅၅၀၉/၁၆-၁၂-၂၀၁၀)**
**တိုက် (၂၁)၊ ပထမထပ်၊ ဇေယျမင်္ဂလာ(၁)လမ်း**
**(၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**
**Ph:09-31066498, 09-769147794**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်-

(က) ဒလမြို့နယ်၊ ရဲချောင်းဝကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၁၂/က၊ ကွင်းအမည်-ဘောလယ်ကွေ့၊ ဦးပိုင် အမှတ် (၃/၈)၊ ပုံစံ (၇) ပါလယ်မြေဧရိယာ ၃.၁၁ဧက၄၅ကေကို ပုံစံ (၇)တွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန္တာအေး ၁၃/ကခန (နိုင်)၀၆၇၇၆၁ထံမှလည်းကောင်း၊

(ခ) ဒလမြို့နယ်၊ ခနောက်အထက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၂၀/ခ၊ ဦးပိုင်အမှတ် (၂၈/၁)၊ ပုံစံ (၇)ပါ လယ်မြေဧရိယာ ၅.၁၁ဧက၇၉ကေကို ပုံစံ (၇)တွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဦးအောင်ဆန်းထွေး ၃/သတန(နိုင်)၀၀၀၁၉၇ ထံမှလည်းကောင်း၊

(ဂ) ဒလမြို့နယ်၊ ထော်အောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ် -၁၉၈/ဗ၊ ကွင်းအမည်-မျက်ခါးချောင်ကွင်း၊ ဦးပိုင်အမှတ် (၁၁/၆)၊ ပုံစံ (၇) ပါ လယ်မြေဧရိယာ ၄ ဒသမ ၆၄ဧကကို ပုံစံ (၇)တွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဦးဘုန်း၏မြေ တော်စပ်သူ ဦးမျိုးမင်း ၁၂/တတန(နိုင်)၁၈၅၃၂၅ထံမှလည်းကောင်း၊

ဝယ်ယူရန်အတွက် လယ်မြေတန်ဖိုး၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအားပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်မေသိမ်း(ခ)မြတ်စုရည် [LL.B, M.A (Business Law)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၁၉/၂၀၁၇)**
**အမှတ် (၂/၄၆)၊ မဟာဗောဓိလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၈၆၁၀၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးမောင်သန်း၏ သမီး ကျိုင်းတုံမြို့၊ အထက(၄)တွင် တာဝန်ထမ်းဆောင်နေသော ဒေါ်ခင်ချိုချိုဦး ၁၃/တကန(နိုင်) ၁၀၅၃၈၃ နှင့် ဒေါ်ခင်ချိုဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

မင်းပြားမြို့နယ်၊ နက်ကံပြင်ကျေးရွာနေ (ဘ)ဦးမြဝေ၏ သမီး မကိုင်ကိုင်နု၏အမည်မှန်မှာ မိုင်ခင်ခင်စိုးဖြစ်ပါကြောင်း။
**မိုင်ခင်ခင်စိုး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ ၁၆၇လမ်း၊ အမှတ် (၃၂) (၆-လွှာ/B)၊ အကျယ်အဝန်း (၁၈ပေ×၆၅ပေ) ရှိတိုက်ခန်းနှင့် စွဲမြဲတပ်ဆင်ထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဦးကျော်ဇံ (၁၂/လသန (နိုင်) ၀၀၅၅၁၀) ထံမှကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နီနီဆန်းလွန်း (၄/တတန (နိုင်) ၀၃၈၈၁၅)က ဝယ်ယူရန် အရောင်းအဝယ် ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**

အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာနွယ်(၁၂/မဂဒ(နိုင်)၀၀၂၇၅) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာနွယ် သည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စွယ်တော်လမ်း၊ အမှတ်(၅/၈/၂၄၃-က)၊ ဧရိယာ(၂၀×၆၀)ပေအား ကာလပေါက်ဈေးဖြင့်ဝယ်ယူရန် ရောင်းချသူဖြစ်သည့် ဒေါ်နော်အယ်ဖေ(၁၂/မရက(နိုင်)၀၂၇၇၄၈)ထံ စရံငွေပေးချေပြီးဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင် လက်ထဲလက်ရောက်ရယူရန် ကျန်ငွေများအား ပေးချေတော့မည်ဖြစ်၍ ယခုဝယ်ယူမည့် မြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးပိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုက ကန့်ကွက်နိုင်ရန် ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သူသူအောင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၉၈၁၇)

လွှဲအပ်ညွှန်ကြားချက်အရ
ဦးယဉ်အောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၁၅)
၀၉ ၆ ၂၀၉၅၈၁၊ ၀၉၄ ၂၀၄၃ ၂၅၁

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ နန္တိကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၃၈)၊ ကွင်းအမည်(ဖျဲဆွဲကွင်း)၊ ဦးပိုင်အမှတ်(N/၁၀၁၊ N/၁၀၈)ဟုခေါ်တွင်သော ဦးသောင်းလှိုင် အမည်ပေါက်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ ၁၅မိုင် ၃ဖာလုံ လက်ယာဘက်အခြမ်း လမ်းမကြီးဘေး(မေးတင်) Gမြေအမျိုးအစား ဧရိယာ(၁ဒသမ၄၄)ဧကရှိ ခြံမြေကွက်အား စာချုပ်စာတမ်း အဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ရောင်းချပိုင်ခွင့်ရှိပါသည်ဟု မြွက်ဟဝန်ခံ၍ ရောင်းချသူ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ နဝဒေးလမ်း၊ တိုးချဲ့ရပ်ကွက်၊ အမှတ်(၁၃/၈/၁၂၀၆)နေ ဦးစိုးနိုင် ၁၂/ဥကတ(နိုင်) ၀၁၀၂၄၁(ဘ)ဦးကျင်ထွန်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်ဝင်းအောင်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ခြံမြေကွက် အရောင်းအဝယ်အား ကန့်ကွက်ရန်အကြောင်းတစ်စုံတစ်ရာရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့် တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝါဝါထွန်း**
**အထက်တန်းရှေ့နေ(စဉ်-၃၄၁၇၂)**
**အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၂၆၄၇၂၉**

## မြေငှားဂရန်သစ်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ (၁၀၅/၁၀၆)များ လျှောက်ထားထုတ်ယူခြင်း မြေငှားဂရန်သစ်လျှောက်ထားထုတ်ယူခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ကျွန်မ ဒေါ်နန်းစန္ဒာဝင်း ၁၃/ကမန(နိုင်)၀၆၆၅၈၆သည် တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ အရှေ့မြို့ပတ်လမ်း၊ အိမ် အမှတ် မ/၂၁၄၊ အကွက်အမှတ် (၅/မင်္ဂလာကွက်သစ်ရပ်)၊ ဦးပိုင်အမှတ် (၁၅၁-က)၊ ဧရိယာ ၀ဒသမ၁၀၆ဧကရှိ မြေကွက်အား ခွဲစိတ်၍ ၆-၁-၂၀၂၁ရက်တွင် နှစ်ဦးသဘောတူအရပ်ကတိစာချုပ်ဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ရှေ့မှောက်တွင် ဝယ်ယူခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်မသည် မြေငှားဂရန်သစ်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ (၁၀၅/၁၀၆)များ ထုတ်ယူခြင်း၊ မြေငှားဂရန်သစ်လျှောက်ထားထုတ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်တော့မည်ဖြစ်ပါသည်။ ထိုသို့လျှောက်ထားထုတ်ယူမှုများနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀အတွင်း တရားရုံးမှ တရားဝင်တားဝရမ်းများနှင့်အတူ အထောက်အထားပြည့်စုံစွာဖြင့် သက်ဆိုင်ရာဌာနများနှင့် ကျွန်မထံသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင် ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်နန်းစန္ဒာဝင်း
၁၃/ကမန(နိုင်)၀၆၆၅၈၆
တောင်ကြီးမြို့နယ်၊ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ အရှေ့မြို့ပတ်လမ်း၊
ဖုန်း-၀၉-၂၀၃၇၃၉၈

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ နောင်ယား(ခ)ရပ်ကွက်နေ ဒေါ်စုစုလွင် ၂/လကန(နိုင်)၀၅၁၉၀၅၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နုနုလွင် အနေဖြင့် လွန်ခဲ့သည့် ၂၀၂၀ပြည့်နှစ် ဇွန်လအတွင်း မှစ၍ ၎င်းနှင့်အတူပေါင်းသင်းနေထိုင်ခြင်းမရှိဘဲ နေအိမ်မှ ထွက်သွားပြီးနောက် ယနေ့အချိန်အထိ အဆက်အသွယ် တစ်စုံတစ်ရာ ပြုလုပ်ခြင်းမပြုသည့် ဦးသိန်းနိုင် ၈/နမန(နိုင်) ၁၁၀၀၅၁ အပေါ်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ကြောင်း၊ ထို့အပြင် ဦးသိန်းနိုင်မှ ၎င်းတစ်ဦးတည်းသဘော ဆန္ဒဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့သော ကိစ္စအဝဝတို့ကို ၎င်းနှင့်သာ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် ဦးသိန်းနိုင်နှင့်ပတ်သက်သော မည်သည့်ကိစ္စများကိုမျှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နုနုလွင်၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်နုနုလွင်**
**၂/လကန(နိုင်)၀၅၁၉၀၅**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုင်းအောင်သူလင်း(LL.B,DBL)**
**အထက်တန်းရှေ့နေ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City Condominium (A4), Type(B), အခန်း(၇၀၂)၊ အကျယ်အဝန်း (၉၀၅)စတုရန်းပေ ကွန်ဒိုအခန်းနှင့် ယင်းကွန်ဒိုအခန်းတွင် တပ်ဆင်အသုံးပြုလျက်ရှိသော ပစ္စည်းများအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိပါကြောင်း ပြောဆိုလာသည့် ဒေါ်စန္ဒာလွင် ၁၂/လမတ(နိုင်) ၀၀၂၈၆၈ နှင့် ဦးဟန်သော်ဇေ ၁၂/ကမရ(နိုင်) ၀၀၁၁၅၄တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူညှိနှိုင်း သဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သဇင်မင်း**
**(တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၁၅၅၉၅/၂၀၁၉)**
**ရုံး- အမှတ်(၂၂-အေ၊ ခြောက်လွှာ)၊ ဒေါနလမ်း၊ (၈)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## Regional Development Project for Poverty Reduction Phase II (Water Supply Sector)
## (နည်းပညာနှင့်ဘဏ္ဍာရေးအဆိုပြုလွှာများတင်သွင်းရန် နေ့ရက်ပြင်ဆင်ခြင်း)

၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ JICA ODA Loan (Agreement MY-P 17) ဖြင့် ဆောင်ရွက်မည့် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့ ရေပေးရေးလုပ်ငန်းအတွက် အဆိုပြုလွှာများတင်သွင်းရန် ၂၀-၁-၂၀၂၂ ရက်၌ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင်လည်းကောင်း ၂၀-၁-၂၀၂၂ ရက်၌ the Global New Light of Myanmar သတင်းစာတွင်လည်းကောင်း ထည့်သွင်းကြော်ငြာခဲ့သော တင်ဒါနောက်ဆုံးတင်သွင်းရမည့် နေ့ရက်အား ၂၆-၂-၂၀၂၂ ရက်အစား ၄-၃-၂၀၂၂ ရက် နံနက် ၁၀:၀၀ နာရီသို့ ပြောင်းလဲသွားမည်ဖြစ်ပါသည်။

၂။ သံဖြူဇရပ်မြို့ မြို့ရေပေးရေးတင်ဒါနှင့်ပတ်သက်၍ သိရှိလိုသည်များရှိပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ် (၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၈၆၃၃၊ ၀၆၇-၄၁၈၆၅၅၊ အီးမေးလ် drdwsp.oda@gmail.com and pl.hq@drdmyanmar. net သို့ ဆက်သွယ်၍ ရုံးချိန်အတွင်း မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ဒေါ်စန်းသော်တာထွေး ၆/ကစန(နိုင်)၁၁၉၀၁၉ နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းသက်ခိုင် ၇/ညလပ(နိုင်)၁၂၇၇၅၅ ၏ တရားဝင် လွှဲအပ်ညွှန်ကြားချက်များအရ ဒေါ်စန်းသော်တာထွေးနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူသည် ATC Myanmar Co.Ltd. ၌ အကြီးတန်းမန်နေဂျာအဖြစ် တာဝန်ယူကြီးကြပ်ဆောင်ရွက်လျက်ရှိနေသော [ATC Myanmar Co.Ltd.] မှ တည်ထောင်ဖွင့်လှစ်ထားသည့် မြိတ်မြို့နယ်ရှိ ရောဝတီဆေးဝါးကျွမ်းကျင်နှင့် ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းကျောင်းကို ၁-၉-၂၀၁၇၊ ဘုတ်ပြင်းမြို့နယ်ရှိ ရောဝတီဆေးဝါးကျွမ်းကျင်နှင့် ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းကျောင်းကို ၁-၆-၂၀၂၀ ၌ ဒေါ်စန်းသော်တာထွေးအား ကိုယ်စားလှယ်ခန့်အပ်စာဖြင့် သင်တန်းကျောင်းကိစ္စရပ်များအားလုံးကို ဦးစီးဦးဆောင်ပြုလုပ်နိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေနှင့် ကိုယ်စားလှယ် ဒေါ်စန်းသော်တာထွေးတို့အကြား သင်တန်းကျောင်းကိစ္စရပ်များကို စာရင်းရှင်းလင်းရန် လိုအပ်နေပါသည်။ သို့ဖြစ်ပါ၍ ကိုယ်စားလှယ် ဒေါ်စန်းသော်တာထွေးအနေဖြင့် သင်တန်းကျောင်းကိစ္စရပ်များကို ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ လာရောက်ဆက်သွယ်စာရင်းရှင်းလင်းပေးပါရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
**ဦးမင်းသက်ခိုင်**
**၇/ညလပ(နိုင်)၁၂၇၇၅၅**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစန္ဒီအောင် (အထက်တန်းရှေ့နေ(စဥ်-၅၀၂၀၂)**
**ရုံးခန်း-မြောက်ဒဂုံမြို့နယ်၊ မြောက်**

## အေဝမ်း စက်နှင့်စက်ကိရိယာ အရောင်းပြခန်းအပေါ် ခြွင်းချက်မရှိ တောင်းပန်ခြင်း

ကျွန်တော် ဦးတင်ဦးလှိုင် ၁၂/ဒဂတ(နိုင်)၁၃၈၁၆၇ အမှတ်(၁၃၅၁)၊ မြရတနာလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့နေသူသည် BATON ကုန်အမှတ်တံဆိပ်ပါရှိသော ဘိလပ်မြေဖျော်စက်၊ မွှေစက်၊ ကွန်ကရစ်ညှိစက် အစရှိသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို တရားဝင်မှတ်ပုံတင်ထားသည့် အေဝမ်း စက်နှင့်စက်ကိရိယာ အရောင်းပြခန်းသည် တရားဝင်မှတ်ပုံတင်ထားကြောင်းကို မသိရှိဘဲ ကုန်ပစ္စည်းထုတ်လုပ်ရောင်းချခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ ကုန်အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်သူအား ကျေနပ်အောင် တောင်းပန်ခဲ့ပြီးဖြစ်၍ နောက်နောင်တွင် အဆိုပါ BATON ကုန်အမှတ်တံဆိပ် ဘိလပ်မြေဖျော်စက်၊ မွှေစက်၊ ကွန်ကရစ်ညှိစက် အစရှိသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းမပြုကြောင်း အနူးအညွတ်ခြွင်းချက်မရှိတောင်းပန်အပ်ပါသည်။

**ဦးတင်ဦးလှိုင် ၁၂/ဒဂတ(နိုင်)၁၃၈၁၆၇**
**ဟာဂျီ ဦးလှခင်နှင့်သားများ**
**ကွန်ကရစ်ဖျော်စက်၊ Tတိုင်၊ ငြမ်းနှင့် ဆောက်လုပ်ရေးသုံး**
**သံထည်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၂၉ တိုးချဲ့၊ အမှတ်(၂)ရပ်ကွက်၊ ပြည်ထောင်စုလမ်းသွယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၄၃၂၊ အကျယ်အဝန်းဧရိယာ အလျားပေ ၆၀ x အနံပေ ၆၀ရှိ မြေကွက်မှာ ဒေါ်မြတ်မြတ်စိုး ၅/စကန(နိုင်)၁၅၇၇၉၈ အမည်ဖြင့် မြေချပါမစ်ရရှိထားသည်။ ယင်းပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆက်အစပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်သည်ဟုဆိုကာ ဦးအောင်ကျော်ထွန်း ၅/စကန(နိုင်)၀၀၀၇၈၁ က ရောင်းချလိုကြောင်း ပြောဆိုကမ်းလှမ်းသဖြင့် ၎င်း၏ကိုယ်စား ရောင်းချခွင့်ရှိသူ ဦးမင်းထက်အောင် ၅/စကန(နိုင်)၁၅၃၇၆၂ နှင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေအချို့ပေးချေ၍ စရန်စာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်အောင် LL.B, D.G.I**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၈၉၂၈)**

**ဒေါ်အိခိုင်မွန် LL.B, D.B.U**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၅၃၂)**

**အောင်ကမ္ဘာ ဥပဒေအကျိုးဆောင်**
**တရားရုံးရှေ့၊ ဥပဒေရုံးအနီး၊ ရှေ့နေများရုံးခန်း၊ ရွှေပြည်သာမြို့နယ်၊ ဖုန်း-၀၉-၄၄၃၃၂၅၄၅**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ် (ပ-၂၃၈၁၀) ဒေါ်ရင်ရင်မြ ၁၂/ကမရ(နိုင်)၀၃၁၆၄၆ (ဘ) ဦးတိုးအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးကိုကိုလှိုင် ၉/မရမ(နိုင်)၀၁၁၃၂၀ (ဘ)ဦးသန်းစိန်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၈၉/၂၃-၅-၂၀၁၇)တင်ပြ၍ ဦးသောင်းထိန်၊ ဒေါ်အေးအေးသွယ်၊ ၉/မခန(နိုင်) ၀၇၃၅၂၉၊ ၁၂/အလန(နိုင်)၀၁၁၀၀၇၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်စည်သူလင်း ၁၂/ဒပန(နိုင်)၀၅၁၆၈၇ ၏ PSCRB(လက်မှတ်) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၁၉၇၇၇၂၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကလေးမြို့၊ တောင်ဇလပ်ရပ်ကွက် (ယခင်)တိုးချဲ့မြို့ကွက်သစ်၊ ကွင်း/အကွက်အမှတ် (၈၄၆၊ စမ်းမြို့)၊ ဦးပိုင်အမှတ် (၇၄၉)၊ မြေဧရိယာ ၀ ဒသမ ၁၀၇ ဧကရှိ မြေကွက်သည် ဦးပေါ်သစ်အမည်ဖြင့် မြေငှားဂရန်စာချုပ်ရရှိထားပြီး မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူကူးယူခွင့်ပြုပေးနိုင်ပါရန် တင်ပြလာမှုအပေါ် လျှောက်ထားမြေကွက်သည် ဦးပေါ်သစ်အမည်ပေါက်ရရှိထားသော မြေကွက်ဖြစ်ပြီး အဆိုပါလျှောက်ထားလာမှုအပေါ် မည်သည့်အတွက် ဆောင်ရွက်မပေးသင့်ကြောင်း အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် တင်ပြနိုင်သူမည်သူကိုမဆို သိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်စာချုပ်(မိတ္တူ)ခွင့်ပြုမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ် (၆၈-က)၊ ထောင်ကြီးအကွက်၊ ဦးပိုင်အမှတ် (၄၁-ဖ)၊ ဧရိယာ ၀ ဒသမ ၂၅၀ ဧကရှိ ဦးသိန်းဝင်းအမည်ဖြင့် ၈-၂-၂၀၀၆ ရက်မှ ၇-၂-၂၀၄၆ ရက်အထိ နှစ်၃၀ဂရန်ရရှိထားသည့် မြေအတွင်းမှ ဧရိယာ ၀ ဒသမ ၁၂၅ ဧကအား ၂၈-၈-၂၀၁၈ ရက်တွင် ပုသိမ်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သည့်အတွက် ဦးပိုင်ခွဲစိတ်ခွင့်ပြုပါရန် ဒေါ်အေးချမ်းခြိမ့်မှ လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ယာယီရွှေ့ဆိုင်းခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ လုပ်ငန်းတာဝန်ခံအဖွဲ့များတွင် အသုံးပြုရန်အတွက် လိုအပ်သောအောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများ တင်ဒါခေါ်ယူခြင်းအတွက် ၈-၁-၂၀၂၂ နှင့် ၂၉-၁-၂၀၂၂ ရက်များတွင် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများ၌ ထည့်သွင်းကြော်ငြာခဲ့ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Thermoplastic (အဖြူ/အဝါ) | ၆၀၀ တန် |
| (ခ) | Glass Beds | ၆၀ တန် |
| (ဂ) | H.I.P Tape (အဖြူ/အပြာ) | ၄၅ လိပ် |
| (ဃ) | သစ်ခုတ်လွှ/မြက်ဖြတ်စက် | ၄၆/၇၅ လုံး |
| (င) | ထွန်စက်တွဲဆေးဖြန်းစက် | ၁ လုံး |
| (စ) | Bed Knife /Real Blade | (၈၀/၆)ခု |

၂။ ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူထားခြင်းအား ယာယီရွှေ့ဆိုင်းထားရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ကြောင်း

ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်၊ ခွေးမဲကန်ကျေးရွာနေ ဦးကျော်ဆွေ ၈/စတရ(နိုင်)၀၃၀၃၀၇၏ ဇနီး မညိုနှင့် မညိုညိုမြိုင် ၈/ဆမန(နိုင်)၀၄၅၄၂၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ် အမှတ် ၁၇၉၈၂၃ (၂၀၁၉) အရ ဦးပန်းလှအောင်၏သမီး မသန်းသန်းရီ၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၅-၂၀၀၁ ဖြစ်ပါကြောင်း။

## ငွေချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၄၀၇

ဒေါ်ရန်ဆီ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအားစိုက်) နှင့်
၁။ ဦးကျော်မျိုးထွန်း
၂။ ဒေါ်စန်းစန်းအေး
၃။ ဦးတိုးလွင်
၄။ ဒေါ်ထူးထူးခင်
၅။ ဦးအောင်ကျော်လင်း (ကွယ်လွန်သူ ဦးသန်းကျော်၏ တရားဝင်ကိုယ်စားလှယ်များ)

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် (၁၅၉/အေ)နေ (၁) တရားပြိုင် ဦးကျော်မျိုးထွန်း၊ (၂) တရားပြိုင် ဒေါ်စန်းစန်းအေး၊ (၃)တရားပြိုင် ဦးတိုးလွင်၊ (၄)ဒေါ်ထူးထူးခင်၊ (၅)ဦးအောင်ကျော်လင်း (ကွယ်လွန်သူ ဦးသန်းကျော်၏ တရားဝင်ကိုယ်စားလှယ်များ) (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက် (၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလို လျှင် အမှုမဆိုင်မီ ၇ ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်သန်းငွေး)**
**တွဲဖက်ခရိုင်တရားသူကြီး**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာဝင်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် တိုက်အမှတ် (အေ-၂)၊ အခန်းအမှတ် (၂၂၁)၊ Type (B)၊ Area(၉၀၅)Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသောအကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးသူနိုင် ၉/မနတ(နိုင်)၀၀၃၃၉၄ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇေယျာမင်း၊ ဒေါ်သင်းမြတ်မြတ်မင်း**
**၁၂/ကမတ(နိုင်)၀၁၃၇၀၅၊ ၁၂/ကမတ(နိုင်)၀၅၄၉၄၅**
**ဖုန်း- ၀၉-၄၃၀၆၃၆၅၂၊ ၀၉-၉၅၀၀၄၀၀၈၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ် FMI CITY အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၄၄၈၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ (၂၄၀၀)စတုရန်းပေရှိ ဒေါ်နီနီဇင်ဝင်း ၇/ဝမန(နိုင်)၀၀၁၇၃၉ အမည်ပေါက် နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ကိုယ်တိုင်မှ အပေါင်အနှံအရှုပ်အရှင်းကင်းရှင်း၍ ၎င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမိုးမင်းဆွေ LL.B, D.B.L** | **ဒေါ်ခင်မာနွယ် LL.B, D.B.L** | **ဒေါ်ငွေငွေဝင်း LL.B, D.I.L, WIPO (Switzerland)** |
| **(စဥ်-၁၄၄၀၄)** | **(စဥ်-၁၄၂၆၂)** | **(စဥ်-၁၃၃၁၆)** |

**တရားလွှတ်တော်ရှေ့နေများ**

**ဦးအောင်မျိုးသူ LL.B** (စဥ်-၄၆၅၄၅)
**ဒေါ်နန်းစုမြတ်နိုးထွဋ်** (စဥ်-၄၈၀၀၅)

**အထက်တန်းရှေ့နေများ**
**အမှတ် ၁၄၇(၃-လွှာ)၊ မြို့သစ်(၁)လမ်း(အောက်ဘလောက်)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၆၇၂၉၆၊ ၀၉-၄၂၀၂၂၁၁၂**

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အမက(၁၀-မူလွန်) ကျောင်းမှ တာဝန်ထမ်းဆောင်နေသော ဦးအောင်နိုင်ဦးနှင့် ဦးကျော်နိုင်ဦး ၅/ကလထ(နိုင်)၀၀၅၄၀၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ ကင်မွန်းခြံရွာ အလက စတုတ္ထတန်း(အောင်)မှ မမိုးသဇင်၏ ဖခင်အမည်မှန်မှာ ဦးစိုးစိုးလွင် ၅/ကလထ(နိုင်)၂၆၉၅၀၇ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ကလေးခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၄

ဒေါ်အွတ်ငိုဝုန် နှင့် ဦးပေါင်ခန့်ဂင့်
**(တရားလို)** **(တရားပြိုင်)**

ဦးပေါင်ခန့်ဂင့်(ဘ)ဦးကမ်ဇဂိုး၊ အရောင်းအဝယ်၊ (၉)မိုင်၊ AGဘုရားကျောင်းဝင်း၊ လှိုင်သာယာရပ်ကွက်၊ ကလေးမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အွတ်ငိုဝုန် (ဘ)ဦးထောင်ဇာဝို၊ အထက်တန်းပြဆရာမ၊ အမှတ်(၁၀၉)၊ နယ်မြေ(၄)၊ ဗန္ဓုလလမ်း၊ တောင်ဇလပ်ရပ်ကွက်၊ ကလေးမြို့နေသူက မြန်မာနိုင်ငံလင်မယားကွာရှင်းရေး အက်ဥပဒေပုဒ်မ-၁၉အရ ထိမ်းမြားမှုပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက် (၁၃၈၂ ခုနှစ် တပို့တွဲလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းအထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိ သည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းထိုက်ဦး)**
**ခရိုင်တရားသူကြီး**
**ကလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ကလေးမြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၅

ဒေါ်ဝင်းယဉ် နှင့် ဦးငြိမ်းမျိုးလတ်
**တရားလို** **တရားပြိုင်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ အောင်မြေမာန်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိတ်ဂ့ါဆန်စက်အနီး (ယခုနေရပ်လိပ်စာမသိ)နေ တရားပြိုင် ဦးငြိမ်းမျိုးလတ် သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ဝင်းယဉ်က ချေးငွေ(၁၀၀၀၀၀၀၀/-) (ကျပ်သိန်းတစ်ရာတိတိ) ရလိုကြောင်းနှင့် လျှောက် ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် မတ် ၃ ရက် (၁၃၈၂ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဖော်ဖော်ဝါရီ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သားရဲ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ကလေးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်မှ မြေဧရိယာ ၀ဒသမ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၃၀၃၄၇) ဦးသိန်းထွန်း ၁၂/စခန(နိုင်)၀၄၈၂၉၂ (ဘ) ဦးတင်မြင့် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးလင်းထိုက် ၁၂/လကန(နိုင်)၁၄၁၇၆၂ (ဘ)ဦးခင်မောင်သိန်းမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၀၆/၅-၂-၂၀၁၅) တင်ပြ၍ ဦးကျော်စိန်ဝင်း ၁၂/တမန(နိုင်)၀၁၁၉၈၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံမြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမွေစားအမွေခံအဖြစ် မွေးစားခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ မအူတောကျေးရွာအုပ်စု၊ စိမ်းသားပင်ကျေးရွာနေ (ဘ)ဦးစိုးနိုင် ၉/ပမန(နိုင်)၁၂၉၄၁၇၊ (မိ)ဒေါ်သင်းသင်းအေး ၉/ပမန(နိုင်)၁၆၇၆၅၉ တို့မှ ၁၂-၆-၂၀၁၂ရက်တွင် ဖွားမြင်ခဲ့သော သားဖြစ်သူ မောင်ညဏ်လင်းဘိုကို တစ်ရွာတည်းနေ ညီဖြစ်သူ ဦးအောင်ကျော်စိုး ၉/ပမန(နိုင်)၂၄၇၇၅၉ နှင့် ဒေါ်လင်းလင်းဦး ၉/ပမန(နိုင်)၁၆၇၆၅၇ တို့မှ အမွေစားအမွေခံသားအဖြစ် မွေးစားလိုက်ပါကြောင်း။

**ဦးအောင်ကျော်စိုး - ဒေါ်လင်းလင်းဦး**

## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်း အသိပေးပန်ကြားချက်

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်းအနေဖြင့် နှစ်စဉ်သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို နှစ်စဉ် ဇန်နဝါရီလအတွင်း အခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

သို့ရာတွင် ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပပြုလုပ်မည့် (၂၁)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၂၀ ပြည့်နှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးပြုလုပ်မည့် အချိန်ကာလသည် (COVID-19)ရောဂါပိုးကူးစက်နေသည့် အချိန်ကာလအတွင်းဖြစ်ပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စည်းကမ်းချက်များအရ အခမ်းအနားများအား လူစုလူဝေးဖြင့် ကျင်းပပြုလုပ်တော့မည်မဟုတ်ပါ။

ယခင်နှစ် ကန်တော့ခံပုဂ္ဂိုလ်များနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် အသက်(၇၅)နှစ်ပြည့်သည့် ဝန်ထမ်းဟောင်းများအနက် ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိကြသည့် ကန်တော့ခံ သက်ကြီးပုဂ္ဂိုလ်များအား အမှုဆောင်အဖွဲ့က ပူဇော်ငွေများကို ကိုယ်တိုင်သွားရောက်၍လည်းကောင်း၊ နယ်များတွင် နေထိုင်လျက်ရှိကြောင်း ကန်တော့ခံပုဂ္ဂိုလ်များအား ငွေလွှဲစနစ်တစ်ခုခုဖြင့်လည်းကောင်း လွှဲပြောင်းပေးပို့မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိမိတို့ထံ လွှဲပြောင်းပေးပို့စေလိုသည့် တယ်လီဖုန်းနံပါတ်၊ နေရပ်လိပ်စာများကိုလည်းကောင်း၊ အလှူငွေများ ပေးပို့လှူဒါန်းလိုပါကလည်းကောင်း၊ အောက်ဖော်ပြပါ အမှုဆောင်အဖွဲ့ဝင်များထံ ၁၉-၂-၂၀၂၁ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

ဦးမြင့်ရွှေ ဖုန်း-၀၉-၄၃၁၅၈၀၆၃၊ ဦးမြင့်သိန်း ဖုန်း-၀၉-၅၁၈၅၁၃၂၊

ဦးကြည်ရွှင် ဖုန်း-၀၉-၄၄၃၅၅၅၄၄၄

**အမှုဆောင်အဖွဲ့**

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ဝန်ထမ်းဟောင်းများအသင်း**






## ပြင်ဆင်ဖတ်ရှုပါရန်

၃-၂-၂၀၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၇ ပါ ဒေါ်တင်ကြည်၊ ဒေါ်တင်မိနှင့် အများသိစေရန် အသိပေးကြေညာခြင်းကြော်ငြာတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အမှတ်(၂)လမ်းမကြီး၊ ဆားတလင်းကျေးရွာ၊ ဆားတလင်းကွင်းအမှတ်-၁၀၈၂(က)၊ ဦးပိုင်အမှတ်-၂၀(၃)၊ ဧရိယာ ၀ ဒသမ ၀၃ဧကဟု သတင်းစာမှ မှားယွင်းဖော်ပြခဲ့ခြင်းဖြစ်ပါသည်။ အမှန်မှာ ဧရိယာ ၇ဒသမ ၀၃ ဧကဟု ဖြစ်ပြီး အခုအခါဟုဖော်ပြခဲ့သည့်စာသားအစား ယခုအခါဟု မူလကြေညာစဉ်ကအတိုင်း ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

### မှတ်ပုံတင်အမှန်ဖြစ်ကြောင်း

ဂန့်ဂေါရိုင်၊ ဆောမြို့နယ်၊ လောင်းရှည်ကျေးရွာမှ မသွန်းသီရိစံ၏ဖခင် ဦးသိန်းဝင်း၏ မှတ်ပုံတင်နံပါတ်အမှန်မှာ ၈/ဆမန(နိုင်)၀၅၁၀၁၉ နှင့် မိခင် ဒေါ်ခင်သူဇာလှိုင်၏ မှတ်ပုံတင်နံပါတ်အမှန်မှာ ၈/ဆမန(နိုင်)၀၄၉၀၄၆ ဖြစ်ကြောင်း။

### အမည်ပြောင်း

ကျိုင်းတုံမြို့၊ လွယ်မွေအုပ်စု၊ အမက (နောင်ဟို့င်)တွင် မူလတန်းပြတာဝန်ထမ်းဆောင်လျက်ရှိသော မမားမတ် ၁၃/ကတန(နိုင်)၁၀၁၂၉၈ အား ဒေါ်ကက်သရင်းနာဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **ဒေါ်ကက်သရင်းနာ**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ်(ပ-၂၀၃၇၃) ဒေါ်ဝင်းမာ ၁၂/ဥကတ(နိုင်)၀၀၂၇၉၄ (ဘ)ဦးမြဟန်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခင်ဆန်းရီ ၈/ဂဂန(နိုင်)၀၅၆၇၈၀ (ဘ)ဦးအောင်မြင့်မှ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၀၀/၂၉-၁-၂၀၁၉) တင်ပြ၍ ဦးမင်းချမ်းမွန် ၁၂/လမန(နိုင်)၀၀၃၉၇၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက် သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၂၇၇/ခ)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက် အဆောက်အဦရှိ မြေညီထပ် (အလျား ၁၈ ပေxအနံ ၅၅ပေ) အကျယ်အဝန်းရှိ (မျက်မြင်အခြေအနေ) တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာ ရေမော်တာတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား (929-ဆောက်လုပ်ရေး)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါတိုက်ခန်း၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်း၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်သူရ (မြောင်းမြ)** | **ဦးဇေယျာထွန်း** |
| **LL.B, A.G,T.I (EP), D.B.L, D.M.L** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)** |
| **ဒေါ်ချယ်ရီလှိုင် LL.B** | **ဦးစိုးလွင်ဦး LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)** |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၆၅၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၅၂၈၇၁၃၄**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၂.ဝိုင်.၂၊ မြေကွက်အမှတ် V Class ၁၇၄၊ ဧရိယာ ၀ ဒသမ ၀၃၀ ဧက ၊ (အလျား ၂၆ပေ xအနံ ၅၀ပေ)အကျယ်အဝန်းရှိ ဒေါ်အေးမိခင်(ခ)ဒေါ်လဲ့လဲ့ဝင်း၊ ဦးမောင်မောင်ခင်တို့အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်အတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ဒေါ်အေးမိခင်(ခ)ဒေါ်လဲ့လဲ့ဝင်းပိုင်ဆိုင်သည့် ဧရိယာ ၀ ဒသမ ၀၁၅ ဧက၊ (အလျား ၁၃ပေxအနံ ၅၀ပေ)အကျယ်အဝန်းရှိ(လမ်းမဘက်မှ မျက်နှာမူလျှင်ဝဲဘက်ခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၁)၊လှည်းတန်းလမ်း၊(၄)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော (၂)ထပ် နေအိမ်အဆောက်အအုံရှိ (လမ်းမဘက်မှ မျက်နှာမူလျှင် ဝဲဘက်ခြမ်း)(ခေါင်းရင်းဘက်ခြမ်း)၊ ပထမထပ်(ထပ်ခိုးပါ)တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ကတိပြုသူ ဒေါ်အေးမိခင်(ခ)ဒေါ်လဲ့လဲ့ဝင်း ၁၂/လမတ(နိုင်)၀၂၂၇၃၃ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်၊ တိုက်ခန်းတို့၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့် ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်၊ တိုက်ခန်းတို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်သူရ (မြောင်းမြ)** | **ဦးဇေယျာထွန်း** |
| **LL.B, A.G,T.I (EP), D.B.L, D.M.L** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)** |
| **ဒေါ်ချယ်ရီလှိုင် LL.B** | **ဦးစိုးလွင်ဦး LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)** |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၆၅၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၅၂၈၇၁၃၄**

### ဒေါ်မြမြအေး (ခ)ဒေါ်လီ ၁၂/သကတ(နိုင်)၀၇၈၃၄၂ နှင့် အများသိစေရန်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရွှေမင်းဝံရပ်ကွက်၊ (၁)လမ်း၊ ခ/၁၄၀ နေ လူဝန်းထက်ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်ဆွေဝင်း ၁၂/သကတ(နိုင်)၁၅၅၆၀၆ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

အထက်ပါကုမ္ပဏီ၏ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သူနာပြုသင်တန်းကျောင်း အရာရှိအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းတွင် (Project တာဝန်ခံအင်ဂျင်နီယာ) ဒေါ်မြမြအေး(ခ)ဒေါ်လီအား ငွေကြေးရရန် ပေးရန်ကျန်ရှိသည့်ကိစ္စနှင့်ပတ်သက်၍ ဤသတင်းစာကြော်ငြာပါရှိသည့်ရက်မှ ၁၄ ရက်အတွင်း လူဝန်းထက်ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်ဆွေဝင်းထံ လာရောက်ရန် တောင်းဆိုအပ်ပါသည်။ အကယ်၍ လူကြီးမင်းမှ လာရောက်ဖြေရှင်းခြင်းမပြုဘဲ လူဝန်းထက်ကုမ္ပဏီအား ဂုဏ်သိက္ခာကျဆင်းစေရန် ထပ်မံပြုမူဆောင်ရွက်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်မြမြအေး(ခ)ဒေါ်လီနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လူဝန်းထက်ကုမ္ပဏီ၏လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်ကေသီထွန်း** | **ဒေါ်ဆွေဆွေမြင့်** |
| **LL.B,DBL,DIL** | **LL.B,DBL,DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၄၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၈၆)** |

**အကွက်(၄၄)၊ နန်းရှေ့၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊**
**မန္တလေးမြို့၊ ဖုန်း-၀၉-၅၄၁၄၄၁၅**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၇)ရပ်ကွက်၊ အမှတ်(၆၀၆/က) ဟုခေါ်တွင်သော မြေအကျယ် (၄၀ပေx၆၀ပေ)ထဲမှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်းရှိ (၂၀ပေx၆၀ပေ)မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသည်ဟုဆိုသူ ဒေါ်ရွှေရွှေ ၁၂/လမန(နိုင်)၁၃၁၉၀၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သီတာစိုး ( LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၂၈၂/၂၀၁၉)**
**အမှတ် ၇၉၊ သံတံတားလမ်း၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၆၉၄၂၄၅၅၆၊ ၀၉-၇၈၂၀၀၇၈၂၆**

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ကျွန်မ ဒေါ်နန်းဦးခိုင် (ဘ)ဦးရွှေမြ ၁၂/မရက(နိုင်)၀၀၄၉၆၃ သည် ဦးစောကျော်စွာထွဋ် (ဘ)ဦးမျိုးမြင့် ၁၂/အစန(နိုင်)၁၆၈၅၆၈ အား ၂၀-၅-၂၀၁၉ ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၀၃၉၅/၂၀၁၉ ဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အထွေထွေကိုယ်စားလှယ်လွှဲစာကို လွှဲအပ်ခဲ့ပါသည်။ ယခုအခါ ကျွန်မလွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာနှင့်ပတ်သက်၍ ရုံးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ဦးစောကျော်စွာထွဋ်သို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၀၃၉၅/၂၀၁၉ အား ပြန်လည်ရုပ်သိမ်းကြောင်းနှင့် ထိုသို့အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းဦးခိုင်**
**၁၂/မရက(နိုင်)၀၀၄၉၆၃**
**ဖုန်း-၀၉-၅၁၉၅၁၆၁**

### အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂၀/မြိုင်သာယာ)၊ ဦးပိုင်အမှတ်(၁၃၈)၊ မြေကွက်အမှတ်(၂၀၅၇)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ (၁-က) တွင် မွန်ပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၃၁-၁၂-၁၉၉၁ ရက်စွဲပါ စာအမှတ်၊ ၅၀၀/၂-၃၁/ပ၀တ(မွန်)အရ လ/န ၃၉ သတ်မှတ်ထားသောမြေဖြစ်ပြီး မြိုင်သာယာဝန်ထမ်းအိမ်ရာဖော်ထုတ်ချထားရေး ဇဟိုကြီးကြပ်မှုကော်မတီ၏ ၅-၈-၂၀၀၅ ရက်စွဲပါ စာအမှတ်၊ ၁၀၀/၁-၁၃/မသယ(မလမ)အရ ဦးမြင့်သန်းထံမှ ဦးစံသိန်းအမည်သို့ ပြောင်းလဲချထားပေးသောမြေကွက်ဖြစ်ပြီး ဦးစံသိန်းထံမှ ဦးမိုးကျော်သူ၊ ဦးမိုးကျော်သူထံမှ ဒေါ်လေးစံပယ်သည် အောက်ခြေစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ရာ ဒေါ်လေးစံပယ်မှ တရားဝင်စာချုပ်ချုပ်ဆိုရန် ဦးမိုးကျော်သူအား တောင်းဆိုခဲ့ရာ ဦးမိုးကျော်သူမှ လက်မခံသဖြင့် မော်လမြိုင်မြို့နယ်တရားရုံးတွင် တရားမကြီးအမှုအမှတ် (၁၀၃/၂၀၂၀)ဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ ၂၈-၈-၂၀၂၀ ရက်တွင် အနိုင်ဒီကရီချမှတ်ပေးခဲ့ခြင်းအပေါ် ဇာရီမှုဖွင့်လှစ်ခဲ့ရာ ဇာရီမှုအမှတ်(၈၂/၂၀၂၀)အရ ဖွင့်လှစ်၍ တရားနိုင်များနှင့်တရားရှုံးတို့အား တရားကျင့်ထုံးအမိန့်(၂၁) နည်းဥပဒေ(၃၄)အရ မော်လမြိုင်မြို့နယ်တရားရုံးမှ အကြီးတန်းစာရေး/ဘီလစ်ဒေါ်ဝါဝါမှ မော်လမြိုင်မြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ်(၃၃၄/၂၀၂၀)ဖြင့် ဒေါ်လေးစံပယ်ထံ ရောင်းချပေးခဲ့၍ ဒေါ်လေးစံပယ်မှ နှစ်ရှည်မြေငှားဂရန် ပထမအကြိမ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နှစ်ရှည်မြေငှားဂရန်ထုတ်ပေးခြင်းကို ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ခြောက်မိုင်ကွဲခြံကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၅၉၈ª + ၆၀၀/ငန်းတေး-ခကွင်း+ကွဲခြံကုန်းကွင်း)၊ ဦးပိုင်အမှတ် (၄/C)၊ မြေဧရိယာ ၀ ဒသမ ၀၉၆ ဧကအနက် (A)အမှတ်ပြ ဧရိယာ ၀ ဒသမ ၀၉၃ ဧကရှိမြေသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ (၁-က)တွင် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ (၉-၈-၂၀၀၀)ရက်စွဲပါ စာအမှတ် ၄၀၀/၂-၃/ပယက(မွန်)အရ လ/န ၃၉ သတ်မှတ်ထားသော ရပ်ကွက်တိုးချဲ့မြေဖြစ်ပြီး မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ (၅-၆-၂၀၀၂) ရက်စွဲပါ စာအမှတ် ၃၀၀/၅-၃/ပယက(မွန်)အရ ဦးလှဒင်အမည်ဖြင့် မြေနေရာချထားပေးခဲ့ပြီး ဦးလှဒင်ထံမှ ဦးကျော်နိုင်စိုး၊ ဦးကျော်နိုင်စိုးထံမှ ဦးနိုင်နိုင်သည် အောက်ခြေစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ရာ ဦးနိုင်နိုင်မှ ဦးကျော်နိုင်စိုးအား တရားဝင်စာချုပ်ချုပ်ဆိုရန် တောင်းဆိုခဲ့ရာ ဦးကျော်နိုင်စိုးမှ လက်မခံသဖြင့် မော်လမြိုင်မြို့နယ်တရားရုံးတွင် တရားမကြီးအမှုအမှတ် (၁၂၄/၂၀၂၀)ဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ (၁၈-၉-၂၀၂၀)ရက်တွင် အနိုင်ဒီကရီချမှတ်ပေးခဲ့ခြင်းအပေါ် ဇာရီမှုဖွင့်လှစ်ခဲ့ရာ ဇာရီမှုအမှတ် (၈၄/၂၀၂၀)အရ ဖွင့်လှစ်၍ တရားနိုင်များနှင့် တရားရှုံးတို့အား တရားမကျင့်ထုံးအမိန့် (၂၁)၊ နည်းဥပဒေ(၃၄)အရ မော်လမြိုင်မြို့နယ်တရားရုံးမှ အကြီးတန်းစာရေး/ဘီလစ် ဒေါ်ဝါဝါမှ မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်အမှတ် (၃၃၇/၂၀၂၀)ဖြင့် ဦးနိုင်နိုင်ထံ ရောင်းချပေးခဲ့၍ ဦးနိုင်နိုင်မှ နှစ်ရှည်မြေငှားဂရန် ပထမအကြိမ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နှစ်ရှည်မြေငှားဂရန်ထုတ်ပေးခြင်းကို ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ပတ်စ်ပို့ ပျောက်

ကျွန်မ မချောစုဝေ ၈/မသန(နိုင်)၁၁၁၆၁၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၅၆၄၅၄၂**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်ဦးခရိုင်၊ ငါ့သရောက်မြို့၊ မြေနဲကြီးကျေးရွာ အလက(ခွဲ)ကျောင်းမှ ဆရာမ ဒေါ်မာလှိုင်(ခ)ဒေါ်အမာလှိုင် ၉/ညဥန(နိုင်)၀၁၁၉၈၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ပြင်ဆင်ဖတ်ရှုပါရန်

၃-၂-၂၀၂၁ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၁) ရဟန်းဒါယိကာမ ဒေါ်ခင်သန်းဦး (စမ်းချောင်း) အသက် ၆၃ နှစ် နာရေးကြော်ငြာတွင် လှိုင်လင်မြို့နေအစား လှိုင်ကော်မြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မြေကွက်များ ဝယ်လိုသည်**

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့ မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည်။

ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

09400940041
09260664490

## အထူးအစည်းအဝေးဖိတ်ကြားလွှာ

WM Water Company Limited (Company Registration No.: 104203507) မှ ကုမ္ပဏီ၏ မတည်ငွေရင်းလျှော့ချခြင်းနှင့် စပ်လျဉ်း၍ အစုရှယ်ယာရှင်များ၏ အတည်ပြုချက်လိုအပ်ပါသဖြင့် အထူးအစည်းအဝေး တက်ရောက်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၂၁ခုနှစ် ၊ ဖေဖေါ်ဝါရီလ ( ၈ ) ရက်
အချိန် - နံနက် ၁၁း၀၀ နာရီ
နေရာ - အမှတ် (၁၁၆)၊ သမိုင်းဘူတာရုံလမ်း၊ (၂)ရပ်ကွက်၊ မရန်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ။

## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ ဆူးကုန်းအုပ်စု၊ အောက်ချိုင်းရပ်ကွက်၊ အကွက်(၃၉၄)၊ အလျား(၇၂) ပေ၊ အနံ (၁၄)ပေ ပိုင်ဆိုင်သူ ဦးလှနိုင်သည် ၎င်းမြေပေါ်တွင် အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

ဦးလှနိုင်
၉/ကဆန(နိုင်)၁၂၂၉၁၅
ဖုန်း-၀၉-၄၄၄၀၁၅၆၆၂

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ကျိုက်အင်းကျေးရွာ၊ ကညင်ပင်ချောင်းတောင်ရပ်ကွက်၊ ဦးပိုင်အမှတ် (၁၀/၃)၊ ကွင်းအမှတ်-(၆၆၅-ဒီ)၊ ရေိယာ ၀ဒသမ၀၃မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဒေါ်ဝင့်ဝင့်နိုင် ၁၄/ပသန(နိုင်)၀၁၂၆၀၈ မှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းကြောင်းဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မာမာအောင် ၁၂/ဒပန(နိုင်)၀၀၇၉၀၄၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးမင်းမင်းသိမ့် (LL.B, D.B.L, D.I.L, D.M.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၃၇)
ဒေါ်တိုးတိုးအောင်မြင့် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၅၉၇၃)
The Solution Power Law Firm အမှတ် (၂၁)၊ မြေညီထပ်၊ (၁၃)ရပ်ကွက်၊
အုတ်ကျင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၉၅၉၂၁၉၃၂

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ကြက်ပေါင်ခြံရပ်ကွက်၊ ကွင်းအမှတ် (၂၆)၊ ဦးပိုင်အမှတ် (၁၂/၁၈-၁၃)၊ မြေရေိယာ ၀ဒသမ၁၀၉ ဧကရှိ မြေကွက်အား ဒေါ်စန္ဒာဝင်း အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက် ပိုင်ဆိုင်ခဲ့ပြီး၊ ၃၀-၇-၂၀၁၆ ရက်တွင် ဒေါ်စန္ဒာဝင်းထံမှ ဦးတင်မြင့်က နှစ်ဦးသဘောတူ နေအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးတင်မြင့် ၁၃/တကန(နိုင်)၀၈၁၁၃၃ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၂၁-၂-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၂၅၁/၂၀၂၀) ကို ၂၄-၂-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၈၀/၂၀၂၀) မှတ်ပုံတင်ပြုဆိုလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ် (၁၂/၂၈)၊ ဦးပိုင်အမှတ် ၁၀၄၊ မြေရေိယာ ၀ဒသမ၀၈၃ ဧကရှိမြေကွက်အား ဦးလန်နော် အမည်ဖြင့် (၃၀-၆-၂၀၂၀) ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ (၅-၂-၂၀၀၃)ရက်တွင် ဦးလန်နော်ထံမှ ဦးဇော်ဂျာက နှစ်ဦးသဘောတူ အိမ်ခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး၊ ဦးဇော်ဂျာ ၁/မစန(နိုင်)၀၀၃၀၇၆ အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း အသစ်ရရှိရေးအတွက် (၃၁-၃-၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၄၅၀/၂၀၂၀)ကို (၇-၄-၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင် အမှတ် (၁၆၃/၂၀၂၀) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားလာခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ် (၁၂/၂၈)၊ ဦးပိုင်အမှတ် ၁၃၀၊ မြေရေိယာ ၀ဒသမ၀၈၃ ဧကရှိမြေကွက်အား ဦးသန်းလွင်နှင့် ဦးအင်ဆန်တူးအောင် တို့ (၂)ဦးအမည်ဖြင့် (၃၀-၆-၂၀၂၀)ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ (၂၄-၆-၂၀၀၃) ရက်တွင် ဦးသန်းလွင်နှင့် ဦးအင်ဆန်တူးအောင်တို့(၂)ဦးထံမှ ဦးအလီတူးက နှစ်ဦးသဘောတူခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ (၁၆-၆-၂၀၁၃) ရက်တွင် ဦးပိုင် (၁၃၀/ခ)၊ မြေရေိယာ ၀ ဒသမ ၀၈၀ ဧကရှိ မြေကွက်အပိုင်းကို ဒေါ်ဆန်ခမ်နှင့် ဦးခွန်းအောင်တို့(၂)ဦးထံသို့ ရောင်းချခဲ့ပြီး၊ ကျန်ရှိသည့် ဦးပိုင်(၁၃၀/က)၊ မြေရေိယာ ၀ဒသမ၀၀၃ ဧကအပိုင်းကို ဦးအလီတူး ၁/မကန(နိုင်)၁၀၆၇၄၁ အမည်ဖြင့် မြေငှားဂရန်ဦးပိုင်ခွဲ၊ အမည်ပြောင်းရရှိရေးအတွက် (၇-၉-၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၅၄/၂၀၂၀)ကို (၉-၉-၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၅၇၉/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို လျှောက်ထားလာခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံး လုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ဦးပိုင်ခွဲ၊ အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ကွင်းအမှတ်(၁၂/၂-က)၊ဦးပိုင်အမှတ်(၁၂၇)၊မြေရေိယာ ၀ဒသမ၀၈၃ ဧကရှိ မြေကွက်အား ဒေါ်ရိုဝင်နာအမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး ၂၃-၂-၁၉၉၄ ရက်တွင် ဒေါ်ရိုဝင်နာထံမှ ဦးကဒန်နော်အောင်ကလည်းကောင်း၊၁၃-၁၂-၂၀၀၄ ရက်တွင် ဦးကဒန်နော်အောင်ထံမှ ဒေါ်လရှုဆိုင်းဘူကလည်းကောင်း၊ ၅-၇-၂၀၀၅ ရက်တွင် ဒေါ်လရှုဆိုင်းဘူထံမှ ဦးလခေါင်ကလည်းကောင်း၊ ၅-၇-၂၀၀၈ရက်တွင် ဦးလခေါင်ထံမှ ဦးဂွမ်ဂျာနော်ကလည်းကောင်း နှစ်ဦးသဘောတူ နေအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးဂွမ်ဂျာနော် ၁/မကန(နိုင်)၁၀၉၄၆၂ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၁၉-၈-၂၀၂၀ ရက်စွဲပါကျမ်းကျိန်လွှာအမှတ်(၉၈၄/၂၀၂၀)ကို (၂၈-၈-၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၅၁၄/၂၀၂၀) မှတ်ပုံတင်ပြုဆိုလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ် (၁၂/၂၈)၊ ဦးပိုင်အမှတ်(၁၁၄)၊ မြေရေိယာ ၀ဒသမ၀၈၃ဧကရှိ မြေကွက်ကို ဦးရှရီဂျာနော် အမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်ထိ မြေဂရန်သက်တမ်းရရှိခဲ့ပြီး ၂၈-၁၁-၁၉၉၂ ရက်တွင် ဦးရှရီဂျာနော်ထံမှ ဦးတူးဆမ်ကလည်းကောင်း၊၅-၇-၁၉၉၉ ရက်တွင် ဦးတူးဆမ်ထံမှ ဦးမဂျီနော်လောက်ကလည်းကောင်း၊ ၁၄-၅-၂၀၀၇ ရက်တွင် ဦးမဂျီနော်လောက်ထံမှ ဦးကျော်စိုးကလည်းကောင်း၊ ၃-၆-၂၀၁၄ ရက်တွင် ဦးကျော်စိုးထံမှ ဒေါ်ဂနန်ကိုင်နှင့် ဦးဆွတ်ရိန်ဂင်တို့ (၂)ဦးကလည်းကောင်း နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ဂနန်ကိုင် ၁/မကန(နိုင်)၀၄၇၀၁၂ နှင့် ဦးဆွတ်ရိန်ဂင် ၁/မကန(နိုင်)၂၁၁၆၅၂ တို့(၂)ဦးအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊ အသစ်ရရှိရေးအတွက်၄-၉-၂၀၂၀ရက်စွဲပါကျမ်းကျိန်လွှာအမှတ် (၅၀/၂၀၂၀)ကို (၉-၉-၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၅၇၂/၂၀၂၀) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆိုယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

## ပညာရေးဝန်ကြီးဌာန
## သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန
## သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာနတွင် ဆောင်ရွက်မည့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း (၅)မျိုးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူပါသည် -

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၈-၂-၂၀၂၁
**တင်ဒါလျှောက်လွှာပိတ်ရက်နှင့်အချိန်** - ၂၂-၂-၂၀၂၁ ရက် (၁၆ : ၀၀)နာရီ
**တင်ဒါပုံစံရောင်းချမည့်နေရာ** - သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာန၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၁-၆၅၂၅၄၂၊ ၀၁-၆၅၂၅၂၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်မြင့်နှင့် ဒေါ်ခင်လှဝင်း အမည်ပေါက်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၃၉/ဘီ)၊ မြေကွက်အမှတ်(၆၂၇)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဂရန်မြေအမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးစောထင်လင်း ၁၂/လသန(နိုင်)၀၂၀၆၉၆ ပိုင်ဆိုင်ပြီး အရောင်းအဝယ်နှင့်ပတ်သတ်၍ အပြီးသတ်ငွေအပြေအကျေ ပေးချေသည့်စာချုပ် ချုပ်ဆိုရာတွင် ဦးစောထင်လင်းကိုယ်တိုင်က လက်မှတ်ရေးထိုးချုပ်ဆိုရောင်းချမည်ဖြစ်ကြောင်း ဦးစောထင်လင်းနှင့်သားအမိတော်စပ်၍ မိမိမှရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်လှလှမြင့် ၁၂/ရကန(နိုင်)၀၅၆၅၄၇က ဝန်ခံကတိပြုလျက်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာ ကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရန်ပိုင်စိုး တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၉၁)
ရုံးခန်းအမှတ်(၁၃၇၇)၊ အခန်း(B)၊ ဘုရင့်နောင်လမ်း၊ (၄၀)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၆၂၉၄၉၉၇၅

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
တနိုင်းမြို့နယ်တရားရုံးတော်
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၆

ဦးမင်းဇော်လတ် နှင့် ၁။ ဒေါ်စန်းစန်းငြိမ်း
၂။ ဦးဖိုးချစ်

တရားလို တရားပြိုင်များ

တနိုင်းမြို့၊ ဆင်မ်ဆာ့ရပ်ကွက်နေ တရားပြိုင် (၁)ဒေါ်စန်းစန်းငြိမ်း၊ (၂)ဦးဖိုးချစ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်တရားလို ဦးမင်းဇော်လတ်က နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိပျက်ကွက်မှုကြောင့် ပေးအပ်ထားသည့် အိမ်ခြံမြေရောင်းကြေးငွေ (၆၉) သိန်းကျပ်အား နစ်နာကြေးကျပ်(၃၁)သိန်းနှင့်တကွ ကျပ်သိန်း (၁၀၀) ပေးလျော်စေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် (၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

(ငြိမ်းချမ်းအောင်)
မြို့နယ်တရားသူကြီး
တနိုင်းမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၁ နှင့်၅)
မြင်းခြံခရိုင်တရားရုံးတော်၌
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၆၂

၁။ ဦးတင်ကို(ခ)ဦးတင်ခို နှင့် ၁။ ဦးစိုးလွင်
၂။ ဒေါ်တင်တင်ကြည်(ခ)တင်တင်ထွေး ၂။ ဒေါ်မြမြလွင်(ခ)မဖြူ

တရားလိုများ တရားပြိုင်များ

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ နယ်မြေ (၁၆)နေ ဦးစိုးလွင်(ဘ)ဦးတင်ကိုနှင့် မြင်းခြံမြို့၊ အမှတ် (၉)ရပ်ကွက်၊ နယ်မြေ (၄)နေ ဒေါ်မြမြလွင်(ခ)မဖြူ(ဘ)ဦးလှအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင်ကို(ခ)ဦးတင်ခိုပါ-၂က (၇-၃-၂၀၁၉)ရက်စွဲပါ ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ ခုနှစ် မတ် ၄ ရက် (၁၃၈၂ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မြ)
ခရိုင်တရားသူကြီး
မြင်းခြံခရိုင်တရားရုံး

## ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးခရိုင်တရားရုံး
၂၀၂၀ ပြည့်နှစ်၊ တရားမဇာရီမှုအမှတ်-၅၃

အောင်ပင်လယ်လယ်ယာနှင့်အထွေထွေ ရောင်းဝယ်ရေးငွေစုငွေချေးသမဝါယမ အသင်းလီမိတက် (၎င်း၏ကိုယ်စား မန်နေဂျာ-ဒေါ်သူသူဝင်း) နှင့် ဦးနိုင်မင်းဇော်

**ဒီကရီအနိုင်ရသူ တရားရှုံး**

မန္တလေးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၄၅၇/၂၀၁၉ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀၂၁ ခုနှစ် မတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (ဆဆ-၅)၊ ဦးပိုင်အမှတ် (၃၆)၊ (၃၀x၄၀) ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေးကျပ်သိန်း(၆၅၀)**
**(ကျပ်သိန်းခြောက်ရာ့ငါးဆယ်တိတိ)**
**လေလံတင်ရောင်းချမည့်စည်းကမ်းများ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(ကျော်စိုးခိုင်)
ဒုတိယခရိုင်တရားသူကြီး(၇)
မန္တလေးခရိုင်တရားရုံး

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ) ရပ်ကွက်၊ ရော (၂) လမ်း၊ အမှတ် (၅၀၁) နေ ဒေါ်ကြည်ကြည်နိုင် ၁၄/မအပ(နိုင်)၁၄၂၀၂၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅) ရပ်ကွက်၊ သာလွန်လမ်း၊ အမှတ် (၄၀၃) ဟုခေါ်တွင်သော ဦးတင်နွယ်ပါမစ်အမည်ပေါက်၊ (အလျား ၂၀ ပေ x အနံ ၆၀ပေ) မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်၊ ရေ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံရောင်းချသူ ဒေါ်ယုယုတင် ၁၂/မရက(နိုင်)၁၄၅၄၅၇ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြည်ကြည်နိုင်က စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ဒေါ်ကြည်ကြည်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအာကာဝင့်ဇော် (LL.B)၊ စဉ်-၁၆၁၆၉
ဒေါ်အိရွှေစင်(LL.B, D.B.L) စဉ်-၁၆၁၇၀
တရားလွှတ်တော်ရှေ့နေများ
အမှတ် (၇၂၂)၊ ခေမာသီလမ်းမကြီး၊ (က) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၄၉၇၅၉၃၊ ၀၉-၂၅၄၄၄၅၉၉၆

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ မြေကွက်အမှတ်(၈၂/က)၊ မြေပေအကျယ် အလျား ၆၀ ပေ၊ အနံ ၂၀ ပေ၊ ဖေယျာလမ်းမပေါ်ရှိ နှစ်(၆၀)ဂရန်မြေကွက်အား အမည်ပေါက် ဒေါ်မြခင် ၁၂/ဥကတ(နိုင်)၀၈၂၅၈၈ သည် ၂၆-၄-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် တူမ(၂)ယောက်ဖြစ်သူ ဒေါ်မိုးမိုးလွင် ၁၂/ဥကတ(နိုင်)၀၃၆၃၇၉ နှင့် ဒေါ်ဖြိုးအိအိ ၁၂/ဥကတ(နိုင်)၁၄၇၄၅၈ မှ လက်ဝယ်ထားရှိ ပိုင်ဆိုင်လျက် ယင်းခြံမြေကွက်နှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ခိုင်နှင်းအိဇင် ၁၂/သဃက(နိုင်)၁၆၅၃၉၇
အမှတ်-၄၆၂၊ ဖေယျာ(၁၄)လမ်း၊ ၁၀ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်
ဖုန်း-၀၉-၅၀၄၂၁၃၄၊ ၀၉-၂၅၆၂၂၂၀၂၂

## ဗိုလ်မှူးကြီး စိုးဝင်းမြင့်(ငြိမ်း)
### ရဲမှူးချုပ်(ငြိမ်း)
### ကြည်း-၁၂၈၁၃၊ OTS-(၄၇)
### B.Sc Zoology
### အသက် (၇၂)နှစ်

စစ်ကိုင်းမြို့နေ (ဦးပေါရှန်-ဒေါ်ဒေါ်ထွေး)တို့၏မြေး၊ (ဦးအုန်းကျော်-ဒေါ်ခင်သန်းသန်း)တို့၏သားလတ်၊ ပျဉ်းမနားမြို့နေ (ဦးနိုး-ဒေါ်တင်ညွန့်)တို့၏သားသမက်၊ ဦးကျော်ဟန်မြင့်-ဒေါ်လေးလေးမြင့်တို့၏ (ညီ/မောင်)၊ ဦးစိုးအောင်နိုင်-ဒေါ်ဝင်းဝင်းသိန်းတို့၏ အစ်ကို၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာ (၂)၊ အမှတ် (၁၀)နေ ဒေါ်မြမြဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးညဏ်လင်းစိုး [ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ]-ဒေါ်ခိုင်ကြည်ဦး၊ ဦးအောင်မင်းခန့် [ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန]-ဒေါ်ယုဇနကျော်၊ ဗိုလ်ကြီး ဇင်နိုင်စိုး-ဒေါ်ဖြူစံပယ်သင်းတို့၏ချစ်လှစွာသော ဖခင်၊ မောင်သန့်ထူးညဏ်၊ မောင်တည်ခန့်အောင်တို့၏အဘိုးသည် ၃-၂-၂၀၂၂ရက် ၄:၁၅နာရီတွင် အမှတ် (၂)၊ တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၂၂ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် တပ်မတော်စစ်သင်္ချိုင်း၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးကြီး စိုးဝင်းမြင့်(ငြိမ်း)(ရဲမှူးချုပ်-ငြိမ်း)
### ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၇)

စစ်ကိုင်းမြို့နေ (ဦးအုန်းကျော်-ဒေါ်ခင်ခင်သန်း)တို့၏သားလတ်၊ ပျဉ်းမနားမြို့နေ(ဦးနိုး-ဒေါ်တင်ညွန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်အိမ်ရာနေ ဒေါ်မြမြဝင်း၏ခင်ပွန်း၊ ဦးညဏ်လင်းစိုး-ဒေါ်ခိုင်ကြည်ဦး၊ ဦးအောင်မင်းခန့်-ဒေါ်ယုဇနကျော်၊ ဗိုလ်ကြီးဇင်နိုင်စိုး-ဒေါ်ဖြူစပါယ်သင်းတို့၏ဖခင်၊ မောင်သန့်ထူးညဏ်၊ မောင်တည်ခန့်အောင်တို့၏အဘိုးသည် ၃-၂-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၁၅နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ ရန်ကုန်၌ (၇၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။ ၅-၂-၂၀၂၂ရက်တွင် မင်္ဂလာဒုံ စစ်သင်္ချိုင်း၌ သဂြိုဟ်မည်ဖြစ်ပါသည်။

**ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၄၇) သူငယ်ချင်းများ**

---

### ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
### ဒေါ်သန်းစိန်
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၂၀၅)နေ (ဦးတင်စိန်-ဒေါ်အေးလှ)တို့၏သမီး၊ (ဦးဝင်း) ၏ဇနီး၊ ဦးကျော်လှိုင်-ဒေါ်ကြည်ဝင်းတို့၏အစ်မ၊ ဦးသောင်း-ဒေါ်စိုးစိုးဝင်း၊ ဦးခိုင်ဝင်း၊ ဦးမျိုးဝင်း-ဒေါ်ဖြူဝင်းကြည်တို့၏မိခင်၊ မဥမ္မာကျော်၊ မဝေမာကျော်တို့၏ကြီးတော်၊ ကိုအောင်ပြည့်ဖြိုး-မဇင်ဇင်သော်၊ ကိုအောင်မျိုးဝင်း၊ မသန္တာမျိုးဝင်း၊ မောင်ဟိန်းဇင်သောင်း၊ မြစ် တစ်ယောက်တို့၏အဘွားသည် ၃-၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ပင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်တင်တင်ရီ(ခ)ကွာစန်ရင်း
### အသက် (၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးချစ်ဆွေ-ဒေါ်သန်းရီ)တို့၏သမီးကြီး၊ လက်ပံတန်းမြို့နယ်နေ (ဦးကြူဝမ်-ဒေါ်ဖွားရင်)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် (၁၈)နေ (ဦးတင်ရှိန်)၏ ချစ်လှစွာသောဇနီး၊ ဦးထွန်းထွန်းလင်း-ဒေါ်စုလှဲ့၊ ဦးမျိုးအောင်-ဒေါ်ဇွန်ဝေဝေနိုင် (Doreen)၊ ဒေါ်သန္တာရှိန် (CPW Co.,Ltd)တို့၏ချစ်လှစွာသောမိခင်၊ မအေးငြိမ်းကြည်၊ မမြတ်သာဇာ၊ Jaiden Wu၊ Ryan Wu တို့၏အဘွားသည် ၁၉-၁-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ဝေဘာဂီအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သန်းသန်းညွန့်(Sally)
### ပါဠိသုတေသနဌာန၊ ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အမှတ်(၄၈/A-2)နေ (ဦးကြည်ညွန့်-ဒေါ်ခင်ရီ)တို့၏သမီး၊ (ဦးတင်မြင့်- ဒေါ်ခင်တုတ်)တို့၏သမီးချွေးမ၊ ဦးငွေဝင်း၏ဇနီး၊ ဦးကျော်ဇင်ဝင်း(ခ)မင်းမင်း-ဒေါ်သဥ္ဇာမြင့်တို့၏မိခင်၊ ဦးစန်းထွေးအုန်း-ဒေါ်ငွေငွေရီ၊ (ဦးအေးထွန်း)-ဒေါ်နွယ်နီ၊ ဦးဇော်ဝင်း-ဒေါ်ဆာရီဒွန်း၊ (ဦးတင်မောင်ဝင်း)-ဒေါ်တင်တင်နွယ်၊ ဦးဇာနည်ဦး-ဒေါ်ဥမ္မာတို့၏အစ်မ၊ တူ၊ တူမ၁၇ယောက်တို့၏ကြီးကြီး၊ ပြည့်ဝန်းဝတီ(ခ)ခေတ်ခေတ်၏အဘွားသည် ၂-၂-၂၀၂၂ရက် (အင်္ဂါနေ့) ည ၉နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ အမှတ်(၁၁၉၇)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၄-၂-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### မသက်ဆိုင်တော့ပါကြောင်း

ကျွန်တော်၏ဇနီး မနိုင်နိုင်ဝေ ၁၂/ရပသ(နိုင်)၀၅၃၂၇၅ သည် ၂-၁-၂၀၂၂ ရက်တွင် နေအိမ်မှ မိမိသဘောဆန္ဒအလျောက် ဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်ဝင်း**
**၅/စကန(နိုင်)၁၅၀၆၉၈**

---

### ဦးလှရွှေ[(စီမံဌာနမှူး-ငြိမ်း)-မြစ်ကြီးနားပညာရေးကောလိပ်]
### အသက် (၈၃)နှစ်

ဗန်းမော်မြို့၊ ညောင်ပင်ရပ်၊ တောင်ပိုင်း (ဦးမောင်-ဒေါ်အုန်းစိန်)တို့၏သား၊ (ဦးရှိန်-ဒေါ်အုန်းကြည်)တို့၏သားသမက်၊ ဒေါ်မီမီရွှေ(ထ/စ)-ဦးသန်းစိုး၊ ဒေါ်စန္ဒာရွှေ (လေ့ကျင့်ရေးကျောင်း)-ဦးစိုးနိုင်ဦး၊ (ဦးမင်းနိုင်ရွှေ)တို့၏ဖခင်၊ မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်၊ အမှတ် (၁၉၆)နေ ဒေါ်ခင်မြင့် (လ/ထ-ငြိမ်း၊ ကထိက) မြစ်ကြီးနားပညာရေးကောလိပ်၏ခင်ပွန်း၊ မြေး ခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂-၂-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် မြစ်ကြီးနားမြို့ ရာဒါကောင်း(ဘီ)သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၂၂ရက် နံနက် ၁၀နာရီမှ မွန်းလွဲ ၁နာရီအထိ မြစ်ကြီးနားမြို့နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
### ဦးသိန်းဝင်း
### ဒုညွှန်ကြားရေးမှူး၊ ဆည်မြောင်း
### အသင်းဝင်အမှတ် (၂၆၁၁)
### အသက် (၇၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြို့ပွားရေးရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၂၅၇(B)နေ (ဒေါ်ခင်သန်းမူ) ၏ခင်ပွန်းသည် ၂-၂-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

---

### ဦးသောင်းဝင်း ဒါရိုက်တာ (K သောင်း)
### ရုပ်ရှင်၊ Video
### အသက် (၅၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ အမှတ် (၄၄၇)၊ သရဖီ (၆)လမ်းနေ ဒေါ်နန်းမာလာ၏ခင်ပွန်း၊ မဖြူနှင်းထက်၏ ဖခင်၊ ဒေါ်သီတာ၏မောင်၊ ဦးအောင်လင်း၊ ဒေါ်မြတ်မြတ်အောင်တို့၏ ညီ/မောင်၊ ဦးစိုးမြတ်-ဒေါ်အေးအေးမာတို့၏အစ်ကို၊ ဦးအောင်စိုးမင်း၊ မသော်သော်စိုးတို့၏အစ်ကို၊ (ဦးတင်အောင်)၊ ဒေါ်ခင်ညို၏သားသည် ၂-၂-၂၀၂၂ရက် (အင်္ဂါနေ့) ည ၇:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေး ရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၂ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးအောင်သူ(ငြိမ်း)
### OTS အပတ်စဉ် (၁၀၄)
### ဝင်းဂုဏ်ရောင်ဆောက်လုပ်ရေးကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင်
### အသက် (၅၁)နှစ်

ဦးမြတ်သူ (ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန)-ဒေါ်ခင်ယုံတို့၏ညီ ဗိုလ်ကြီးအောင်သူ(ငြိမ်း)သည် ၃၁-၁-၂၀၂၂ ရက် ၂၁:၅၅နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ**
**ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန**

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မီမီယဉ်(ခ)ဒေါ်ရှုခွန်း
### (မော်လမြိုင်)
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ်(၃၊ ပထမထပ်)နေ (ဦးဘွန်ဆိုင်)-ဒေါ်စောမေတို့၏ သမီး၊ ဒေါ်သီသီလွင်(သတ္တဗေဒ၊ ပါမောက္ခ-ငြိမ်း)၊ ဒေါက်တာဦးအောင်ကြည်(လ/ထညွှန်မှူး-ငြိမ်း)-ဒေါ်ငွေငွေလှိုင်(ညွှန်မှူး၊ သူနာပြု)၊ ဦးမျိုးထက်(စက်/မှူ သတ္တု-ငြိမ်း)-ဒေါ်မေရည်မွန်(အထက-၅၊ မြောက်ဒဂုံ)တို့၏ညီမ၊ ဒေါက်တာထွန်းခင်(သမားတော်-ငြိမ်း)၊ ဒေါက် တာဦးကြီးလှိုင်(ခွဲစိတ်-ငြိမ်း)တို့၏အစ်မသည် ၃၀-၁-၂၀၂၂ရက် (စနေနေ့) မွန်းလွဲ ၁၂:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးကြီးစိုးဝင်းမြင့်(ငြိမ်း)၊ B.Sc(Zoology)
### OTS-အပတ်စဉ်(၄၇)
### အသက်(၇၂)နှစ်

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းခန့်၏ဖခင်သည် ၃-၂-၂၀၂၂ရက် နံနက် ၄: ၁၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**SSE ဌာနခွဲ**

---

## သစ်တော နှင့် သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက် ကိုစိုး

---

## အထူးကျေးဇူးတင်ရှိခြင်း

ကွယ်လွန်သူ ဒေါ်ဥမ္မာစိုးအောင် နာမကျန်းဖြစ်နေစဉ်ကာလအတွင်း စေတနာ၊ မေတ္တာအပြည့်ဖြင့် စောင့်ရှောက်ကုသပေးခဲ့သော စင်ကာပူနိုင်ငံ Mt Elizbeth Novena Specialist Center မှ Dr. Patricia Kho, Senior Consultant, Medical Oncology ၊ ရန်ကုန်မြို့ ဝိတိုရိယဆေးရုံမှ အုပ်ချုပ်ရေးအဖွဲ့၊ ဆရာဝန်များ၊ သူနာပြုများနှင့်ဝန်ထမ်းများ၊ သမားတော်ကြီး ပါမောက္ခဒေါက်တာ ဒေါ်ရီရီနိုင်၊ ဒေါက်တာတေဇာချမ်းမင်း၊ ဈာပနဆိုင်ရာဝတ်ပြုဆုတောင်းအစီအစဉ်များ ဦးဆောင်စီစဉ်ပေးခဲ့သည့် ဦးနောအောက်မေ့ဖွယ်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သိက္ခာတော်ရဆရာဦးတိုးတိုးနှင့် အသင်းတော်မှ တာဝန်ရှိသူများ၊ ဧကောဒသမတေဇဂုဏ်ရည်ဓမ္မာရုံ၌ ရက်လည်ဆွမ်းသွတ်အစီအစဉ်ကို စီစဉ်ဆောင်ရွက်ပေးကြသော တေဇ (၁၁)မှ သူငယ်ချင်းများ၊ သတင်းစာများတွင် ဝမ်းနည်းကြောင်းထည့်သွင်း၍ မေတ္တာပြခဲ့ကြသူများ၊ တယ်လီဖုန်း၊ အွန်လိုင်းတို့မှ ဝမ်းနည်းကြောင်းနှင့် အားပေးစကားပြောကြားပေးခဲ့ကြသူ မိတ်ဆွေများ၊ နာရေးသို့ တက်ရောက်ပေးကြသူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့ကြသူများ၊ နာရေးအစီအစဉ်တွင် ကူညီဆောင်ရွက်ပေးကြသူများ၊ အဘက်ဘက်မှကူညီပေးကြသည့် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံးကို ကျန်ရစ်သူမိသားစုက ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**သွေးသည် အသက် သင့်သွေးဖြင့် အသက်ကယ်ပါ**

# ငွေကြေးဆိုင်ရာ ကောလာဟလများနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၃

ငွေကြေးဆိုင်ရာ ကောလာဟလများ၊ ဘဏ်များပိတ်သိမ်းမည်ဆိုသည့် သတင်းမှားများနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်၌ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများပေါ်မူတည်၍ ကျပ် ၅၀၀၀/- တန်၊ ကျပ် ၁၀၀၀၀/- တန် ရုပ်သိမ်းမည်ဆိုပြီး၊ ကောလာဟလများနှင့် ဘဏ်များ ပိတ်သိမ်းမည်ဆိုသည့် သတင်းမှားများ ထွက်ပေါ်လျက်ရှိသည်ကို ကြားသိရပါကြောင်း၊ အဆိုပါ ကောလာဟလသတင်းများကြောင့် ပြည်သူအချို့ စိုးရိမ်ပူပန်ပြီး ဘဏ်များတွင် ငွေများထုတ်ယူနေသည်ကို ကြားသိနေရပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး ဘဏ်များအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ ခိုင်မာစွာ ဝန်ဆောင်မှုပေးလျက်ရှိကြပါကြောင်း။

ပြည်သူများအနေဖြင့် ငွေကြေးနှင့်ဘဏ်လုပ်ငန်းဆောင်ရွက်မှုများအပေါ် စိုးရိမ်မှုများမရှိဘဲ ယုံကြည်စိတ်ချစွာဖြင့် ဆက်လက်သုံးစွဲနိုင်ပါကြောင်းနှင့် ဘဏ်ဝန်ဆောင်မှုများ ပုံမှန်ဆောင်ရွက်ရန် ဘဏ်များသို့လည်း ညွှန်ကြားပြီးဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်ဟု ဖော်ပြထားသည်။

သတင်းစဉ်

## ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၂၆၆ ဦး တွေ့ရှိ

စာ » ၁၂

## ကိုဗစ်-၁၉ ကြောင့် ဩစတြေးလျ တက္ကသိုလ်က အလုပ်အကိုင် ၁၇၀၀၀ ကျော် လျှော့ချ

စာ » ၁၃

## COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆၃ ဦး တွေ့ရှိ

(၃-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ » ၁၅

# ရှာင်မြို့နယ်တွင် နှစ်ရှည်ပင်အဖြစ် စိုက်ပျိုးထားသော ယုံဖွေကွမ်းသီးခြံ အနားယူအပန်းဖြေနိုင်သည့် ခရီးသွားနေရာတစ်ခုဖြစ်လာ

ရှာင် ဖေဖော်ဝါရီ ၃

**ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာင်မြို့နယ်တွင် နှစ်ရှည်ပဒေသာပင် စိုက်ပျိုးထားသော ယုံဖွေကွမ်းသီးခြံမှာ အနားယူအပန်းဖြေနိုင်သည့် ခရီးသွားနေရာတစ်ခုဖြစ်လာကြောင်း သိရသည်။ တောင်ပေါ်ဒေသဖြစ်သော်လည်း ရေဖွေသဖွယ်ရှိသော ရေထွက်ပေါက်မှ ရေများထွက်ရှိကာ အဆိုပါနေရာကို အကြောင်းပြု၍ ရေဖွေမှတစ်ဆင့် ယုံဖွေဟု ခေါ်တွင်လာကြောင်း ဒေသခံများထံမှ သိရသည်။**

သက်တမ်းအားဖြင့် နှစ်ပေါင်း ၈၀ ခန့်ရှိသည့် အပင်ကြီးများနှင့်အတူ သက်တမ်းငယ် အပင်ပျိုများဖြင့် တစ်ဝန်းတည်း တည်ရှိကာ ရေတံခွန်စိမ့်စမ်းများဖြင့် သာယာလှပသော နေရာတစ်ခုဖြစ်သည်။ ယုံဖွေကွမ်းသီးခြံသည် ဘိုးစဉ်ဘောင်ဆက်မှစ၍ မိသားစုအဆက်ဆက် လုပ်ကိုင်လာကြသည့် ဥယျာဉ်ခြံကြီးဖြစ်ပြီး စီးပွားဖြစ်လုပ်ကိုင်ကြသည်။

တပင်ပျော်နှင့် ငှက်သောက်ကျေးရွာသည် ရှမ်းတိုင်းရင်းသားများ နေထိုင်ကြပြီး အိမ်ခြေ ၁၆၀ ခန့် ရှိသည်။ ကျေးရွာအတွင်း ကွမ်းသီးပင်မရှိသူများနှင့် လာရောက်လည်ပတ်သည့် ခရီးသွားများကို ကြွေကျသီးများကောက်ယူ ပေးထားခြင်းတို့ကြောင့် အပင်နှင့် အသီးများအား ဖျက်ဆီးခိုးယူခြင်းများ မရှိဘဲ နှစ်ရှည်စိုက်ပျိုးထိန်းသိမ်းလာနိုင်ခဲ့ကာ ပဒေသာပင်အဖြစ် သတ်မှတ်ထားကြသည်။ ထူးခြားသည်မှာ ဧက ၅၀၀ ခန့် ကျယ်ဝန်းသော ကွမ်းသီးခြံကြီးမှာ သူ့အပိုင်၊ ကိုယ့်အပိုင်အဖြစ် ခြံစည်းရိုး

စာမျက်နှာ ၄ ကော်လံ ၁ ●



အပန်းဖြေနေရာတစ်ခုဖြစ်လာသော ရှာင်မြို့နယ်ရှိ ယုံဖွေကွမ်းသီးခြံတစ်နေရာ။

# မန်ယူတို့ အိုးထရက်ဖို့ဒ်ကွင်း၌ ဆောက်သမ်တန်ကို ဂိုးပြတ်နိုင်



အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၂၂) ကို ဖေဖော်ဝါရီ ၂ ရက် အင်္ဂါနေ့ညတွင် ယှဉ်ပြိုင်ကစားခဲ့ရာ အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် မန်ယူနှင့် ဆောက်သမ်တန်ပွဲတွင် ကိုးဂိုး-ဂိုးမရှိဖြင့် မန်ယူအသင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် မန်ယူအသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ကာဗာနီကို အထောင်တိုက်စစ်တွင် အသုံးပြုခဲ့ပြီး တောင်ပံနှစ်ဖက်တွင် ဂရင်းဝုဒ်နှင့် ရက်ရှ်ဖို့ဒ်၊ နောက်ချန် တိုက်စစ်တွင် ဘရူနိုဖာနန်ဒက်စ်၊ ကွင်းလယ်အဖျက်တွင် တိုမီနေးနှင့် ဖရက်ဒ်တို့ ပွဲထွက်ခဲ့သည်။ ဧည့်သည် ဆောက်သမ်တန်သည် ၄-၄-၂ ကစားကွက်ဖြင့်

စာမျက်နှာ ၁၁ ကော်လံ ၄ ❖

## ပရီမီယာလိဂ် ပွဲစဉ်(၂၂) မှ စပါးနှင့် ချယ်ဆီးအသင်းတို့၏ ရလဒ်က ဘယ်လိုဖြစ်လာမလဲ

ပရီမီယာလိဂ် ပွဲစဉ် (၂၂) မှ အကောင်းဆုံးပွဲစဉ်အဖြစ် နည်းပြမော်ရင်ဟို၏ စပါးအသင်းနှင့် နည်းပြသစ် တူချယ်၏ ချယ်ဆီးအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၂ နာရီခွဲတွင် စပါးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ စပါးအသင်းသည် ပရီမီယာလိဂ် ပွဲ ၂၀ တွင် ရမှတ် ၃၃ မှတ်ရရှိထားသလို ချယ်ဆီးအသင်းကလည်း ၂၁ ပွဲတွင် ၃၃ မှတ်ရရှိထားသည်။ စပါးအသင်းနှင့် ချယ်ဆီးအသင်းတို့၏ ပရီမီယာလိဂ်ရဂိုး စွမ်းဆောင်ရည်ပိုင်းအရ စပါးအသင်းက ၃၄ ဂိုးရရှိထားပြီး ချယ်ဆီးအသင်းက ၃၅ ဂိုး ရရှိထားသည့်အတွက် ခြေရည်တူနှစ်သင်းဆုံတွေ့နေသောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိနေသည်။

စပါးအသင်းသည် ရက်ဖီးလ်၊ ဝိုင်ကမ်ဘီအသင်းတို့ကို နှစ်ပွဲဆက် အနိုင်ရရှိထားသော်လည်း နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် လီဗာပူး၊ ဘရိုက်တန်အသင်းတို့ပွဲစဉ်တွင် နှစ်ပွဲဆက်ရှုံးနိမ့်ထားသည့်အသင်းဖြစ်သည်။ ထို့ကြောင့် မော်ရင်ဟိုအနေဖြင့် ယခုပွဲစဉ်၌ သုံးပွဲဆက်ရှုံးပွဲနှင့် မကြုံတွေ့စေရန်အတွက်

စာမျက်နှာ ၁၁ ကော်လံ ၄ ❒